# တအာင်း

## အမျိုးသားနိုင်ငံရေး
## သမိုင်းမှတ်တမ်းများ

ဖက်ဒရယ်ဂျာနယ်မြန်မာမှ ထုတ်ဝေသည်။

၂၀၂၄ ခုနှစ်

# တအာင်းအမျိုးသားနိုင်ငံရေးသမိုင်းမှတ်တမ်းများ

ပြုစုသူ - မိနန်ဒီ၊ ရွှေဖီမြေအယ်ဒီတာအဖွဲ့

ဖက်ဒရယ်ဂျာနယ်မြန်မာမှ ထုတ်ဝေသည်။

၂၀၂၄

**Writer**

Mi Non Di and Editorial Team - Shwe Phee Myay

**Publication**

2024

Federal Journal-Myanmar

Cherry Foundation

**Contact**

Cherry Foundation/Federal Journal-Myanmar

Ph: +66629109029

Ph: +95943094087

Email: Federaljournalnews@gmail.com

**Journal of Federalism-Myanmar**

The publication of the Journal of Federalism is designed to be a platform for various stakeholders, particularly those who cannot access mainstream media to express inspired future federal democratic state-building. The content of the Journal is intended to promote and protect the rights of the people in Burma.

You can visit here-

https://www.federaljournalmm.org

https://www.facebook.com/fjmm2012

# ဖက်ဒရယ်ဂျာနယ် - မြန်မာ၏ မူဝါဒ

၁။ ဖက်ဒရယ်ဂျာနယ် - မြန်မာသည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် အထောက်အကူပြုရန်။

၂။ တိုင်းရင်းသားလူမျိုးစုတန်းတူညီမျှရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များရရှိရေး ဆောင် ရွက်ရန်။

၃။ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အထောက်အကူပြုရန်။

၄။ တိုင်းရင်းသားလူမျိုးစုဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖော်ထုတ်ရန်။

၅။ တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးအသိအမြင် မြင့်မားလာစေရန်နှင့် စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်။

၆။ အနာဂတ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးအခန်းကဏ္ဍတွင် တိုင်းရင်းသား လူမျိုးစုများ၏ပါဝင်မှု မြင့်တင်လာနိုင်ရန်။

၇။ တိုင်းရင်းသားလူမျိုးစုများ၏ ခံယူချက်များ၊ အယူအဆများကို ပြည်သူလူထု တစ်ရပ်လုံး သိမြင်စေရန်။

# မာတိကာ

**အတိုကောက်စကားလုံးများ** ၁
**တအာင်းအမျိုးသား နေ့ထူးနေ့မြတ်များ** ၄
**အမှာစာ** ၅
**အမှာစာ** ၇
**ကျေးဇူးတင်လွှာ** ၉
**အခန်း (၁)**
**တအာင်းလူမျိုးသမိုင်းအစ** ၁၁
၁.၁။ တအာင်းအမျိုးသားလူထုဆင်းသက်လာရာသမိုင်းအစ ၁၁
၁.၂။ လူဦးရေနှင့် လူမျိုးများ ၁၃
၁.၃။ တအာင်းဒေသအုပ်ချုပ်ရေး သန္ဓေတည်ခြင်း ၁၅
၁.၄။ တအာင်းအမျိုးသားလူထု၏ စာပေနှင့် ယဉ်ကျေးမှု ၁၈
၁.၅။ တအာင်းအမျိုးသားလူထု၏ ကိုးကွယ်ယုံကြည်မှု ၂၂
**အခန်း (၂)**
**ကိုလိုနီခေတ် တအာင်းနိုင်ငံရေးသမိုင်း** ၂၃
**အခန်း (၃)** ၂၅
**လွတ်လပ်ရေးရပြီးနောက်ပိုင်း တအာင်းနိုင်ငံရေးလှုပ်ရှားမှု**
၃.၁။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တအာင်းနိုင်ငံရေး ၂၅
၃.၂။ ပုလောင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်တည်ထောင်ခြင်း ၂၇
**အခန်း (၄)**
**တအာင်းတော်လှန်ရေး ထွက်ပေါ်လာခြင်း** ၂၉
၄.၁။ တအာင်းတော်လှန်ရေးသမိုင်းစတင်ခြင်း ၂၉

၄.၂။ ရှမ်းမူ (သို့မဟုတ်) တိုင်းရင်းသားညီလာခံ ၃၃
၄.၃။ ပလောင်အမျိုးသားတပ်ဦး (PNF) တည်ထောင်ခြင်း ၃၆
၄.၄။ ကချင်နှင့် တအာင်းလူမျိုးတို့၏ ထာဝရမဟာမိတ်စာချုပ် ၂၈
၄.၅။ နွယ်တော်စစ်ဆင်ရေး ၄၀
၄.၆။ ကြောင်နက်မုန့်တိုင်း စစ်ဆင်ရေး ၄၀
၄.၇။ ပလောင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း ၄၂
၄.၈။ ကချင်နှင့် တအာင်းအကြား ထာဝရမဟာမိတ်စာချုပ် ထပ်မံချုပ်ဆိုခြင်း ၄၄
၄.၉။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ နှင့် ဥက္ကဋ္ဌသစ် ဗိုလ်မှူးသန်းဝင်း ၄၉
၄.၁၀။ ငေါ့ဆဝိတ် စာချုပ် ၅၃
၄.၁၁။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့နှင့် ဥက္ကဋ္ဌ တားအုန်းခိုင် ၅၆
၄.၁၂။ KIO မှ အစောင့်ရှောက်နယ်မြေကို ပြန်လည်လက်ခံရယူခြင်း ၅၉
၄.၁၃။ PSLO နှင့် SSPP တို့အကြား သဘောတူညီချက်ချုပ်ဆိုခြင်း ၆၂
၄.၁၄။ တပ်ပေါင်းစုတွင် ပါဝင်ခြင်း ၆၃
၄.၁၅။ ငေါ့ဆဝိတ်စာချုပ်အရ ယာယီအပ်နှံထားသော နယ်မြေများ ပြန်လည်လွှဲအပ်ခြင်း ၇၅
**အခန်း (၅)**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) မွေးဖွားလာခြင်း** ၇၉
၅.၁။ တအာင်းအမျိုးသားတော်လှန်ရေးနှင့် အပစ်ရပ်ခြင်း ၇၉

၅.၂။ PSLF တပ်ဦး စတင်သန္ဓေတည်ခြင်း ၈၅
၅.၃။ PSLF တပ်ဦး၏ ပထမအကြိမ် ညီလာခံ ၈၈
၅.၄။ ပထမအကြိမ် တအာင်းညီလာခံ ၉၀
**အခန်း(၆)**
PSLF/TNLA **မွေးဖွားလာခြင်း** ၉၂
၆.၁။ TNLA စတင်ဖွဲ့စည်းခြင်း ၉၂
၆.၂။ UNFC ဖွဲ့စည်းခြင်း ၉၄
၆.၃။ မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ၉၅
၆.၄။ တအာင်းအမျိုးသားပါတီ - TNP ဖွဲ့စည်းခြင်း ၉၆
၆.၅။ တအာင်းလက်နက်ကိုင်တော်လှန်ရေး တဖန်ပြန်အသက်ဝင်လာခြင်း ၉၈
၆.၆။ TNLA နှင့် မြန်မာအစိုးရအကြားတွေ့ဆုံဆွေးနွေးမှုများ ၉၉
**အခန်း (၇)**
**နွေဦးတော်လှန်ရေးနှင့်** ၁၅၀
**တအာင်းအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ**
၇.၁။ TPCC ဖွဲ့စည်းခြင်း ၁၅၀
၇.၂။ ၂၀၂၁ ခုနှစ်နောက်ပိုင်း PSLF/ TNLA ဖွဲ့စည်းမှုနှင့် လှုပ်ရှားမှုများ ၁၅၅
၇.၃။ သက်တမ်း (၆၀) နှစ်ပြည့်လာပြီဖြစ်သည့် ၁၇၆
တအာင်းတော်လှန်ရေးခရီး
ဝေါဟာရဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၁၇၉
ရည်ညွှန်းအကိုးအကား ၁၈၂

# အတိုကောက်စကားလုံးများ

| | | |
|---|---|---|
| ULA/AA | - | ရက္ခိုင့်အမျိုးသား/ရက္ခိုင့်တပ်တော် |
| ABSDF | - | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| AFPFL | - | ဖက်ဆစ်တော်လှန်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် |
| BC | - | ခရစ်တော်မပေါ်မီ |
| BIA | - | ဗမာ့လွတ်လပ်ရေးတပ်မတော် |
| BSPP | - | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ |
| CBO | - | ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| CPB | - | ဗမာပြည်ကွန်မြူနစ်ပါတီ |
| CRPP | - | ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ |
| CRPH | - | ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ |
| CSO | - | အရပ်ဖက်လူမှုအဖွဲ့အစည်း |
| DAB | - | မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် |
| EAO | - | တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း |
| FPNCC | - | ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ |
| IDP | - | ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများ |
| INGO | - | အစိုးရမဟုတ်သည့် နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်း |
| KIO/KIA | - | ကချင်ပြည်လွတ်လပ်ရေးအဖွဲ့အစည်း/ ကချင်လွတ်လပ်ရေးတပ်မတော် |
| KMT | - | ကူမင်တန် |
| KNP | - | ကယန်းအမျိုးသားပါတီ |

| | | |
|---|---|---|
| KNPLF | - | ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး |
| KNPP | - | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| LDU | - | လားဟူဒီမိုကရက်တစ်အစည်းအရုံး |
| MNDAA | - | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| MPC | - | မြန်မာငြိမ်းချမ်းရေးစင်တာ |
| NBF | - | ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း |
| NCA | - | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် |
| NCCT | - | နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့ |
| NCGUB | - | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ |
| NCUB | - | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ |
| NDAA | - | အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (မိုင်းလား) |
| NDF | - | အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု |
| NDUF | - | အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) |
| NGO | - | အစိုးရမဟုတ်သောအရပ်ဖက်အဖွဲ့အစည်း |
| NLD | - | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUCC | - | အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ |
| NUG | - | အမျိုးသားညီညွတ်ရေးအစိုးရ |
| NMSP | - | မွန်ပြည်သစ်ပါတီ |
| PNF | - | ပလောင်အမျိုးသားတပ်ဦး |
| PSLA | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် |
| PSLF | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| PSLO | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့အစည်း |

| | | |
|---|---|---|
| SLORC | - | နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးကောင်စီ(နဝတ) |
| SNPLO | - | ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလတ) |
| SPDC | - | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ) |
| SSA/RCSS | - | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SSA/SSPP | - | ရှမ်းပြည်တိုးတက်ရေးပါတီ |
| TNLA | - | တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် |
| TPCC | - | တအာင်းနိုင်ငံရေးအတိုင်ပင်ခံကောင်စီ |
| UKSY | - | ကရင်နီပြည် လူငယ်များသမဂ္ဂ |
| UNA | - | စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် |
| UNFC | - | စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ |
| UNLD | - | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် |
| USDA | - | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း |
| USDP | - | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| UWSA | - | ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် |
| WNO | - | ဝအမျိုးသားအစည်းအရုံး |
| ဖဆပလ | - | ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် |
| မဆလ | - | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ |
| လညတ | - | လူမျိုးစုများ ညီညွတ်ရေးတပ်ဦး |
| လပဒတ | - | လူမျိုးပေါင်းစုံပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု |

# တအာင်းအမျိုးသား နေ့ထူးနေ့မြတ်များ

ဇန်နဝါရီ ၁၂ ရက် - တအာင်းအမျိုးသား တော်လှန်ရေးနေ့။

ဇူလိုင် ၃၁ ရက် - တအာင်းလူငယ်ခေါင်းဆောင် မိုင်းအိုက်ပန်း ကျဆုံးသည့်နေ့။

ဩဂုတ် ၃၀ ရက် - တအာင်းစာပေနေ့။

ဒီဇင်ဘာလ - တအာင်းနှစ်သစ်ကူးနေ့။

(ပုံသေသတ်မှတ်ရက် မရှိဘဲ နှစ်စဉ် ဒီဇင်ဘာလတွင်

နှစ်သစ်ကူးပွဲတော်အား ကျင်းပလေ့ရှိသည်)

# အမှာစာ

မမျှော်လင့်ပဲ ရွှေဖီမြေသတင်းဌာန၏ အယ်ဒီတာ မိုင်းရှူကော မှတဆင့် ဖက်ဒရယ်ဂျာနယ်မြန်မာက ထုတ်ဝေမည့် တအာင်းအမျိုးသားနိုင်ငံရေးသမိုင်းမှတ်တမ်း များ စာအုပ်အတွက် အမှာစာရေးပေးပါဆို၍ ကျေကျေနပ်နပ် ရေးပေးလိုက်ရပါသည်။ တအာင်းလူမျိုးအကြောင်းပဲဖြစ်ဖြစ်၊ တအာင်းတော်လှန်ရေးသမိုင်းကြောင်းပဲဖြစ်ဖြစ်၊ တအာင်းလူမျိုးနှင့်ဆက်စပ်သောအကြောင်းအရာပဲဖြစ်ဖြစ် ရေးသားသည့် စာအုပ်စာတမ်း အလွန်ပင်နည်းပါး လှပါသည်။ ယခုကဲ့သို့ ဖက်ဒရယ်ဂျာနယ်မြန်မာမှ တာဝန်ယူထုတ်ဝေ သော တအာင်းအမျိုးသားနိုင်ငံရေးသမိုင်းမှတ်တမ်းများစာအုပ်ကို ရေးသားထုတ်ဝေ နိုင်သည့်အတွက် ကျွန်တော်တအာင်းအမျိုးသားတစ်ဦးအနေနှင့် ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုပါသည်။

စာအုပ်ထဲတွင် တအာင်းလူမျိုး၏ ဆင်းသက်ပုံမှ ယနေ့ ပျံ့နှံ့နေထိုင်ပုံအဆုံး အကျဉ်းချုံးရေးသားတင်ပြထားသည့်အပြင် တအာင်းလူမျိုး၏ တော်လှန်ရေးသမိုင်းကို လည်း ခြုံငုံတင်ပြထားပါသည်။ အဓိက စာတမ်းပြုစုသူတို့က PSLF/TNLA တပ်မတော်၏ ဦးဆောင်မှုအောက်တွင် တအာင်းလူမျိုးတို့၏ အရှိန်အဟုန်ဖြင့် တိုးတက်နေသည့် စစ်ရေး၊ နိုင်ငံရေးအကြောင်းကို မီးမောင်းထိုးပြခြင်း ဖြစ်မည်ဟု ယူဆရပါသည်။

၂၀၀၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တစ်ကျော့ပြန် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) ၏ ဦးဆောင်မှုဖြင့် တအာင်းလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ကြီးသည် တရိပ်ရိပ်တိုးတက်အားကောင်းလာပြီး နောက်ဆုံးတွင် ညီနောင်မဟာမိတ်နှင့်အတူ ၁၀၂၇ စစ်ဆင်ရေးအတွင်း မြို့ ၇ မြို့ သိမ်းပိုက်ထိန်းချုပ် နိုင်သည်အထိ အင်အားတောင့်တင်းခိုင်မာလာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ တွင် တအာင်းအမျိုးသားတစ်ခုလုံး၏ ယုံကြည်အားကိုးရသော အင်အားကြီး တော်လှန်ရေးတပ်ဖွဲ့တစ်ခု ဖြစ်သည့် စစ်အစိုးရနှင့် တရားဝင်ငြိမ်းချမ်းရေးယူထားသော

PSLO/PSLA လက်နက်ကိုင် အဖွဲ့အစည်းကို စစ်အာဏာရှင်အစိုးရက အင်အားသုံးပြီး အတင်းအဓမ္မလက်နက်ချခိုင်းကာ တအာင်းအမျိုးသားနိုင်ငံရေးကို ရိုက်ချိုးဖျက်ဆီး ခံခဲ့ရသည်။ လွန်ခဲ့သော ၁၉ နှစ်ကျော်ခန့်က ရိုက်ချိုးဖျက်ဆီးခံရသော တအာင်းအမျိုးသား ၏ စစ်ရေး၊ နိုင်ငံရေး အခြေအနေသည် ယနေ့မျက်မှောက်ခေတ် တအာင်းအမျိုးသားတို့၏ စစ်ရေး နိုင်ငံရေး အခြေအနေနှင့် လုံးဝမတူပဲ မိုးနှင့် မြေကဲ့သို့ ပြောင်းလဲသွားပါပြီ။

ဤစာအုပ်ထဲတွင် တအာင်းအမျိုးသားနိုင်ငံရေး၏ ရှည်လျားသော လမ်းခရီး အတွင်း၌ အတိုးအဆုတ်၊ အတက်အကျ တွေ့မြင်ရမည်ဖြစ်ပြီး ဖြတ်သန်းလာခဲ့သော အမျိုးသားရေး၊ စစ်ရေး၊ နိုင်ငံရေး စသည်တို့အပေါ် အနာဂတ်အတွက် သင်ခန်းစာကောင်း အချို့ကို ပေးဆောင်နိုင်မည်ဖြစ်၍ တအာင်းလူထုတို့ ဖတ်သင့်သော စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး တားဂျုတ်ဂျား

ဒုတိယ ဥက္ကဋ္ဌ (၁)

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)

၇.၅.၂၀၂၄။

# အမှာစာ

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖက်ဒရယ်ဂျာနယ် မြန်မာ- FJMM က စာအုပ်အတွက်ဟုဆိုကာ ဆက်သွယ်လာသည်။ မည်သည့်စာအုပ်ဖြစ်ကြောင်း ပြန်လည်မေးမြန်းရာ တအာင်းလူမျိုးအကြောင်းဟု ဆိုသည်။ စာအုပ်ထုတ်ရန်အတွက် တအာင်းနှင့်ပတ်သက်သော အချက်အလက်များ လိုအပ်သောကြောင့် ကူညီပေးရန် ပြောဆိုခဲ့ရာ မိမိသည်လည်း ကူညီပေးနိုင်သည်များကို ကူညီပေးမည်ဟု ပြောဆိုခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလမှ ဧပြီလအထိ လိုင်းပေါ်မှတဆင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

FJMM သည် တအာင်းနှင့် သက်ဆိုင်သော စာအုပ်ကိုသာ ထုတ်ဝေခြင်းမဟုတ်ပေ။ ယခုထုတ်မည့် တအာင်းစာအုပ်မတိုင်ခင် ချင်း၊ မွန်၊ ကရင်နီ တိုင်းရင်းသားနှင့်သက်ဆိုင်သော စာအုပ်ကို ထုတ်ဝေဖြန့်ချီခဲ့ပြီး ဖြစ်သည်။ ထိုစာအုပ်များကို လေ့လာဖတ်ရှုရာတွင် ယခင်က မသိသေးသည့် ချင်း၊ မွန်၊ ကရင်နီလူမျိုးစုတို့၏ ဆင်းသက်လာပုံ၊ သမိုင်းကြောင်း၊ တော်လှန်ရေး လှုပ်ရှားမှု၊ စာပေနှင့် ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းအကြောင်းကို သိရှိခဲ့ရသည်။

ထိုသို့သောအကြောင်းအရာအပြင် လက်ရှိကာလတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံရေးအခင်းအကျင်းတွင်လည်း ချင်း၊ မွန်နှင့် ကရင်နီလူမျိုးတို့ မည်သို့ရပ်တည်နေကြောင်း ဖတ်ရှုလေ့လာခွင့် ရစေခဲ့သည်။

ယခုတစ်ကြိမ် ထုတ်ဝေမည့် တအာင်းလူမျိုးနှင့် သက်ဆိုင်သော စာအုပ်ထဲတွင်လည်း တအာင်းသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအပါအဝင် စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေး၊ နိုင်ငံရေးအစုအဖွဲ့၊ တအာင်းအဖွဲ့အစည်း၊ ၁၀၂၇ စစ်ဆင်ရေးအတွင်း ပြောင်းလဲသွားသည့် နိုင်ငံရေးအခင်းအကျင်း စသည့်အကြောင်းအရာများကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

သမိုင်းသုတေသီနှင့် အခြားသော သမိုင်းကြောင်း သိရှိသူတို့ ရေးသားထားသော အချက်အလက်၊ အကြောင်းအရာအပြင် မြေပြင်အခြေအနေနှင့် သက်ဆိုင်ရာအစုအဖွဲ့များ၏အချက်အလက်ကို အခြေခံကာရှာဖွေစုစည်း၍ ပေါင်းစပ်ရေးသားထားသောကြောင့်

ပြီးပြည့်စုံသည့်စာအုပ်တစ်အုပ်ဟု မဆိုနိုင်သော်လည်း အချက်အလက်အများစု ပါဝင်သည့် စာအုပ်ဟု သတ်မှတ်နိုင်သည်။

မိမိသည်လည်း မှတ်တမ်းတင်ထားမိသလောက် အချက်အလက်တချို့ကို ထည့်သွင်းရေးသားထားသည်။ ဖက်ဒရယ်ဂျာနယ်မြန်မာက ထုတ်ဝေမည့် တအာင်းလူမျိုးနှင့် သက်ဆိုင်သောသမိုင်းကြောင်းစာအုပ်ထဲ ယခုလို အမှာစာ ထည့်သွင်းရေးသားခွင့်ရသည့်အတွက် ဝမ်းသာမိပါသည်။ ယခုစာအုပ်သည် ဖတ်ရှုသူအဖို့ အကျိုးရှိမည့် စာအုပ်တစ်အုပ် ဖြစ်စေနိုင်ကြောင်း...။

မိုင်းရှုကော (မန်တုံ)

၁ ရက် မေလ ၂၀၂၄ ခုနှစ်။

# ကျေးဇူးတင်လွှာ

တအာင်းလူမျိုးတို့၏ နိုင်ငံရေးဖြတ်သန်းမှု သမိုင်းသည် အလွန်ရှည်လျားသလို လေးစားဂုဏ်ယူဖွယ်ရာ ကောင်းလှသည်။ တအာင်းလူမျိုးတို့၏ ဆင်းသက်လာပုံသမိုင်းကြောင်း၊ စာပေနှင့်ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် တော်လှန်ရေးခရီးသည် ရှည်လျားပြီး ခက်ခဲကြမ်းတမ်းလှသည်။ သို့သော် ခရီးကြမ်းကို လျှောက်လှမ်းခဲ့ရသော တအာင်းလူမျိုးတို့သည် ပင်ပန်းဆင်းရဲမှုကို မညည်းညူဘဲ လက်ရှိအချိန်အထိ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်၊ တအာင်းပြည်နယ်ရရှိရေးအတွက် စစ်ရေး၊ နိုင်ငံရေးနည်းနာများနှင့် တိုက်ပွဲဝင်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်လာပြီ ဖြစ်သည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ကြီး မငြိမ်းသတ်နိုင်သေးသလို၊ စစ်အာဏာသိမ်းမှုများကိုလည်း အဖန်ဖန်ကြုံနေရဆဲ ဖြစ်သည်။ ပြည်တွင်းစစ်နှင့် စစ်အာဏာသိမ်းမှု ဖြစ်စဉ်သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောဖြစ်သောကြောင့် ပြည်တွင်းစစ်နှင့် စစ်အာဏာရှင်စနစ် အမြစ်ပြတ်တွန်းလှန်နိုင်ရေးသည် တပြိုင်နက်တည်း ဖြေရှင်းရမည့် ပဋိပက္ခများ ဖြစ်သည်။

မြန်မာ့နိုင်ငံရေးပဋိပက္ခကို ချုပ်ငြိမ်းစေဖို့အတွက် အမျိုးသားတန်းတူရေး ရရှိရန် အလွန်အရေးကြီးသည်။ ထိုနည်းတူ အမျိုးသားလူထုသတ်မှတ်ချက်နှင့် အမျိုးသားလူထုသစ်များ၊ ပြည်နယ်သစ်များ ဖြစ်ထွန်းလာသည့်အပေါ်တွင် အတင်းအကျပ် ဖိနှိပ်မှုများ မပြုလုပ်ဘဲ၊ အသိအမှတ်ပြုလက်ခံနိုင်ရန်လည်း အလွန်အရေးကြီးသည်။ တအာင်းအမျိုးသားလူထုသည် မြန်မာ့မြေအတွင်း အစောဆုံး အခြေချနေထိုင်ခဲ့ကြသည့် လူမျိုးများထဲတွင် ပါဝင်ခဲ့သော်လည်း လက်ရှိအချိန်အထိ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် မရရှိသလို၊ လိုလားသည့် တအာင်းပြည်နယ်အိပ်မက်ကိုလည်း အကောင်အထည်မဖော်နိုင်သေးပေ။ ခါးသီးလှသည့်နိုင်ငံရေးပဋိပက္ခကြားတွင် တအာင်းတော်လှန်ရေးသည် လက်ရှိအချိန်တွင် အထွန်းတောက်ဆုံးကာလကို ရောက်ရှိလာပြီ ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလသည် တအာင်းတမျိုးသားလုံး၏ ခရီးရှည်ကြီး၏ အိမ်အပြန်လမ်းကို ရောက်ရှိတော့မည့် အာရုံတက်ချိန်လည်း ဖြစ်ပေသည်။

တအာင်းအမျိုးသားနိုင်ငံရေးသမိုင်းမှတ်တမ်းများ စာအုပ်သည် မြန်မာပြည်၏ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေပါကြောင်း မျှော်လင့်သလို၊ တအာင်းပြည်သူလူထုအတွက်လည်း အကျိုးပြုနိုင်မည့် စာတမ်းတစ်ခု ဖြစ်စေဖို့ မျှော်ရည်ပါသည်။

ဤစာအုပ်ကို ဖြစ်မြောက်အောင် အတူတကွကြိုးပမ်းခဲ့ကြသည့် ဖက်ဒရယ်ဂျာနယ်-မြန်မာ၏ ဝိုင်းတော်သားများနှင့် မိတ်ဖက်မီဒီယာဖြစ်သည့် ရွှေဖီမြေမှ အယ်ဒီတာအဖွဲ့ကို များစွာကျေးဇူးတင်ရှိပါသည်။ ထို့ပြင် PSLF/ TNLA မှ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး တားဂျုတ်ဂျား နှင့် အထွေထွေအတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး တားပန်လကိုလည်းကောင်း၊ PSLF/ TNLA ၏ ရုံးအဖွဲ့မှ မောင်နှမအားလုံးကို လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အယ်ဒီတာအဖွဲ့

ဖက်ဒရယ်ဂျာနယ်-မြန်မာ

# အခန်း (၁)

# တအာင်းလူမျိုးသမိုင်းအစ

## ၁.၁။ တအာင်းအမျိုးသားလူထုဆင်းသက်လာရာသမိုင်းအစ

တအာင်းအမျိုးသားလူထုသည် ဘာသာစကားအားဖြင့် Austroasiatic (ဩစတြေးလျအေရှ ရှိအေစီယားတစ်) အမျိုးအစားတွင် ပါဝင်သည့်အတွက် မွန်-ခမာအနွယ်နှင့် နီးစပ်မှု ရှိသည်ဟု ယူဆရသည်။ ရွှေ့ပြောင်းမှုလှိုင်းသီအိုရီအရ မြန်မာနိုင်ငံအတွင်းသို့ မြောက် ဘက်မှ ဝင်ရောက်လာသည့် မွန်-ခမာ၊ တိဗက်-ဗမာ၊ ထိုင်း-တရုတ် ရွှေ့ပြောင်းမှု သုံးခု ရှိသည်ဟု ယူဆကြပြီး ခမာတို့၏ ရွှေ့ပြောင်းမှုလှိုင်းနှင့်အတူ တအာင်းလူမျိုးစုအနွယ် များသည်လည်း ဝင်ရောက်လာသည်ဟု မှတ်ယူနိုင်သည်။

Austroasiatic ဘာသာစကားအုပ်စုကို ပုံစံခွဲမှု အမျိုးမျိုး ပေါ်ထွက်လာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် အဆိုပြုသော Sidwell ၏ အမျိုးအစားခွဲခြားမှုအရ အရှေ့၊ မြောက်၊ တောင် နှင့် မွန် ဟု လေးမျိုးဖြစ်ရာ ခါဆီ-ပလောင် စကားအုပ်စုကို မြောက်ပိုင်း အမျိုး အစားတွင် ထည့်သွင်းသည်။ ဘာသာစကားအရ ဗီယက်နမ်၊ ခမာ၊ မွန်၊ ဝ၊ ပလောင်၊ မုဏ္ဍာ၊ ဆန်သာလ်၊ ခါဆီ စသော လူမျိုးတို့သည် ညီအစ်ကိုမောင်နှမ အုပ်စုများ ဖြစ်ကြပါသည်။ ဘီစီ ၆၀၀ ခန့်ကပင် တည်ရှိခဲ့သည်ဟု အဆိုပြုကြသည် လည်း ရှိသည်။

တအာင်းလူမျိုးတို့၏ မူလဇစ်မြစ်ကို ရှေးဟောင်းသမိုင်း တူးဖော်မှုများနှင့်တကွ အတိအကျ မတွေ့ရှိရသော်လည်း ယူနန်နှင့် မြန်မာအကြားတွင် ဖြစ်သည်ဟု ယုံကြည်ရ သည်။ သမိုင်းပညာရှင်များအကြားတွင် မူကွဲများလည်း တွေ့ရသည်။ ၁၉၁၁ ခုနှစ် ကိုလိုနီဗြိတိသျှအစိုးရမှ ကောက်ခံထားသော သန်းခေါင်စာရင်းအရ မွန်-ခမာအနွယ်တို့၏ အလယ်အာရှမှ အင်ဒိုချိုင်းနားကျွန်းဆွယ်ဘက်သို့ ဝင်ရောက်လာမှုသည် အစောဆုံး ရွှေ့ပြောင်းမှုလှိုင်း ဖြစ်ကြောင်း ဆိုသည်။ တောင်ဘက်စူးစူးသို့ ရွှေ့ပြောင်းသည့်လှိုင်း ဖြစ်ပြီး မြန်မာနိုင်ငံသို့ အနည်းငယ်ပျံ့နှံ့သည်။ တအာင်းလူမျိုးစုတို့ မြန်မာနိုင်ငံအတွင်း

မည်သည့်အချိန်က ဝင်ရောက်လာသည်ကို ရေးသားကြရာတွင် ကွဲပြားမှု အမျိုးမျိုးရှိကြသည်။ တအာင်းလူမျိုးတို့၏ သမိုင်းကြောင်းမှာ ကွဲပြားစုံလင်ပြီး သုတေသနပြုလေ့လာရန် အများအပြား ကျန်ရှိပါသေးသည်။

ယနေ့ တရုတ်ပြည်တွင် တအာင်းလူမျိုးတို့ ကျန်ရှိနေသေးသည်ကို ထောက်ချင့်ပြီး ယန်စီမြစ်နှင့် ဟိုအန်ဟိုမြစ်တို့ မြစ်ဖျားခံရာ ကုန်းမြင့်ဒေသမှသည် ရွှေ့ပြောင်းလာသည်ဟုလည်း မှန်းဆကြသည်။ မြန်မာနိုင်ငံအတွင်း ယခုနေထိုင်အရပ်ဒေသများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးကုတ်ကျောက်တွင်းဒေသ၊ မိုးမိတ်နယ် ရွှေလီမြစ်ကမ်းတလျှောက်ဖြစ်သော ကိုးတောင်ဒေသ၊ တောင်ပိုင်နယ် နမ့်ဆန် (Taung Peng)၊ သီပေါနယ်၊ လားရှိုးနှင့် သိန္နီနယ် တောင်ပိုင်း၊ ရှမ်းပြည်တောင်ပိုင်း၊ ရှမ်းပြည်အရှေ့ပိုင်း၊ ကွမ်းလုံခရိုင်၊ ကိုးကန့်နယ်များတွင် ပျံ့နှံ့စွာ နေထိုင်ကြသည်။ မြန်မာ့လွတ်လပ်ရေး ရရှိသည့်နှစ်များအထိ ကချင်ပြည်နယ် မြစ်ကြီးနား နယ်ဆဒုံး-ဆမားဒေသ၊ ဗန်းမော်နယ် ဂေါ်ရီစသည့် နေရာဒေသတို့တွင် နေထိုင်ခဲ့ကြသည်။

"ပလောင်" ဟူသော ဝေါဟာရမှာ မြန်မာအခေါ်အဝေါ် ဖြစ်သည်။ ရှေးကျောက်စာများတွင် 'ပေါက်လောင်' ဟူ၍ ရေးထိုးထားသည်။ ပုဂံခေတ်ကလည်း မြန်မာတို့နှင့် ဆက်ဆံကြောင်း ကျောက်စာများတွင် ဖော်ပြထားသည်။ ပလောင်လူမျိုးနွယ်များအားလုံးသည် မိမိတို့ကိုယ်ကို 'တအာင်း' (Ta-ang) ဟူ၍ ခေါ်ကြသည်။ ပုဂံခေတ်တွင် "ပေါက်လောင်" ဟူ၍လည်းကောင်း၊ "ပေါင်လောင်" ဟူ၍လည်းကောင်း ရေးသည်ဟုဆိုသည်။ ပုဂံခေတ်တွင် (ပေါင်လောင်) ပလောင်တို့မှာ ဧရာဝတီမြစ်ဝှမ်းရှိ မြေပြန့်များတွင် နေထိုင်ကြကြောင်း ကျောက်စာများတို့တွင် တွေ့ရ၏။ မင်းဘူး (၆) ခရိုင်ဒေသသည် ဝ၊ ပလောင်ဒေသဟူ၍ ဆိုလေရာ မင်းဘူး၊ စကုနေရာဒေသများတို့တွင်လည်းကောင်း၊ ချင်းတွင်းမြစ်ညာဒေသ ခန္တီအရပ်ဒေသများတွင်လည်းကောင်း၊ ပေါင်လောင်လူမျိုးတို့တည်ခဲ့သော ဆည်ရေမြောင်းများနှင့် ဆည်ရေသောက် လယ်များစွာရှိကြောင်းလည်း ဆိုသည်။

အချို့မြန်မာစာပေတို့က ပလောင်ဟူသည် ပျူလူမျိုးမှ ဆင်းသက်သွားသည် ဟု ရေးကြသည်လည်း ရှိသေးသည်။ သို့ရာတွင် ဘာသာစကား အုပ်စုကို ထောက်ချင့်၍ မဟုတ်နိုင်ဟုလည်း သုံးသပ်နိုင်သည်။ “ပလောင်တောတိုး ယောလူမျိုး” ဟု ဆိုကြသည် လည်းရှိရာ ပလောင်နှင့် ယော အမျိုးတော်သည်ဟု လည်းကောင်း၊ ပလောင်တို့ရှိရာနေရာ များသို့ ယောလူမျိုးစုတို့ အစားထိုးဝင်လာသည်ဟုလည်းကောင်း၊ ပလောင်တို့သည် ယောနတိုင်းမှ ဆင်းသက်လာသည်ဟုလည်းကောင်း အမျိုးမျိုးကောက်ယူကာ ရေးကြ သည်ကိုလည်း တွေ့ရပြန်သည်။

ထို့အပြင် မြန်မာစာများတွင် တကောင်းဘုရင်မှ “ဗလောင်း” ဟု အမည်ပေးရာမှ “ပလောင်” ဟူသောအမည်ကို ရသည်ဟုလည်းကောင်း၊ ရွှေရင်မျှော်ဘုရား သမိုင်းတွင် အလောင်းစည်သူထံ၏ “ဖောင်လောင်” ရာမှ အမည်ရသည် ဟုလည်းကောင်း၊ “ပေါင် လောင်” ဟု ခေါ်ရမှ “ပလောင်” အမည်ရသည် ဟုလည်းကောင်း အမျိုးမျိုးရေးကြ လေသည်။ တရုတ်တို့ကမူ “ပုံလုံ” ဟုခေါ်ကြရာ “လုံ” သည် နဂါးဟု ဆိုလိုသည်။

လက်ရှိအချိန်အထိ တရုတ်၊ ထိုင်း၊ မြန်မာ သုံးနိုင်ငံ ဒေသများတွင် တအာင်း လူမျိုးများ နေထိုင်ကြသည်။ မြန်မာနိုင်ငံတွင် ရှမ်းပြည်တောင်ပိုင်းနှင့် သံလွင်အရှေ့ပိုင်း တွင် တအာင်းလူမျိုးများ ရှိသော်လည်း တောင်ပိုင်နမ့်ဆန်နယ်တွင် အများဆုံးနေထိုင် ကြသည်။ နမ့်ဆန်နယ်ကို အခြေပြုပြီး တအာင်းစော်ဘွားအဆက်ဆက်က နှစ်ရာချီ အုပ်စိုးခဲ့သည်ဟု ဆိုကြသည်။

## ၁.၂။ လူဦးရေနှင့် လူမျိုးများ

တအာင်းလူမျိုး၏ မျိုးနွယ်စုများက များပြားသော်လည်း အမျိုးသမီးများ ဝတ် ဆင်ပုံတွင် အဓိက အုပ်စု (၂) စု ကွဲပြားမှုမှာ သိသာသည်။ အမျိုးသမီးများ၏ ခါးတွင် ကြိမ်ကွင်းဝတ်ဆင်ထားသောအုပ်စုနှင့် ကြိမ်ကွင်းဝတ်ဆင်ထားခြင်း မရှိသော အုပ်စုဟူ၍ ဖြစ်သည်။

ကြိမ်ကွင်း ဝတ်ဆင်လေ့ရှိသော တအာင်းလူမျိုးသည် ရှုမိုင်း၊ ရှုစိင်း၊ ရှုခန့်၊ ရှုကော၊ ရှုဂွမ်း၊ ရှုနောက်၊ ရှုဟော့၊ ရှုလိုင်း၊ ရှုပို့၊ ရှုရဲ (ရှုမဲ)၊ ရှုဆစ် (ဂွမ်းရော့/ပလေး)၊ ရှုလုံး (ရှုလောင်)၊ ရှုပြန်း၊ ရှုမာဝ်း (ရှုမောင်း)၊ ရှုခုတ်၊ ရှုပြား၊ ရှုလေ့၊ ပုလန်း (ပုလံင်း)၊ ရှုကျိန်၊ ရှုတြား၊ ရှုခူး၊ ရှုဝိန်းနှင့် ရှုဗရောင်း စသဖြင့် ရှု သို့မဟုတ် ရော့ (ရံဝ်း)နှင့် ယှဉ်တွဲ၍ ခေါ်ဆိုသော မျိုးနွယ်စုများ ဖြစ်ကြသည်။ ကြိမ်ကွင်းဝတ်ဆင်ထားခြင်း မရှိသော တအာင်း မျိုးနွယ်စုများသည် ကတူး(ခ)ဆမ်လုံ၊ တောင်မ၊ ကွမ်ဟယ်(ဆိုး)၊ ပန်နိမ် (ကွမ်းဟယ် ဒွဲ)နှင့် ခွန်ဟောက်တို့ ဖြစ်ပါသည်။ အချို့က ရှု နှင့် ကတူး ဟုလည်း ခေါ်သည်။ သို့သော် ကတူးမျိုးနွယ်စုများ၏ ဆင်းသက်လာမှုနှင့် ပတ်သက်၍ အယူအဆကွဲပြားကြသည် ကိုလည်း တွေ့ရှိရသည်။

၂၀၁၃ -၂၀၁၄ ခုနှစ်၊ တအာင်းအမျိုးသမီးအဖွဲ့အစည်း(TWO)၊ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ (TSYU) နှင့် သီးခြားတအာင်းလူငယ်များတို့၏ လူဦးရေစာရင်းများအပေါ် အခြေခံ၍ နယ်မြေဒေသ ဆက်စပ်သော ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ မန်တုန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ မိုးမိတ်မြို့နယ်၊ သီပေါမြို့နယ်၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ် နှင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် အတွင်းတွင် နေထိုင်ကြသော တအာင်းလူမျိုး များ၏ မျိုးနွယ်စုအလိုက် လူဦးရေများသည် ရှုမိုင်းမျိုးနွယ်စု လူဦးရေ (၁၅၀,၉၁၀) ဦး၊ အခြားရှုမျိုးနွယ်စု လူဦးရေ (၁၇၄,၈၆၃) ဦးနှင့် ကတူးမျိုးနွယ်စု လူဦးရေ (၂၁,၈၈၇) ဦး အသီးသီး ရှိကြကြောင်း တွေ့ရှိရသည်။ စုစုပေါင်း (၁၃) မြို့နယ်၏ တအာင်းလူမျိုးများ ဦးရေသည် (၃၄၇,၆၆၀) ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် ကြည့်သော် ရှုမိုင်းမျိုးနွယ်စု (၄၃.၄၁) ရာခိုင်နှုန်း၊ အခြားရှုမျိုးနွယ်စု (၅၀.၃၀) ရာခိုင်နှုန်းနှင့် ကတူး(ခ)ဆမ်လုံမျိုးနွယ်စု (၆.၂၉) ရာခိုင်နှုန်း ရှိကြောင်း တွေ့ရသည်။

တအာင်းလူမျိုးတို့သည် လှည့်လည်သွားလာတတ်သည့် လူမျိုးများ ဖြစ်ခဲ့ကြရာ ရှမ်းပြည်အနှံ့တွင်လည်း ပျံ့နှံ့လျက် ရှိကြသည်။ တအာင်းလူမျိုးတို့သည် လက်ဖက်စိုက် ပျိုးသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ပလောင်ဒေသကို တရုတ်တို့က ချာစန်း (လက်ဖက်တောင်) ဟု ခေါ်ကြသည်။ တရုတ်ပြည်တွင် “တယ်အန်းရှိရင် လက်ဖက်

ရှိတယ်" ဟု ဆိုရိုးရှိသည်။ တရုတ်ပြည်တွင် တအာင်းအမည်ကို ခေါ်ရန် တရားဝင် သတ်မှတ်ထားပြီး Pinyin စာအားဖြင့် De'ang ဟု ပေါင်းသည်။ ထိုင်းတို့ကမူ Dara-ang ဟု ခေါ်ကြသည်။

တရုတ်နိုင်ငံရှိ တအာင်း (တယ်အန်း) တိုင်းရင်းသားတို့မှာ တရုတ်စာအပြင် ဂျိန်းဖောနှင့် တိုင်ရှမ်းစကားကိုပါ တတ်မြောက်လေ့ ရှိသည်။ တယ်အန်းတိုင်းရင်းသား အများစုသည် ယူနန်ပြည်နယ် လုရှီးမြို့နယ်၊ တဲ့ဟုန်ခရိုင် စန်းထိုက်မြို့တွင် အများဆုံး နေထိုင်ကြပြီး ကျန့်ခန်းမြို့နယ်၊ လင်းစန်ခရိုင် ကျွမ်းနုန်မြို့တွင်လည်း နေထိုင်ကြသည်။ တရုတ်မင်းဆက် မှတ်တမ်းများတွင် တယ်အန်းတို့သည် တိုင်-ရှမ်း သို့မဟုတ် သျှမ်းတိုင်းရင်းသား ဒေသများတွင် ယှဉ်တွဲနေထိုင်ခဲ့ကြသည်ဟု ဆိုသည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီ တက်လာပြီးနောက် လုရှီးမြို့နယ်ရှိ စန်းထိုက်ရှန်းမြို့နှင့် ကျန့်ခန်းမြို့နယ် ရှိ ကျွမ်းနုန်မြို့ (၂) မြို့ကို တယ်အန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့များအဖြစ် ပေးအပ်ခဲ့ပြီး တိုင်းရင်းသားမြို့နယ်အစိုးရ ဖွဲ့စည်းပေးကာ အုပ်ချုပ်စေသည်။ ၁၉၅၃ ခုနှစ် တက်ဟုန်ခရိုင်ကို တိုင်-ဂျိန်းဖော (ရှမ်း-ကချင်) ပူးတွဲကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအဖြစ် ပေးအပ်သည့်အခါ ကိုယ်စားလှယ်လောင်း (၁၂) နေရာကို တယ်အန်းတိုင်းရင်းသားတို့အား ပေးအပ်ခဲ့သည်။ ယနေ့ကာလတွင် ယူနန်ပြည်နယ်အတွင်းရှိ အစိုးရအဖွဲ့များတွင် လည်းကောင်း၊ အမျိုးသားပြည်သူ့လွှတ်တော် နှင့် ဒေသခံအမျိုးသားလွှတ်တော်များ တွင်လည်း တယ်အန်းတိုင်းရင်းသားတို့ တာဝန်ထမ်းဆောင်လျက် ရှိသည်။

## ၁.၃။ တအာင်းဒေသအုပ်ချုပ်ရေး သန္ဓေတည်ခြင်း

လူပေါင်း လေးထောင်ကျော်ခန့်ရှိသော တအာင်းလူမျိုးနွယ်တို့သည် အာရှတိုက် အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသ၊ အိန္ဒိယပြည်မြောက်ပိုင်း မဇ္ဈိမဒေသ က သမ္မီရတိုင်းမှ တရုတ်ပြည်အလယ်ပိုင်းအရပ်ဒေသသို့ ရေကြည်ရာ မြက်နုရာလိုက်၍ ပြောင်းရွှေ့နေထိုင်ကြရာမှ တရုတ်ပြည်တောင်ပိုင်းနှင့် မြန်မာနိုင်ငံမြောက်ပိုင်း ပူတာအို အကြားတွင်ရှိသော နမ့်ဆန်မြို့ဟောင်းဟုခေါ်ဆိုသမုတ်ကြသည့်ဒေသသို့ရောက်ရှိလာပြီး

နေထိုင်ခဲ့ကြသည်။ ထိုတအာင်းလူမျိုးတို့ကို အုပ်ချုပ်သော စော်ဘွားကြီး၏ အမည်မှာ ခွန်ကောဖြစ်သည်။ ခွန်ကောသည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံ၍ သတိရှိခြင်း၊ တောရိုင်းတိရိစ္ဆာန်များ၏ရန်ကို ကာကွယ်နိုင်သော လေး၊ မြှားပစ်သည့် အတတ်ပညာကို ကျွမ်းကျင်ရုံသာမက တအာင်းရိုးရာ သိုင်းပညာကိုလည်း တတ်မြောက်သည့်အတွက် လူထုအပေါင်းက ကြည်ညိုလေးစားကြသည်။ စော်ဘွားကြီးခွန်ကောသည် မိမိပိုင်နက်အတွင်းတွင် အခြေအရုံမပါဘဲ တစ်ဦးတည်း မြင်းစီးတောကစားထွက် တော်မူလေ့ရှိသည်။

ထိုအချိန်၌ တရုတ်ပြည် ယူနန်နယ်ကို အုပ်ချုပ်ခဲ့သော စစ်ဝှင်ဘုရင်တွင် အလွန်လှပတင့်တယ် သိမ်မွေ့သော လွေးအီထိကညာမဟာရန္တီအမည်ရှိ သမီးတော်တစ်ပါး ရှိလေသည်။ တရုတ်ဘုရင်စစ်ဝှင်သည် ဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက်စေအံ့ဟု ရည်ရွယ်၍ စော်ဘွားကြီး ခွန်ကောအား စေတီခွန်ကောနော်ဝေါင်း (ခ) သားကောင်းမှူး ခွန်ကောနော်ဝေါင်း ဟူသော ဘွဲ့ကိုပေးအပ်ပြီး သမီးတော်နှင့် ထိမ်းမြားပေးအပ်ခဲ့သည်။ စော်ဘွားကြီးခွန်ကောသည် ဘိသက်မင်္ဂလာခံယူပြီးနောက် မိမိနေရပ်ဒေသဘက်တို့ လွေးအီထိကညာမဟာရန္တီကို ခေါ်ဆောင်ပြီး ပြန်လည်ထွက်လာခဲ့သည်။ ထိုစော်ဘွားကြီးတွင် သားတော်ကြီး အအိုင်၊ ဒုတိယသားတော် အညီ၊ တတိယသားတော် အဆမ်၊ စတုတ္ထသားတော် အယိုင် ဟူ၍ သားတော်လေးပါး ထွန်းကားခဲ့သည်။

ထို့နောက် ထိုအရပ်ဒေသတွင် ရာသီဥတုဖောက်ပြန်၍ ပြည်သူတို့ အနာရောဂါကျရောက်သောကြောင့် အသေအပျောက်များခဲ့ကြသည်။ ထိုအချိန်တွင် စော်ဘွားကြီးခွန်ကောလည်း ကိုယ်လက်မအီမသာဖြစ်၍ ရုတ်တရက် နတ်ရွာစံသွားခဲ့သည်။ ထို့နောက် ပြည်သူတို့သည်လည်း အသေအပျောက်များသဖြင့် ထိုအရပ်ဒေသတွင် ဆက်လက်မနေလိုကြသဖြင့် လူဦးရေ ၄,၀၀၀ ကျော် ရှိသော ပြည်သူတို့သည် ညှိနှိုင်းတိုင်ပင်ကြပြီး အခြားအရပ်ဒေသတို့သွား၍ မြို့သစ်တည်ထောင်ရန် စီစဉ်သည်။ ၎င်းနောက် တရုတ်ပြည်ရှိ မြို့ဟောင်းကိုစွန့်လွှတ်၍ မြန်မာနိုင်ငံမြောက်ပိုင်းအရပ်ဒေသို့ စတင်ထွက်ခွာခဲ့ကြသည်။ ထိုမှတဆင့် ခရီးဆက်လက်၍ သွားကြရာ ယခုမြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုန်မြို့မှ အရှေ့မြောက်ဘက် (၃၀) မိုင်အကွာရှိ

နမ့်ဟိုင်း (ခ) မုံးဘော်ရွာနှင့် လွယ်မုတ်မိန်းတောင်ထိပ်အရပ်ကို ရောက်သောအခါ အရပ်လေးမျက်နှာကို မှုပြီး သားတော်လေးပါးအား ရွေးချယ်စေသည်။

အသက်ကြီးသူအား ရိုသေလေးစားသောအားဖြင့် ကြီးစဉ်ငယ်လိုက် ရွေးချယ်စေရာ အစ်ကိုကြီး အအိုင်က အရှေ့ရပ်ရှိ သိန္နီ (ဆိုင်ဝီ) အရပ်ဒေသကိုလည်းကောင်း၊ ဒုတိယသားတော် "အညီ" က အနောက်ရပ်ရှိ ကျေးကောဝ်မိန်းကွမ်း (ယခု စယ်ကောဝ်) အရပ်ဒေသကိုလည်းကောင်း၊ တတိယသားတော် "အဆမ်"က တောင်အရပ်ရှိ လွယ်လုံ (ယခုနမ့်ဆန်) အရပ်ကိုလည်းကောင်း၊ စတုတ္ထသားတော် "အယိုင်" သည် အနောက်မြောက်အရပ်ရှိ မိုးကောင်းအရပ်ကိုလည်းကောင်း အသီးသီးရွေးချယ်၍ မြို့သစ်တည်ထောင်ကြခဲ့ကြသည်။ တအာင်းလူမျိုးတို့သည် ထိုစော်ဘွားကြီးများလက်ထက်တွင် လူဦးရေများပြားလာပြီး ဖွံ့ဖြိုးတိုးတက်လာသောကြောင့် မြို့ရွာနယ်နိမိတ် တိုးချဲ့နေထိုင်ခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ နတ်တော်လကွယ် သောကြာနေ့တွင် စော်ဘွားကြီး ခွန်ခမ်အွမ်ခေါ် ခွန်ကျိန်လက်ထက်တွင် ဘုရားကြီးရွာမှ ယခုလက်ရှိ နမ့်ဆန်မြို့သို့ ပြောင်းရွှေ့၍ မြို့သစ်နန်းသစ် တည်ထောင်ခဲ့သည်။ နမ့်ဆန်မြို့ကိုကား ရှမ်းဘာသာဖြင့် နမ့်ကိုရေ၊ ဆန် တုန်လှုပ်ဟု အဓိပ္ပါယ်ဖြင့် နမ့်ဆန်ဟုခေါ်ခဲ့သည်။ ပလောင်ဘာသာဖြင့် အိုမ်ကိုရေ၊ ယုံရ်ကို တုန်လှုပ်သည်ဟူ၍ အိုမ်ယိုရ်ဟုလည်းကောင်း ခေါ်ဆိုခဲ့သည်။ နမ့်ဆန်မြို့ကို အခြေပြု၍ ပလောင်လူမျိုးတို့ နေထိုင်ရာနယ်ပယ်ဒေသကို တောင်ပိုင်နယ်ဟု သတ်မှတ်ကာ တောင်ပိုင်စော်ဘွား အဆက်ဆက်ဖြင့် အုပ်ချုပ်ခဲ့လေသည်။

နမ့်ဆန်(တောင်ပိုင်)စော်ဘွားများ၏ သမိုင်းသည် ကုန်းဘောင်ခေတ်ဦး ခရစ်နှစ် ၁၇၅၀ ခုနှစ် ဦးအောင်ဇေယျ (ခ) အလောင်းဘုရားမင်းလက်ထက်မှ စတင်၍ မှတ်တမ်းတင်ထားချက်အရ ခေတ်အလိုက် တအာင်းတောင်ပိုင်စော်ဘွား အမည် စာရင်းများမှာ (၁) ဒဒွေးဖ၊ (၂) ဖခွန်မြ၊ (၃) ဖခွန်ဆိုင်၊ (၄) ဖဒွေးတော်၊ (၅) ဖလွယ်လျို၊ (၆) ဖခွန်ကျိန်မိန်း၊ (၇) ဖခွန်ဆေ၊ (၈) ခွန်တန်မိန်း၊ (၉) သီစပဗ္ဗတရာဇာဘွဲ့ခံ ဖကန်ခွန်ဆိုင်ရဲ (ခေါ်) ခွန်ဆာ (မင်းတုန်းမင်းနန်းတက်ချိန်နှင့် ခေတ်ပြိုင်) (၁၀) ခွန်ကျန် (၁၂၂၇)၊ (၁၁) အောင်ဆာ၊ (၁၂)

ခွန်ကွန်း၊ (၁၃) ခွန်ခမ်းမိန်း၊ (၁၄) ခွန်ခမ်းတန်မိန်း (၁၂၅၀ ခုနှစ်)၊ (၁၅) ခွန်ဆင်အွမ် (ကျက်သရေဆောင်ရွှေစလွယ်ရမင်း)၊ (၁၆) စဝ်ခွန်ပန်းစိန် (မဟာသရေစည်သူ/ ၁၂၈၉) တို့ ဖြစ်ပါသည်။ နမ့်ဆန် (တောင်ပိုင်) စော်ဘွားများ၏ သမိုင်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း (၂၆၅) နှစ်ရှိနေပြီဖြစ်ကြောင်း တွေ့ရပါသည်။

တောင်ပိုင်စော်ဘွားများသည် မိမိအပေါ် သြဇာညောင်းပြီး တိုင်းပြည်ကိုလည်း မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သွားနိုင်ရန် လမ်းညွှန်ထိန်းကျောင်းပေးနိုင်သော တားပလိန်း (နာယက) ကို ခေတ်အဆက်ဆက်တွင် တင်မြှောက်ခဲ့ကြသည်။ တားပလိန်းသည် စော်ဘွားကြီး၏ နောင်တော်ကြီးမှ ပေါက်ဖွားဆင်းသက်လာသော သားစဉ်မျိုးဆက်၏ အသက်ကြီးဆုံးသူကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်လေ့ရှိသည်။

## ၁.၄။ တအာင်းအမျိုးသားလူထု၏ စာပေနှင့် ယဉ်ကျေးမှု

၁၉ ရာစု အစောပိုင်းကာလတွင် တအာင်းလူမျိုးတို့တွင် ကိုယ်ပိုင်စာပေ မရှိခဲ့ပေ။ ဗြိတိသျှမှတ်တမ်းများအရ တအာင်းလူမျိုးတို့သည် ဘာသာစကားနှစ်ခုကို တတ်မြောက်လေ့ရှိပြီး အချို့အုပ်စုများသည် ဗမာပြည် လွတ်လပ်ရေးရသည့် ကာလအထိ ရှမ်းစာပေကို သင်ယူခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ကာလများ၊ အထူးသဖြင့် ၁၉၆၀ ခုနှစ်များမှစကာ ဗမာတို့၏စာပေများက ရှမ်းစာများကို စတင်အစားထိုးလာကြသည်။ နိုင်ငံတော် အုပ်ချုပ်ရေး၊ ပညာရေး၊ မီဒီယာတို့မှတဆင့် ဗမာတို့နှင့် ပိုမိုထိတွေ့ နီးစပ်လာသည်။ ထို့ကြောင့် တအာင်း-ပလောင်သမိုင်းများတွင်လည်း ဗမာ့ပြောဟန်များ ပိုမိုဖြစ်ပေါ်လာခဲ့သည်။

ကိုလိုနီခေတ်တွင် ပထမဆုံးပလောင်စာပေကို တီထွင်ရန် ကြိုးပမ်းသူမှာ အမေရိကန် သာသနာပြု Miss Maclean ဖြစ်ပါသည်။ ၁၉၁၂ ခုနှစ်တွင် Miss Maclean က ပလောင်အက္ခရာကို မိတ်ဆက်ပေးခဲ့သော်လည်း ဗုဒ္ဓဘာသာအများစုဖြစ်သည့် တအာင်း ပလောင်လူမျိုးများက လက်မခံခဲ့ပေ။ ထိုအခြေအနေကို မြင်သော တအာင်းလူမျိုး တတ်သိပညာရှင်များက မွန်-ဗမာအက္ခရာဖြင့် စာပေတီထွင်သော်လည်း တအာင်းလူမျိုး

စာပေတတ်မြောက်ပြီးသူ အများစုကလည်း ရှမ်းစာပေများနှင့် အသားကျနေပြီး ဖြစ်သဖြင့် များစွာအောင်မြင်မှု မရရှိပြန်ပေ။ တရုတ်ပြည်ရှိ တယ်အန်းလူမျိုးများကမူ တရုတ်စာ အပြင် ဂျိန်းဖောနှင့် တိုင်-ရှမ်းစကားကိုပါ တတ်မြောက်ကြသည်။

၁၉၅၀ ခုနှစ်ကျော်တွင် တောင်ပိုင်စော်ဘွားကြီးစဝ်ခွန်ပန်းစိန်နှင့် သခင်ကိုယ်တော်မှိုင်းတို့ တွေ့ကြရာ ပလောင်စာပေအကြောင်း သခင်ကိုယ်တော်မှိုင်းက မေးသည်တွင် တောင်ပိုင်စော်ဘွားကြီးက မရှိကြောင်း ပြန်ပြောရာ သခင်ကိုယ်တော်မှိုင်းက စာပေမရှိက လူမျိုးပျောက်တတ်သည်ဟု ပြောခဲ့သည်ဟုဆိုသည်။ ထိုသတင်းကိုကြားသော သီဟိုဠ်ကျွန်းတွင် စာပေလေ့လာခဲ့သည့် တအာင်း-ပလောင်လူမျိုး ရဟန်းလူထွက် ဦးပေါ်စံကစာပေအက္ခရာတီထွင်ခဲ့သည့်အတွက် စော်ဘွားကြီးစဝ်ခွန်ပန်းစိန်က ရွှေတံဆိပ် ချီးမြှင့်ခဲ့သည်ဟု ဖတ်ရှုရပါသည်။ သို့သော် ထိုကာလက ရှမ်းကောင်စီတွင် ရှမ်းစာပေကို ပိုမိုထွန်းကားစေလိုသည့်အတွက် ယင်းအက္ခရာများကို သုံးစွဲမှု နည်းခဲ့သည်ဟုလည်း ဆိုပါသည်။ အသုံးအနှုန်းမှာမူ အသုံးပြုသောဗျည်းအက္ခရာမှာ တူညီကြသော်လည်း သရ ထွက်ဆိုချက်မှာ ကွဲပြားကြောင်း တွေ့ရှိရသည်။ အချို့တွင် ဗျည်း၊ သရ၊ အသတ်၊ ကာရန်ပါ ကွဲလွဲပြီး အဓိပ္ပာယ်ပါ ကွဲလွဲသွားကြောင်း တွေ့ရှိရသည်။

တအာင်းစာကို အတည်ပြုနိုင်ရန် ၁၉၆၇ ခုနှစ်၊ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ပထမအကြိမ် အစည်းအဝေးကျင်းပပြီး ၁၉၆၈ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပသည်။ ဦးပေါ်စံ၊ ဦးကျော်စိန်တို့က မွန်-မြန်မာ အက္ခရာ၊ ဦးနာဂသေနာ၊ ဦးနန္ဒာစရိယတို့က ရှမ်းအက္ခရာ၊ ဦးနိက္ခမ္မက ယွန်းအက္ခရာ၊ ဦးသန်းမောင်က မြောက်ပိုင်းရှမ်းစာမူသစ်တို့ကို အသီးသီး တင်ပြခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။

ထို့ကြောင့် တအာင်း(ပလောင်)စာမူကို တပေါင်းတည်းဖြစ်နိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး တက္ကသိုလ်/ကောလိပ် အသီးသီးတို့မှ ပညာသင်ကြားနေသော တအာင်းကျောင်းသား/ကျောင်းသူတို့နှင့် နမ့်ဆန်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ တောင်ကြီး၊ ကလော၊ မိုးကုတ်၊ မန္တလေး၊ ရန်ကုန်မြို့တို့မှ

ကိုယ်စားလှယ် များပါဝင်သော ပလောင်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီကို ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီ (၂၉) ရက်တွင် ကျင်းပသည့် ပထမအကြိမ်ညီလာခံတွင် ဖွဲ့စည်းလိုက်သည်။

၁၉၇၂ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နမ့်ခမ်းမြို့နယ် ဖာလင်ရွာ (ဖဒဲန်ရွာ) ၌ ကျင်းပသည့် ဒုတိယအကြိမ်ညီလာခံတွင် တအာင်း(ပလောင်) စာပေကို မွန်-မြန်မာ-ပါဠိဘာသာကို အခြေခံ၍ ဗျည်းအက္ခရာ (၃၄) လုံးနှင့် သရအက္ခရာ (၁၈) လုံးကို အတည်ပြုနိုင်ခဲ့သည်။ တအာင်းအများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အတွက် ပါဠိစာပေကို သုံးစွဲလေ့လာရလွယ်သည့် အကျိုးကျေးဇူးလည်း ရှိသည်ဟု မြင်ကြသည်။ ယခုဆိုလျှင် ယင်းစာပေကို အသုံးပြုသည်မှာ နှစ်ပေါင်း ၅၀ ကျော်ပြီ ဖြစ်ပါသည်။ တအာင်းစာပေနေ့ကို ဩဂုတ်လ (၃၀) အဖြစ် သတ်မှတ်ခဲ့သည်။ သို့သော် လက်ရှိအချိန်အထိ ဒေသအလိုက် အခြားအက္ခရာများ ဆက်လက်သုံးစွဲကြသည်ကိုလည်း တွေ့ရနိုင်ပါသည်။

တတိယအကြိမ်ညီလာခံကို ၁၉၇၃ ခုနှစ် ဧပြီလ (၉) ရက်မှ (၁၁) ရက်အထိ မိုးကုတ်မြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ညီလာခံကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်မှ (၂၇) ရက်အထိ နမ့်ခမ်းမြို့နယ်၊ ဖာလင်ရွာတွင် လည်းကောင်း၊ ပဉ္စမအကြိမ်ညီလာခံကို ၁၉၉၂ ခုနှစ်၊ မတ် (၃) ရက်မှ (၅) ရက်အထိ ကျောက်မဲမြို့ တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်ညီလာခံကို ၁၉၉၆ ခုနှစ်၊ မတ်လ (၂၀) ရက်မှ (၂၂) ရက် အထိ နမ့်ဆန်မြို့ တွင်လည်းကောင်း၊ သတ္တမအကြိမ်ညီလာခံကို ၂၀၀၀ ပြည့်နှစ်၊ မတ်လ (၂၂) ရက်မှ (၂၄) ရက်အထိ နမ့်ဆန်မြို့တွင်လည်းကောင်း၊ အဋ္ဌမအကြိမ်ညီလာခံကို ၂၀၀၄ ခုနှစ်တွင် နမ့်ခမ်းမြို့၌လည်းကောင်း၊ နဝမအကြိမ်ညီလာခံကို ၂၀၀၈ ခုနှစ်တွင် ကွတ်ခိုင်မြို့၌ လည်းကောင်း၊ ဒသမအကြိမ်ညီလာခံကို ၂၀၁၃ ခုနှစ်တွင် မန်တုံမြို့၌လည်းကောင်း၊ ဧကဒသမအကြိမ်ညီလာခံကို ၂၀၁၇ ခုနှစ်တွင် မိုးကုတ်မြို့၌လည်းကောင်း အသီးသီး ထပ်မံကျင်းပခဲ့သည်။

ပလောင်စာပေနှင့် ယဉ်ကျေးမှုဇာတ်ဟိုကော်မတီကို နမ့်ဆန်မြို့၌ ထားရှိပြီး မြို့နယ် ပလောင်စာပေနှင့် ယဉ်ကျေးမှုကော်မတီကို နမ့်ဆန်၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ မန်တုံ၊ မိုးကုတ်၊ မန္တလေး၊ ကလော၊ ရန်ကုန်မြို့တို့တွင် ဖွဲ့စည်း ထားရှိသည်။ တအာင်း (ပလောင်) စာပေ ဖြစ်မြောက်နိုင်ရေး အတွက် အဓိကအခန်းကဏ္ဍ တွင် ပါဝင်ခဲ့သော ပုဂ္ဂိုလ်များမှာ ဦးပေါ်စံ၊ ဦးနာဂသေန၊ ဦးပညာဝံသ၊ ဦးနန္ဒာစရိယ၊ ဦးသန်းမောင်၊ ဦးကျော်စိန်၊ ဦးကျော်ဟန်စသော ပုဂ္ဂိုလ်များ ဖြစ်သည်။




နောက်ပိုင်းကာလများတွင် ပလောင်စကားမျိုးကွဲများမှ တူညီသော ဝေါဟာရ များကို ရှာဖွေကာ တအာင်းစကားတမျိုး စံသတ်မှတ်ရန် စဉ်းစားချက်များလည်း ရှိသည်။ ဥပမာ 'သွားသည်' ဟူသော ဝေါဟာရသည် ဒေသစကားငါးမျိုးတွင် 'haw' ဟု အသံထွက်

ကြသည့် နမူနာမျိုးဖြစ်သည်။ သို့သော် ကိုယ်ပိုင်စာပေရှိပြီးသား ရှစင်းလူမျိုးစုအဖို့မူ ယင်းသို့ပြောင်းလဲသုံးစွဲရန် စိန်ခေါ်ချက်ရှိမည်သာ ဖြစ်သည်။

## ၁.၅။ တအာင်းအမျိုးသားလူထု၏ ကိုးကွယ်ယုံကြည်မှု

တအာင်းလူမျိုးစုတို့သည် ဗုဒ္ဓဘာသာကို ၅ ရာစုကပင် လိုက်နာခဲ့သည်ဟု နှုတ်ပြောရာဇဝင်များအရ သိရသည်။ တအာင်းလူမျိုးတွင် လူမျိုးစုများပြား၍ လူမျိုးစုတခုချင်း၏သမိုင်းသည်လည်း တူညီမည် မဟုတ်ဟု မှန်းဆနိုင်ပါသည်။ တအာင်းလူမျိုးအများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ အချို့မှာ လက်ဖက်ပင်ကိုစောင့်ရှောက်သောနတ် အပါအဝင် နတ်ကိုးကွယ်မှုများလည်း ရှိသည်။ ကလေးများကို ဘုန်းကြီးကျောင်းများသို့ စေလွှတ်ကာ ပညာသင်ခိုင်းသော အလေ့အထလည်း ရှိသည်။



တအာင်းလူမျိုးတို့ လက်ဖက်ခူးနေပုံ

# အခန်း (၂)

# ကိုလိုနီခေတ် တအာင်းနိုင်ငံရေးသမိုင်း

နယ်ချဲ့အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံကို ၁၈၈၅ ခုနှစ် အင်္ဂလိပ် - မြန်မာ တတိယစစ်ပွဲအပြီးတွင် သိမ်းပိုက်နိုင်ခဲ့သော်လည်း၊ တောင်တန်းဒေသများမှာမူ ၁၈၉၃ ခုနှစ်ကျမှသာ အင်္ဂလိပ်လက်အောက်သို့ လုံးလုံးလျားလျား ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ၁၈၈၆ ခုနှစ် အင်္ဂလိပ်တို့ အထက်ဗမာပြည်ကို သိမ်းပြီးနောက် ရှမ်းပြည်နယ်မှ စော်ဘွား များအား သစ္စာခံရန် ဆင့်ခေါ်ခဲ့ရာတွင် နမ့်ဆန်တောင်ပိုင်စော်ဘွား ခွန်ခမ်းမိန်းသည် လက် မခံဘဲ မြန်မာနန်းဆက် မင်းညီမင်းသားများဖြင့် ပူးပေါင်း၍ အင်္ဂလိပ်နယ်ချဲ့အား ဆန့်ကျင် တိုက်ခိုက်ခဲ့၏။ သို့သော် နောက်ဆုံးတွင် အရေးနိမ့်ပြီး တိမ်းရှောင်ခဲ့ရ၏။ ခွန်ခမ်းမိန်း၏ သားဖြစ်သူ ခွန်ခမ်းတန်မိန်းက အင်္ဂလိပ်နှင့်စေ့စပ်ခဲ့ပြီးနောက် စစ်ရပ်စဲခဲ့သည်။ အင်္ဂလိပ် အစိုးရသည် ခွန်ခမ်းတန်မိန်းအား နမ့်ဆန်စော်ဘွားအဖြစ် အသိအမှတ်ပြုပြီး ဆက်လက် အုပ်ချုပ်စေခဲ့သည်။

ကိုလိုနီလက်ထက်တွင် တောင်ပိုင်နယ်စော်ဘွားကြီးများမှာ စဝ်ခွန်ခမ်းမိန်း၊ စဝ် ခွန်ဆာင်အွမ်နှင့် စဝ်ခွန်ပန်းစိန် တို့ဖြစ်ကြသည်။ ထိုစဉ်က အရေးပိုင်မင်းမှ တောင်ပိုင် စော်ဘွားကြီး စဝ်ခွန်ပန်းစိန်အား မဟာသရေစည်သူဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ကိုလိုနီ စနစ်တွင် မြန်မာနိုင်ငံကို တိုင်းမင်းကြီး၊ အရေးပိုင်၊ နယ်ပိုင်၊ ဝန်ထောက် အဆင့်ဆင့်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ တောင်ပိုင်စော်ဘွားကြီးများလက်အောက်တွင် အမတ်ချုပ်တစ်ဦး၊ တရားသူကြီးအမတ်တစ်ဦး၊ အခွန်တော်အမတ်တစ်ဦး၊ ငွေတိုက်အမတ်တစ်ဦး၊ နယ်လှည့် အမတ်တစ်ဦး၊ ပုလိပ်အုပ်ချုပ်သူ ရာဇဝတ်အုပ် အမတ်တစ်ဦး စသည်တို့ဖြင့် အသီးသီး ခန့်အပ်ထားသည်။ အဆိုပါအမတ်များ၏ လက်အောက်တွင် ရုံးလုပ်ငန်းစာရေးစာချီ အစ ရှိသော ရုံးဝန်ထမ်းများဖြင့် စီမံအုပ်ချုပ်ခဲ့ကြသည်။

နမ့်ဆန်မြို့နယ်အုပ်ချုပ်မှုတွင် နယ်ပိုင် (ခ) တိုက်သူကြီး (၁၄) နယ်ပိုင်အထိ ခန့်အပ်ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ ယင်းတို့မှာ မြို့မနယ်ပိုင်၊ ဇယန်းကြီးနယ်ပိုင်၊ စောပနာနယ်ပိုင်၊ ရှော်လဲနယ်ပိုင်၊ တောင်မနယ်ပိုင်၊ မန်စံမိုင်းမူးနယ်ပိုင်၊ ခွန်ဟောက်နယ်ပိုင်၊ ကွမ်ဟယ်နယ်ပိုင်၊ မန်နောက်နယ်ပိုင်၊ ကျောက်ဖြူနယ်ပိုင်၊ ကယားကြီးနယ်ပိုင်၊ မြို့သစ်နယ်ပိုင်၊ အနောက်ကင်းနယ်ပိုင်နှင့် မိုင်းငေါ့မြို့ဟူ၍ စုစုပေါင်း (၁၄) နယ်ပိုင် တို့ဖြစ်ကြသည်။ ဗြိတိသျှခေတ် နမ့်ဆန်တောင်ပိုင် စော်ဘွားကြီး၏ လက်အောက်ခံ မြို့စားများမှာ (၁) ပန်တိုက် (နမ္မတူ) မြို့စား၊ (၂) မိုင်းငေါ့မြို့စား၊ (၃) မန်စံမိုင်းမူးမြို့စား တို့ဖြစ်သည်။ နယ်ပိုင်အောက်တွင် သူကြီးတာကဲ၊ တာကန်၊ အရပ်အုပ်၊ ထမုန်၊ သာမဓိ စသည်ဖြင့် အသီးသီးရှိကြသည်။

ထို့ပြင် တောင်ပိုင်စော်ဘွားကြီးလက်အောက်၌ နမ္မတူမြို့နယ်နှင့် မိုင်ငေါ့်မြို့တွင် မြို့စားကြီးတစ်ဦးစီ ခန့်အပ်ထားသည်။ မြို့စားကြီးများလက်အောက်တွင် ရုံးလုပ်ငန်းအတွက် စာရေးစာချီများလည်း ခန့်ထားကြသည်။ စော်ဘွားကြီးအုပ်ချုပ်သည့်ကာလအတွင်း ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာရာ ဂျပန်ခေတ်ကာလတွင် အုပ်ချုပ်မှုစနစ်တကျ ပီပီပြင်ပြင် မရှိတော့ဘဲ မြို့များမှာလည်း ပျက်စီးခဲ့သည်။ ၁၉၄၅ ခုနှစ် ရောက်သောအခါ အမေရိကန်နှင့် အင်္ဂလိပ် မဟာမိတ်တပ်များ မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ယခင်အုပ်ချုပ်မှု စနစ်ဟောင်းအတိုင်း အုပ်ချုပ်ခဲ့သည်။



**၁၉၉၀ ခုနှစ် နမ့်ဆန်ဒေသမြင်ကွင်း**

# အခန်း (၃)

# လွတ်လပ်ရေးရပြီးနောက်ပိုင်း တအာင်းနိုင်ငံရေးလှုပ်ရှားမှု

## ၃.၁။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တအာင်းနိုင်ငံရေး

ဗမာပြည်မနှင့် ချင်းတောင်တန်းဒေသ၊ ဖက်ဒရိတ်တက်ရှမ်းပြည်နှင့် ကချင်တောင်တန်းဒေသတို့ ပူးပေါင်းသော ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ဗမာပြည်လွတ်လပ်ရေးရယူနိုင်ရန်အတွက် အလွန်အရေးကြီးသည်။ ပထမပင်လုံညီလာခံ ကို ၁၉၄၆ ခုနှစ် မတ်လ (၁) ရက်မှ (၁၂) ရက်အထိ ရှမ်းပြည်၊ ပင်လုံမြို့၌ ကျင်းပခဲ့သည်။ ထိုညီလာခံသည် ရှမ်း၊ ဗမာ၊ ကချင်၊ ချင်း စသည့်တိုင်းရင်းသားခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှု ရရှိစေခဲ့သည်။ ဒုတိယပင်လုံညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံမြို့၌ပင် ကျင်းပခဲ့ပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုပင်လုံစာချုပ် ဖြစ်ပေါ်လာရေးအတွက် ဦးဆောင်ဦးရွက် ပြုခဲ့သူများတွင် တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်လည်း အပါအဝင်ဖြစ်ခဲ့သည်။

၁၉၄၇ ခုနှစ် ပင်လုံညီလာခံကျင်းပသည့်ကာလသည် ဗမာပြည်မနှင့်တောင်တန်းဒေသများအကြား စည်းလုံးညီညွတ်မှု အမြင့်ဆုံးကာလဟုလည်း ဆိုထိုက်သည်။ သို့သော် ဗမာပြည်လွတ်လပ်ရေးမရခင်မှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များ ကျဆုံးပြီးနောက်ပိုင်းတွင် စည်းလုံးညီညွတ်မှုလည်း ပြန်လည်ကျဆင်းလာခဲ့သည်။

နမ့်ဆန်တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်သည် ရှမ်းပြည်နယ် ပေါ်ထွန်းလာရေး၊ ရှမ်းပြည်နယ်နေ့နှင့် ရှမ်းပြည်နယ်အလံတို့ကို ဖော်ဆောင်ပေးခဲ့သော ရှမ်းပြည်စော်ဘွားများကောင်စီဥက္ကဋ္ဌတစ်ဦးအနေဖြင့် တာဝန်ကျေပွန်စွာ ဦးဆောင်ဦးရွက်ပြုခဲ့သည်။

ပင်လုံစာချုပ်သည် တောင်တန်း၊ ပြည်မအကြား တန်းတူရည်တူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံချက်ပေးထားသော်လည်း လက်တွေ့တွင် အကောင်အထည် မဖော်ဆောင်နိုင်ခဲ့ပေ။ ၁၉၄၇ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အခြေခံဥပဒေသည် နိုင်ငံတော်ကို ဗမာပြည်မအခြေပြုသော တပြည်ထောင်စနစ်အဖြစ် ဖွဲ့စည်းတည်ထောင်လိုက်ခြင်း ဖြစ်သည်။ ထို့ပြင် ဗမာပြည်မကို ဗဟိုအာဏာပေးအပ်ထားပြီး ပြည်နယ်များကို ဗဟိုအစိုးရလက်အောက်ခံနယ်များအဖြစ် ဖွဲ့စည်းထားသည်။

စော်ဘွားကြီးစဝ်ခွန်ပန်းစိန်ကို ပထမဆုံးသမ္မတအဖြစ် တင်မြှောက်ရန် ဗိုလ်ချုပ်အောင်ဆန်းမှ ကမ်းလှမ်းခဲ့သော်လည်း ဝါအရ ကြီးသော စော်ဘွားစဝ်ရွှေသိုက်အား တင်မြှောက်ရန် ထပ်ဆင့်စေညွှန်းခဲ့သည်။



**နမ့်ဆန်တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်**

## ၃.၂။ ပုလောင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်တည်ထောင်ခြင်း

၁၉၄၆ ခုနှစ်တွင် တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်မှ ဦးစီး၍ ပုလောင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်ကို တည်ထောင်ခဲ့သည်။ (ထိုစဉ်က ပလောင်ဟု မရေးဘဲ ပုလောင်ဟု ရေးသားသည်ကို တွေ့ရသည်။) ပုလောင်အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်၏ ရည်ရွယ်ချက်မှာ ပုလောင်အမျိုးသားတို့၏ ညီညွတ်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အကျင့်သီလနှင့် ဝတ္တရားပြုပြင်ရေး၊ ကြီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အားဆောင်ရွက်ရန်တို့ ဖြစ်သည်။

ပုလောင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်မှာ -

(က) ပုလောင်အမျိုးသားနှင့် ရှမ်းပြည်ညီညွတ်ရေးများကို အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) လူတို့ အဓိကသိအပ်သော လူ့ကျင့်ဝတ်တရားများကို သင်ကြားပေးခြင်း၊

(ဂ) စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် အပြုအမူတို့ အကျင့်ဝတ္တရားသုံးပါး ပြုပြင်ပေးခြင်း၊

(ဃ) တိုင်းသူပြည်သားတို့၏ ကြီးပွားရာ၊ ကြီးပွားကြောင်း နည်းလမ်းများကို သင်ကြားပေးခြင်း၊

(င) ပကတိကျန်းမာရေးနှင့် ညီညွတ်ခြင်းရှိစေရန် ကိုယ်လက်လှုပ်ရှားခြင်းကို သင် ကြားပေးခြင်း၊

ဟူ၍ ဖြစ်သည်။

ပုလောင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်၏ ဗဟိုဌာနချုပ်ကို နမ့်ဆန်မြို့တွင် ဖွဲ့စည်းခဲ့ပြီး၊ ဗဟိုဌာနခွဲ၊ ဌာနခွဲ စသည်တို့ကို အဆင့်ဆင့် ဖွဲ့စည်းထားရှိခဲ့သည်။ အဖွဲ့ချုပ်၏ ပုလောင်အမျိုးသား ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပုထောင်၊ ဝ၊ လွယ်လ၊ ယင်းနက်နှင့် တောင်သူတို့ ပါဝင်ဖွဲ့စည်းထားသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ စစ်အစိုးရက နိုင်တော်အာဏာကို သိမ်းယူပြီး နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူမျိုးစုရေးရာ အသင်းအဖွဲ့များကို ဖျက်သိမ်းခဲ့ရာ ပုလောင်အမျိုးသားစည်းလုံးညီညွတ်ရေး အဖွဲ့ချုပ်ကိုလည်း ၁၉၆၄ ခုနှစ်တွင် ဖျက်သိမ်းခံခဲ့ရသည်။

# အခန်း (၄)
# တအာင်းတော်လှန်ရေး ထွက်ပေါ်လာခြင်း

## ၄.၁။ တအာင်းတော်လှန်ရေးသမိုင်းစတင်ခြင်း

၁၉၄၈ ဧပြီတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာသည်။ ဇူလိုင်တွင် ဖဆပလမှ "လက်ဝဲညီညွတ်ရေးကောင်စီ" ကို ဖွဲ့စည်းသော်လည်း ယုံကြည်မှု မဖြစ်ထွန်းခဲ့ပေ။ ဗကပ၏အင်အားလည်း ကြီးထွားသထက် ကြီးထွားလာသည်။ ၁၉၄၈ စက်တင်ဘာလတွင် ဗကပဌာနချုပ်က ပျဉ်းမနားတွင်အခြေစိုက်ပြီး မြန်မာအစိုးရ (ဖဆပလ အစိုးရ) ကို စစ်မျက်နှာ ဖွင့်သည်။ ကရင်များနှင့် ကချင်သေနတ်ကိုင် တပ်ရင်း (၁) မှ ဗိုလ်နော်ဆိုင်းတို့လည်း မြန်မာ့အစိုးရကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မတ်လကုန်တွင် ဗကပ၊ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်နှင့် တော်လှန်သော ဗမာ့တပ်မတော်တို့ "ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု"ကို တည်ထောင်ကြသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် မှစကာ ကေအင်ဒီအိုနှင့် ဖဆပလတပ်များ တိုက်ခိုက်ကြပြီး ကရင်တို့က အင်းစိန်ကို ထိန်းချုပ်လိုက်နိုင်ခဲ့သည်။ ဗိုလ်နေဝင်းလည်း စစ်ဦးစီးချုပ်အသစ် ဖြစ်လာခဲ့သည်။ အင်းစိန်တိုက်ပွဲသည် ရက်ပေါင်း ၁၂၂ ရက် ကြာမြင့်သည်။ ပြည်မှ ရန်ကုန်သို့ ချီတက်လာသည့် ကရင်သေနတ်ကိုင် တပ်ရင်း ၂ မှာ ဇီးကုန်းမြို့ဝက်ကော်တံတားတိုက်ပွဲတွင် ချေမှုန်းခံရခြင်း၊ တောင်ငူမှ ရန်ကုန်သို့ ဆင်းလာသည့် ကရင်သေနတ်ကိုင် တပ်ရင်း (၁) ၏ ထိုးစစ်များကို တားဆီးခံလိုက်ရခြင်းကြောင့် ကရင်တို့ မြစ်ဝကျွန်းပေါ်သို့ ဆုတ်ခွာလိုက်ရသည်။ မတ်လအတွင်း မန္တလေးကိုလည်း ကေအင်ဒီအိုနှင့် ဗကပတို့က တခဏတာ သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာအစိုးရကို ရန်ကုန်အစိုးရဟု ခေါ်ကြသောကာလလည်း ဖြစ်သည်။

ဗကပအနေဖြင့်လည်း ၁၉၅၀ နှစ်ဦးပိုင်းတွင် "နှစ်နှစ်အတွင်းစစ်နိုင်ရေးလမ်းစဉ်" ကို ချမှတ်ခဲ့သည်။ တရုတ်ပြည်သို့ စစ်ပညာနှင့် နိုင်ငံရေးပညာသင်များ စေလွှတ်ခဲ့သည်။

၁၉၅၁ တွင်မူ “ဒီမိုကရေစီ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ” လမ်းစဉ်သို့ ပြောင်းလဲခဲ့သည်။ ကူမင်တန်ကျူးကျော်မှုကြောင့် ၁၉၅၀ ပြည့်နှစ် ဇူလိုင်လတွင် မြန်မာတပ်မတော်သည် အလယ်ပိုင်းဒေသ၌ လက်နက်ကိုင် သောင်းကျန်းသူ နှိမ်နင်းစစ်ဆင်ရေးကို သဲကြီးမဲကြီး ဆောင်ရွက်နေလျက်ရှိသော တပ်စုများကို ချက်ချင်းပြန်ခေါ်ပြီး တရုတ်ဖြူတပ်များကို တိုက်ထုတ်စေကာ တာချီလိတ်မြို့ကို ပြန်သိမ်းခဲ့သည်။ သို့တိုင် တရုတ်ဖြူတပ်များသည် မိုင်းဆတ်မြို့နှင့် မလှမ်းမကမ်းတွင် တဖန်ခြေကုတ်ရယူပြန်သည်။

မြန်မာစစ်တပ်သည် ၁၉၅၃ ခုနှစ်တွင် တပ်သားသစ် အင်အား ၁၂၀၀၀ ခန့်ကို စုဆောင်းနိုင်ခဲ့သည်။ ဒေသခံလူမျိုးစုများထံမှ အခွန်ကောက်ကာ မိုင်းဆတ်မြို့တွင် လေယာဉ်ကွင်းတစ်ခု တည်ဆောက်ခဲ့သည်။ လက်နက်များ၊ ထောက်ပံ့ပစ္စည်းများအပြင် လျှို့ဝှက်အမေရိကန် စစ်ရေးနည်းပြများ၊ အခြားသော အစိုးရ အရာရှိများပါ လေယာဉ်ဖြင့် လာရောက် ကြသည်။ ၁၉၅၃ ခုနှစ် မတ်လသို့ ရောက်သောအခါ ရှမ်းပြည်နယ်တစ်ခုလုံးကို သိမ်းပိုက်နိုင်တော့မည့် အနေအထားတွင် ရှိခဲ့သည်။

၁၉၅၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးတွင် တရားသူကြီး ဦးမြင့်သိန်းသည် တရုတ်ကူမင်တန်တပ်များ (Kuomintang) ကျူးကျော်မှုကို မြန်မာအစိုးရက တုံ့ပြန်ခဲ့ပုံများကို တင်ပြခဲ့သည်။ အနည်းငယ် လုပ်ပေးသော်လည်း ထိထိရောက်ရောက် မဖြစ်သဖြင့် ကုလသမဂ္ဂကို အားထား၍ မရကြောင်း မြန်မာတို့ သဘောပေါက်သွားသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ် အတွင်း ပြည်လုံးကျွတ် သန်းခေါင် စာရင်းကို အဆင့်ဆင့် ကောက်ယူခဲ့သည်။

ယင်းကာလများတွင် မြန်မာ့စစ်တပ်အတွင်း အသွင်ပြောင်းလဲရေးများ ပြုလုပ်ခဲ့ပြီး ဗမာမှုပြုထားသည့် စစ်တပ်ဖြစ်လာခဲ့သည်။ ဒီမိုကရေစီ နည်းလမ်းကျသည့် အုပ်ချုပ်ရေး အရေခြုံထားပြီး လက်တွေ့တွင်မူ နီးနီးကပ်ကပ် တင်းတင်းကြပ်ကြပ် စောင့်ကြည့် ချုပ်ကိုင်မည့် စစ်အုပ်ချုပ်ရေး ဖြစ်လာခဲ့တော့သည်။ နိုင်ငံတကာအကူအညီများလည်း ရှိခဲ့ပြီး အပြောင်းအလဲများက တပ်မတော်အတွက် အလွန်အကျိုးရှိခဲ့သည်ဟု ဆိုရမည်။ စစ်မျက်နှာများစွာတွင် မြန်မာစစ်တပ်အနိုင်ရလာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရှာနေသူ

ဦးနုက ပြည်တွင်းစစ်သည် ခြိမ်းခြောက်နိုင်ခြင်း မရှိတော့ဟု ဆိုခဲ့သည်။ တပ်၏အာဏာ သည်လည်း ဗိုလ်နေဝင်းထံတွင် စုသွားလေသည်။

လွတ်လပ်ရေးရရှိချိန်ကပင်စတင်ကာ မြန်မာခေါင်းဆောင်ကြီးများ အားလုံးနီးပါး သည် သံတမန်ရေး အလွန်ကြိုးစားကြသည်။ ၁၉၅၅ ခု ဘန်ဒေါင်းညီလာခံ (Bandung Conference) သည် ဘက်မလိုက်သော နိုင်ငံများလှုပ်ရှားမှု ပေါ်ပေါက်လာရေးအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ် ဖြစ်ခဲ့သည်။ ၁၉၅၆ နှစ်ဦးတွင် ဦးနုက ဗကပ လက်နက်ချ လျှင် ဒီမိုကရေစီအရ ယှဉ်ပြိုင်ရဲသည်ဟု ပြောခဲ့ပြီးနောက် ဗကပမှ ညှိနှိုင်းရေးအတွက် အချက်များကို ပေးပို့ခဲ့သည်။ ဖဆပလမှ ယင်းအချက်များမှာ လုပ်ဆောင်နေသည့် အချက် များပင် ဖြစ်သည့်အတွက် လက်နက်လာချရန် ရေဒီယိုမှ ပြောလာခဲ့သည်။ ဦးနုသည် နိုင်ငံရေးမဆွေးနွေးဘဲ လက်နက်ချရေးကို ဆွေးနွေးရန်သာ ဦးတည်သည်ဟု ဗကပမှ ဆိုပါ သည်။ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလတွင်မူ ကွန်မြူနစ်ခေါင်းဆောင်များကို ဖမ်းဝရမ်း ဆုကြေးငွေ ထုတ်ခဲ့သည်။

၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖဆပလ ညီလာခံကိုကျင်းပပြီး ငြိမ်းချမ်းရေး ဖိတ် ခေါ်ရာ အားလုံးက စိတ်ဝင်စားခဲ့ကြသည်။ သို့ရာတွင် ၁၉၅၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ဖဆလပ နှစ်ခြမ်းကွဲသွားပြန်သည်။ ၁၉၅၈ ခုနှစ် ဩဂုတ်လတွင်မူ ပြည်သူ့ရဲဘော်ပါတီမှ လက်နက်ချခဲ့သည်။ ယင်း ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် သခင်ကိုယ်တော်မှိုင်း ကို ကြားလူအဖြစ်ထားပြီး ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်ခွင့်နှင့် လွတ်ငြိမ်း ချမ်းသာခွင့်တို့ကို လိုလားသည်ဟု "ဗိုလ်ရဲထွန်း့ပေးစာ" ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် ဗကပမှ ကြိုးပမ်းလာသည်။

ဤသို့သော မြန်မာနိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်လာခြင်းတို့ကြောင့် မိမိတို့ ၏ အမျိုးသားလုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ မိမိတို့၏တစ်မျိုးသားလုံး အသုံးချခံ ဘဝသို့ မကျရောက်ရေးနှင့် တန်းတူညီမျှသော အခြေခံအခွင့်အရေးရရှိရေး၊ မိမိတို့၏ တစ်မျိုးသားလုံးကို ဦးဆောင်နိုင်မည့် အဖွဲ့အစည်းတစ်ရပ်ခိုင်မာစွာ ရပ်တည်ရေးဟူသော ဦးတည်ချက်ဖြင့် ရှမ်းပြည်တော်လှန်ရေး ခေါင်းဆောင်များ ဖြစ်ကြသော စဝ်နွံ့စောယန္တ

နှင့် ညောင်ရွှေစော်ဘွားမဟာဒေဝီ စဝ်နန်းဟုန်ခမ်းတို့က ၁၉၅၈ ခုနှစ်၊ မေလ (၂၁) ရက်တွင် နွံစစ်ဟန်တပ်ဖွဲ့ (ခ) ရဲရင့်သောလူငယ်တပ်ဖွဲ့ကို ဖွဲ့စည်းပြီး ထိုတပ်ဖွဲ့အောက်တွင် ရှမ်းအမျိုးသားသေနတ်ကိုင်တပ်အား တပ်ရင်းအမှတ် (၁)၊ (၂)၊ (၃)၊ (၄) နှင့် တအာင်းအမျိုးသားသေနတ်ကိုင်တပ်ရင်း တပ်ရင်းအမှတ် (၅)၊ (၆) ဟူ၍ ဖွဲ့စည်းထားခဲ့သည်။

တအာင်းအမျိုးသားသေနက်ကိုင်အမှတ် (၅) တပ်ရင်းကို တောင်ပိုင်စော်ဘွားကြီး၏မျိုးနွယ်ဖြစ်သော စဝ်ခွန်အေးနှင့် စပ်ခွန်လီတို့ ညီအစ်ကိုက ဦးဆောင်၍ နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာ၌ တပ်ရင်းဌာနချုပ် ဖွင့်လှစ်ထားရှိခဲ့သည်။ စစ်ဒေသအဖြစ် ကျောက်မဲ၊ နောင်ချို၊ မိုးကုတ်၊ မိုးမိတ်၊ မဘိမ်းမြို့နယ်တို့ကို အခြေခံထားရှိသည်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး တို့ကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့သည်။ အမှတ် (၅) တပ်ရင်း စတင်ဖွဲ့စည်း တည်ထောင်ချိန်တွင် စပ်ခွန်အေးနှင့် စပ်ခွန်လီ ညီအစ်ကိုက တော်လှန်ရေးနယ်မြေသို့ မဝင်ရောက်လာမီ ရှမ်းတအာင်းစပ် *စိုင်းပန်မိုင်” ဆိုသူက တပ်ရင်းမှူးတာဝန်ကို ယူခဲ့သည်။

တအာင်းအမျိုးသား သေနတ်ကိုင်အမှတ် (၆) တပ်ရင်းကို နမ့်ခမ်းမြို့နယ်၊ ဆာလူကျေးရွာ၊ စဝ်ကန့်မျိုးရိုး ရှမိုင်းတန်းမျိုးနွယ်စုဝင် စပ်ခွန်သောင်းနှင့် စဝ်သန်းဝင်းတို့ ညီအစ်ကိုက ဦးဆောင်ကွပ်ကဲပြီး နမ္မတူမြို့နယ် (ယခုမန်တုန်မြို့နယ်)၊ မန်နားခိုမုန်းကျေးရွာအုပ်စု၊ ကလိုင်းလုံး (မန်ဆွန်) ကျေးရွာတွင် တပ်ရင်းဌာနချုပ်ဖွင့်လှစ်ထားရှိပြီး နမ့်ဆန်မြို့နယ်မြောက်ခြမ်း၊ နမ္မတူ၊ မန်တုန်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ် အနောက်ခြမ်းဒေသတို့ကို အခြေခံစစ်ဒေသအဖြစ် သတ်မှတ်ထားရှိသည်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးတို့ကိုလည်း အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။

သို့သော် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းရန် စီစဉ်ထားသည်ကို ဦးနုမှ အာဏာလွှဲအပ်လိုက်ခြင်းဖြင့် စစ်တပ်အာဏာကို ထိပ်ဆုံးသို့ရောက်ခဲ့ရန် ဖြစ်လာလေတော့သည်။ (၆)လအတွင်း တာဝန်ထမ်းဆောင်ရန်နှင့် ထို(၆)လအပြီးတွင်လွှတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် ကတိပြုခဲ့သည်။

၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားဝင်အာဏာရရှိရန် အာဏာသိမ်းစစ်ခေါင်းဆောင်ဦးနေဝင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ပြီး ဝန်ကြီးချုပ်ရာထူးကို ဆက်ယူခဲ့သည်။ ဗိုလ်နေဝင်း၏ အိမ်စောင့်အစိုးရကာလအတွင်း ၁၉၅၉ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်းတွင် စော်ဘွားများအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်၏ အနှစ်သာရဖြစ်သည့် "လွတ်လပ်စွာ ခွဲထွက်ခွင့်ကို စွန့်လွှတ်ကြောင်း သဘောတူစာချုပ်" ကို အတင်းအကျပ်လက်မှတ်ထိုးစေပြီး အာဏာစွန့်ခိုင်းခဲ့သည်။ တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်သည်လည်း စော်ဘွားအာဏာနှင့် စော်ဘွား အရိုက်အရာကို အပြီးပိုင်စွန့်လွှတ်ခဲ့ရသည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ (၄) ရက်နေ့တွင် ဗိုလ်နေဝင်းမှ ရွေးကောက်ပွဲအနိုင်ရ ဦးနုကို အာဏာပြန်လည်လွှဲအပ်ပေးခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ နှစ်ကုန်အထိ နွံ့စစ်ဟန် (ရဲရင့်သောလူငယ်တပ်ဖွဲ့) တပ်တွင် တအာင်းအမျိုးသားတပ်များ ပူးပေါင်းပါဝင်ခဲ့သော်လည်း နွံ့စစ်ဟန်တပ်ဖွဲ့သည် သိပ်သည်းကျစ်လျစ်ခိုင်မာသော ဦးဆောင်မှုမရှိခြင်း၊ တိုးတက်သော တော်လှန်သည့်အတွေးအခေါ် လမ်းညွှန်မှု၊ တိကျမှန်ကန်သည့် နိုင်ငံရေး လမ်းစဉ်နှင့် ကောင်းမွန်သော စည်းရုံးမှု မရှိသဖြင့် ၁၉၆၀ ပြည့်နှစ်တွင် ပေါ်ပေါက်သော SSIA ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းခဲ့ပြန်သည်။

## ၄.၂။ ရှမ်းမူ (သို့မဟုတ်) တိုင်းရင်းသားညီလာခံ

ပင်လုံစာချုပ်တွင် အမျိုးသားတန်းတူညီမျှရေးကို အလေးအနက်ထားပြီး လက်မှတ်ရေးထိုးကာ ပြည်ထောင်စုကို စုပေါင်းတည်ထောင်ခဲ့သော်လည်း၊ ဖဆပလသည် ဗမာဗဟိုပြုတပြည်ထောင်စနစ်ကို အသက်သွင်းခဲ့သည်။ ထိုစဉ်က သုံးစွဲလျက်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတွင် ပြည်နယ်နှင့် လူမျိုးစုတို့ တန်းတူညီမျှသော အခွင့်အရေးပြဋ္ဌာန်းချက် မရှိ၍ နိုင်ငံတော်၏ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအလို့ငှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လို အပ်သဖြင့် ၁၉၆၁ ခုနှစ်၊ ဇွန်လ(၈) ရက်မှ (၁၆) ရက်အထိ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊

စားမြိန်ရိပ်သာအဆောက်အဦး၌ ရှမ်း၊ ကယား၊ ကချင်၊ ကရင်၊ ချင်း၊ မွန်နှင့် ရခိုင်စသည့် တိုင်းရင်းသားညီလာခံတစ်ရပ် ကျင်းပခဲ့သည်။

ထိုညီလာခံတွင် ဗမာအမျိုးသားခေါင်းဆောင်များနှင့် တောင်တန်းဒေသ ခေါင်းဆောင်များအကြား ထားရှိခဲ့ကြသော ကတိကဝတ်များဖြစ်သည့် အင်္ဂလိပ် လက်အောက်မှ ဗမာ့လက်အောက်ပြောင်း၍ ကိုလိုနီဘဝရောက်သွားသည့်ဖြစ်ရပ်မျိုး မဖြစ်စေရဘဲ အမျိုးသားပြည်နယ်များကို ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိစေရပါမည် ဟူသော ကတိကဝတ်များ၊ ညီအစ်ကိုတောင်တန်းသားများလည်း အမျိုးသားရေး၊ တန်းတူအခွင့်အရေး ရရှိကြမည်ဖြစ်ပြီး ဗမာတစ်ကျပ်ရလျှင် ကချင်တစ်ကျပ်၊ ရှမ်း တစ်ကျပ်၊ ချင်းတစ်ကျပ် စသည်တို့ ရရှိမည်ဟူသော ကတိကဝတ်များ၊ လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်သည့် ဥပဒေများ အခိုင်အမာပြဋ္ဌာန်း ထားရပါမည်ဆိုသော ကတိကဝတ်များ၊ အနှစ်သာရများနှင့် ပြည့်စုံသောစစ်မှန်သော ပြည်ထောင်စုဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေမျိုးဖြစ်အောင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည် ပြုပြင်ရေးဆွဲနိုင်ရေး စသည်တို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။ ၎င်းတိုင်းရင်းသားများ ၏ညီလာခံကို ပြည်နယ်ပေါင်းစုံညီလာခံဟုလည်းကောင်း၊ တောင်ကြီးညီလာခံဟုလည်း ကောင်း ခေါ်ဆိုကြသည်။

တောင်ကြီးညီလာခံ၏ဆုံးဖြတ်ချက် (၅) ချက်မှာ -

၁။ မြန်မာ (သို့) ဗမာပြည်နယ်ကို ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခု အဖြစ် တည်ထောင်ရန်။

၂။ ပြည်ထောင်စု၏ လွှတ်တော်များဖြစ်သော လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့ကို အာဏာတူထားရှိရန်။

၃။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တိုင်းက လူမျိုးစုလွှတ်တော်သို့ တူညီသော လွှတ်တော်အမတ်ဦးရေ စေလွှတ်ရန်။

၄။ အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတွင် ထားရှိပြီး ကျန်အာဏာနှင့် လုပ်ပိုင်ခွင့်များကို ပြည်နယ်များသို့ လွှဲပြောင်းထားရှိရန်။

၅။ ပြည်ထောင်၏ ဘဏ္ဍာရင်းမြစ်များကို အဖွဲ့ဝင်ပြည်နယ်များသို့ တရားမျှတစွာ ခွဲဝေပေးရန် တို့ဖြစ်သည်။

၎င်းညီလာခံ၏အဆက်ဖြစ်သော တောင်တန်းသားများ၏ညီလာခံကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်မှ မတ်လ (၁) ရက်နေ့အထိ ရန်ကုန်မြို့ရှိ မြန်မာ့အသံ၊ အသံလွှင့်ရုံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပကြသည်။ ထိုအစည်းအဝေးက -

(၁) ဗမာပြည်နယ်အပါအဝင် ပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝ ပေးရေး၊

(၂) ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး၊

(၃) အားလုံးပါဝင်နိုင်သည့် ပြည်ထောင်စုအမျိုးသားညီလာခံတစ်ရပ်ကို ရန်ကုန်မြို့၌ ကျင်းပရေး၊

(၄) ပြည်နယ်မရရှိကြသေးသော မွန်၊ ရခိုင်နှင့် ချင်း တို့အား ပြည်နယ်များ ဖွဲ့စည်းပေးရေး၊

(၅) နယ်ချဲ့ဆန့်ကျင်ရေး

စသည်တို့ကို ချမှတ်အတည်ပြုခဲ့ကြသည်။

ရှမ်းမူသည် ခွဲထွက်ရေး၊ ပြည်ထောင်စုဖြိုခွဲရေး၊ ဗမာလူမျိုးမုန်းတီးရေးတို့ကို ဖန်တီးနေခြင်းဟု အကြောင်းအကန်စွပ်စွဲကာ ဗိုလ်နေဝင်း ဦးဆောင်သော စစ်တပ်မှ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်တွင် အာဏာသိမ်းခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဖဆပလအစိုးရ တစ်ခုလုံးကို ဖြုတ်ချပြီး စစ်အစိုးရအနေဖြင့် အုပ်ချုပ်ခဲ့သည်။

## ၄.၃။ ပလောင်အမျိုးသားတပ်ဦး (PNF) တည်ထောင်ခြင်း

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ပလောင်ပြည်သူများသည် ၎င်းတို့ဘာသာ "ပလောင်အမျိုးသားတပ်ဦး" ကို တည်ထောင်ခဲ့ကြသည်။ သို့သော် ရှမ်းခေါင်းဆောင်များက သဘောမကျကြချေ။ ရှမ်းစစ်သည်များသည် နမ့်ဆန် ပလောင်နယ်မြေအတွင်း ၎င်းတို့သဘောအတိုင်း ဝင်ထွက်သွားလာလျှက် ရှိသည်။ အခွန်အကောက်အမျိုးမျိုးကိုလည်း ကောက်ခံသွားကြသည်။ ထို့ကြောင့် ပလောင်ခေါင်းဆောင်များက ရှမ်းခေါင်းဆောင်များအား အောက်ပါအချက်များကို တင်ပြတောင်းဆိုလာသည်။

၁။ ရှမ်းခေါင်းဆောင်များက ရှမ်းပြည်တွင် နေထိုင်ကြသည့် အခြားလူမျိုးများအပေါ် ထားရှိသည့် သဘောထားကို ထုတ်ပြန်ကြေညာရန်။

၂။ နမ့်ဆန်နယ်အတွင်း အခွန်အကောက်များ ကောက်ခံလိုပါက ဦးစွာအားဖြင့် တပ်ရင်း (၅) နှင့် တပ်ရင်း (၆) တပ်ရင်းမှူးများနှင့် တိုင်ပင်ရမည်။

၃။ တပ်ရင်း (၅) နှင့် တပ်ရင်း (၆) မှ စစ်သည်တဦးဦးအပေါ် အပြစ်ပေးအရေးယူမှု ပြုလုပ်လိုပါက သက်ဆိုင်ရာတပ်မှူးများနှင့် တိုင်ပင်ကြရမည်။

ဤတင်ပြတောင်းဆိုချက်များကို ရှမ်းခေါင်းဆောင်များက ပြန်လည်ဖြေကြားခြင်းမရှိချေ။ ပလောင်ခေါင်းဆောင်များ၏ အဆိုအရ ၁၉၆၅ ခုနှစ်တွင် တပ်ရင်း (၅) တပ်ရင်းမှူးသည် ပြည်ပသို့ သွားရောက်ချိန်တွင် ရှမ်းများက ၎င်းတို့၏လက်နက်များကို အဓမ္မသိမ်းယူပြီး တပ်မှူးအများအပြားကိုလည်း ပြောင်းလဲပစ်လိုက်သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး နှစ်ဘက်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးနေစဉ် SSIA တပ်များက ၎င်းတို့ကို သွားရောက်တိုက်ခိုက်သည်။

ပလောင်အမျိုးသားတပ်ဦး (PNF) တပ်ရင်း (၅) နှင့် (၆) တို့သည် တအာင်းတိုင်းရင်းသား အပါအဝင် တခြားဒေသခံတိုင်းရင်းသားများတို့နှင့် နိုင်ငံရေး၊ စစ်ရေးနှင့် စည်းရုံးရေးတို့ကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့သည်။ ထိုအချိန်တွင် (၂၀) နှစ် နီးပါး

လက်တွဲ လာသည့် ရှမ်းပြည်တပ်မတော် (SSA) မှ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ပလောင်အမျိုးသားတပ်ဦး (PNF) အား အမြစ်ပြတ်ချေမှုန်းရေးစီမံကိန်းကို စတင်လေ တော့သည်။

ရှမ်းပြည်တပ်မတော် (SSA) သည် ပလောင်အမျိုးသားတပ်ဦး (PNF) ၏တပ်ရင်း (၆) နယ်မြေ နမ္မတူမြို့နယ် (ယခုမန်တုန်မြို့နယ်)၊ မန်ကောင်ကျေးရွာအုပ်စု၊ တွန်ဆောက် ကျေးရွာ၌ ဗိုလ်ကြီးဆိုင်လောဝ်ဦးဆောင်သော တပ်ရင်း (၆)၊ တပ်ခွဲ (၂) ကို အလစ်ဝင် ရောက်အငိုက်ဖမ်းဆီးပြီး လူနှင့်လက်နက်များကို ဖမ်းဆီးသိမ်းဆည်းခဲ့သည်။

တပ်ရင်း (၆) ထိန်းချုပ်နယ်မြေဒေသအတွင်း၌ SSA ထိုးစစ်ဆင်လာခြင်း၊ တပ် ရင်း (၅) ကို ထောက်ပံ့ကူညီသော ကူမင်တန်တရုတ်ဖြူတပ်တို့ ဝင်ရောက်နှောင့်ယှက် နေခြင်း၊ ဗမာစစ်အစိုးရ၏ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် ထိုးစစ်ဆင်တိုက်ခိုက်လာခြင်း နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တန်ပြန်စစ်ဆင်ရေး ထိုးဖောက်လာခြင်း၊ နယ်မြေအတွင်း အခြေခံ ခြေကုပ်စခန်း တည်ဆောက်လာခြင်းတို့ကြောင့် အကျပ်အတည်းကြီးစွာ ရင်ဆိုင် လာရတော့သည်။ အမြော်အမြင်ကြီးမားသော ခေါင်းဆောင်ကြီး စဝ်ခွန်သောင်းသည် လက်ရှိရင်ဆိုင်နေရသော အကျပ်အတည်းတို့မှ လွတ်မြောက်ရေးနှင့် တအာင်းအမျိုးသား ထု၏ မှန်ကန်သော ရပ်တည်ချက်ရရှိရေးကို အစွမ်းကုန် ကြိုးပမ်းခဲ့သည်။

ဤအကြောင်းများကြောင့် ၁၉၆၈ ခုနှစ်တွင် တပ်ရင်း (၅) တပ်ရင်းမှူး ဗိုလ်မှူး ကြီးခွန်အေးနှင့် ၎င်း၏တပ်သည် တရုတ်ဖြူတပ်ထံသို့ ကူးပြောင်းသွားခဲ့သည်။ ကျန်ရစ် သည့် တပ်ရင်း(၆)လည်း SSIA ထံမှထွက်ပြီး ပလောင်တပ်မတော်ကို ထူထောင်ကာ KIO တို့နှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ ဗကပများ ရှမ်းပြည်မြောက်ပိုင်းသို့ ရောက်ရှိလာကြ သည့်အခါ ပလောင်စစ်တပ်က ၎င်းတို့ကို အကူအညီပေးကြသည်။ သို့ရာတွင် ဗကပတို့၏ လုပ်ရပ်တချို့သည် အခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ် ပေါ်လာခဲ့ရသည်။

## ၄.၄။ ကချင်နှင့် တအာင်းလူမျိုးတို့၏ ထာဝရမဟာမိတ်စာချုပ်

ကချင်နှင့်တအာင်းလူမျိုးတို့သည် အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြသလို၊ နယ်မြေပွတ်တိုက်မှုကြောင့် အချင်းချင်းကြား တိုက်ခိုက်ခဲ့မှုများ၊ ကလဲ့စားချေမှုများ ပြင်းထန်ခဲ့ကြသည်။ ကချင်နဲ့ တအာင်းအမျိုးသားလူထုကြား နယ်မြေနှင့် အာဏာလုမှုကြောင့် တအာင်းလူထုအမြောက်အမြား သေကြေမှုတို့ကို တအာင်းခေါင်းဆောင် တားခွန်သောင်း၏ နိုင်ငံရေးအမြော်အမြင် ကြီးမားမှု၊ သဘောထားကြီးမားမှုတို့ကြောင့် အဆုံးသတ်နိုင်ခဲ့သည်။ ခေတ်အဆက်ဆက် လူမျိုးရေးသတ်ဖြတ်မှု အဆုံးသတ်ရေးအတွက် ခေးခေးချင်း၊ လုံလုံချင်း လမ်းစဉ်မလိုက်ဘဲ KIO/ KIA တပ်ဖွဲ့တည်ထောင်သူ ဥက္ကဋ္ဌ လထော်ဇော်ဆိုင်းနှင့် ၁၉၆၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန်စီမြို့နယ်၊ တရုတ်- မြန်မာနယ်စပ်၊ နမ့်တဲန်ဝမ်းချောင်းအနီးရှိ တွန့်ပုတ်ရွာသို့ “တားဆေးလွယ်” နှင့်အတူ သွားရောက်တွေ့ဆုံခဲ့သည်။ လူမျိုးနှစ်မျိုး၏ ရှေ့ရေးကို အရှည်သဖြင့် ကြည့်ရှုကာ ကမ္ဘာတည်သ၍ အေးအတူပူအမျှ အတူယှဉ်တွဲနေထိုင်နိုင်ရေး ကတိကဝတ်တစ်ခုကို ခေါင်းဆောင်နှစ်ဦးတို့ ပြုနိုင်ခဲ့ကြသည်။

ခေါင်းဆောင်ကြီးနှစ်ဦးတို့၏ အမြော်အမြင် ကြီးမားမှုတို့ကြောင့် အချင်းချင်းသတ်ဖြတ်မှုများကို ရပ်ဆိုင်းနိုင်ခဲ့သည့်အပြင် ထာဝရမဟာမိတ် သွေးသောက်ညီအစ်ကိုအဖြစ် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် အုတ်မြစ်ချ သွေးသစ္စာပြုနိုင်သကဲ့သို့ ယခင်ကရန်ငြိုးရန်စများကို သင်ပုန်းချေကာ တအာင်းလူမျိုးနှင့် ကချင်လူမျိုးတို့သည် ညီအစ်ကိုအရင်းပမာ နေထိုင်လာခဲ့ကြသည်။

ပလောင်အမျိုးသားတပ်ဦး (PNF) နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) တို့ ထာဝရမဟာမိတ်ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံရေး၊ စစ်ရေးနှင့် စိတ်ဓာတ်ရေး အထောက်အကူများကို မဟာမိတ်ပီသစွာဖြင့် အပြန်အလှန် စောင်မကူညီနိုင်ခဲ့သည့်အပြင် ရာဇဝင်တွင် အကျည်းတန်ဆုံးသော လူမျိုးရေးကြွေးဆပ်မှု အယူအဆဟောင်းကိုလည်း စွန့်ပစ်နိုင်ခဲ့ကြသည်။

PNF ဥက္ကဋ္ဌ တားခွန်သောင်းနှင့် KIO/ KIA ဥက္ကဋ္ဌ မရန်ဘရန်ဆိုင်းတို့ နှစ်ဦး ဦးဆောင်ပြီး နှစ်ဖက်သော ဗဟိုကော်မတီဝင်တို့သည် ၁၉၇၆ ခုနှစ်၊ မတ်လ (၁၀) ရက်မှ (၁၄) ရက်နေ့အထိ KIO/ KIA ဗဟိုဌာနချုပ် ပါဂျောင်တပ်စခန်း၌ ကျင်းပပြုလုပ်သော ထိပ်သီးအစည်းအဝေးတွင် ကချင်နှင့် တအာင်းကြား ထာဝရမဟာမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ဤသို့ဖြင့် ဒေသအတွင်း ပဋိပက္ခတို့ကို မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့၍ ဒေသခံလူထုကြီး၏ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ စစ်ရေးနှင့် လူထုစည်းရုံးရေး လုပ်ငန်းများကို ချမှတ်လုပ်ဆောင်နိုင်ခဲ့သည်။ မှန်ကန်သော အမျိုးသားရေးအခြေခံလမ်း စဉ်ကို ဖော်ဆောင်ချမှတ်နိုင်ခဲ့သည်။

တအာင်းအမျိုးသားတပ်ဖွဲ့တစ်ခုလုံး သွေးစည်းညီညွတ်ရေး၊ မှန်ကန်သော အမျိုးသားရပ်တည်မှု တည်တံ့ခိုင်မြဲရေး၊ တအာင်းလူမျိုးထုတစ်ရပ်လုံး၏ လုံခြုံရေးနှင့် ကာကွယ်ရေး၊ လူမှုအခွင့်အရေး၊ တန်းတူညီမှုရရှိရေး ဦးဆောင်အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရေး တို့ကို ရေးဆွဲချမှတ်ပြီး တပ်ရင်း (၅) ဌာနချုပ်ရှိရာ နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအနီး "ကောင်းကာသို့ သွားရောက်ကာ ဗိုလ်ကြီးဂေါင်းဂျား ဦးဆောင် သောအဖွဲ့က အကြိမ်ကြိမ် ချပြရှင်းလင်း ဆွေးနွေးခဲ့သည်။ သို့ရာတွင် တပ်ရင်း (၅) ၏ ဒုတိယတန်း ခေါင်းဆောင်က လက်မခံသဖြင့် မအောင်မြင်ချေ။

အဓိက အကြောင်းရင်းမှာ တပ်ရင်း (၆) က ထာဝရမဟာမိတ် KIO နှင့် လက်တွဲ နေခြင်းကို လိုလားမှုမရှိခြင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ငြိစွန်းမှု ရှိနေသည်ဟု သံသယ ကြီးစွာ ရှိနေခဲ့သည်။ တပ်ရင်း (၅) ကို တရုတ်ဖြူကူမင်တန်တပ်၏ သွေးထိုးမှုကြောင့် ညှိ နှိုင်းဆွေးနွေးပွဲ မအောင်မြင်ဖြစ်ခဲ့ရသည့်အပြင် တပ်ရင်း (၅)၏ ဒုတိယတပ်ရင်းမှူး စဝ်ခွန်လီ၏ ပြင်းပြင်းထန်ထန် ကန့်ကွက်ဆန့်ကျင်မှုတို့ကို အကြောင်းခံပြီး လက်နက်ကိုင် တိုက်ပွဲဆီသို့ ဦးတည်သွားခဲ့ရသည်။

ပုဂ္ဂိုလ်ရေးအားပြိုင်မှု၊ လူမျိုးနွယ်စုအသွင်အားပြိုင်နေမှု၊ လူမျိုးနွယ်စုအစွဲ၊ ဒေသ အစွဲ၊ ဂိုဏ်းဂဏစွဲမှုများကြောင့် တပ်ရင်း (၆) နှင့် တပ်ရင်း (၅) အကြား တိုက်ပွဲ (၂) ကြိမ်

ဖြစ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၆၉-၇၀ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၁ ခုနှစ်တွင် တစ်ကြိမ် ပလောင်အမျိုးသားတပ်ဦး (PNF) ၏ မိသားစုတပ်များဖြစ်သော တပ်ရင်း (၅) နှင့် တပ်ရင်း (၆) တို့အချင်းချင်း တပ်ရင်း (၅) ဌာနချုပ် တည်ရှိရာ နမ့်ဆန်မြို့နယ်၊ မြို့သစ် ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အင်အားစုမှာ များစွာပြိုလဲသွားကြရသည်။

## ၄.၅။ နွယ်တော်စစ်ဆင်ရေး

နွယ်တော်စစ်ဆင်ရေးသည် ၁၉၇၄ ခုနှစ်၊ မတ်လ (၃) ရက်နေ့မှ PNF နှင့် SSA အကြား ဖြစ်ပွားခဲ့သော စစ်ဆင်ရေး ဖြစ်သည်။ တပ်ရင်း (၅) မရှိတော့သည့်အချိန်တွင် တပ်ရင်း (၆) သည် တစ်ခုတည်းသော ပလောင်အမျိုးသားတပ်ဦး (PNF) အဖြစ် ရပ်တည်သည့်အခါ ယခင် တပ်မဟာ (၅) လှုပ်ရှားခဲ့သော နယ်မြေကို ရှမ်းပြည်တပ်မတော် (SSA) မှ ဝင်ရောက်စိုးမိုးလာမှုကြောင့် ထာဝရမဟာမိတ် KIO/ KIA နှင့် ပထမဆုံးပူးတွဲ ဆင်နွှဲသည့်စစ်ဆင်ရေး ဖြစ်သည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ရှမ်းပြည်နယ် တပ်မတော်၊ ကချင်လွတ်လပ်ရေးတပ်မတော်နှင့် ပလောင်အမျိုးသားတပ်ဦးတို့ (၃) ပွင့်ဆိုင် အပစ်အခတ်ရပ်ရေးစာချုပ်ကို (နမ့်လန်မြို့နှင့် ကျေးသီးမြို့အကြား) မိုင်းတုံမြို့၊ ပန်စရော့တပ်စခန်း၌ ချုပ်ဆိုကာ နွယ်တော်စစ်ဆင်ရေးကို အပြီးသတ်ခဲ့သည်။ ထို အပစ်ရပ်စာချုပ်ထဲတွင် SSA တပ်ဖွဲ့အနေနှင့် လားရှိုး - မန္တလေးကားလမ်း အနောက်ဘက် ခြမ်းအားလုံးနှင့် ယခင် တပ်ရင်း (၅) နှင့် တပ်ရင်း (၆) နယ်မြေတို့ကို PNF တပ်ဖွဲ့နယ်မြေ အဖြစ် အသိအမှတ်ပြုသည်ဟု ပါရှိသည်။

## ၄.၆။ ကြောင်နက်မုန်တိုင်း စစ်ဆင်ရေး

ကြောင်နက်မုန်တိုင်းစစ်ဆင်ရေးသည် KIA နှင့် PNF တို့ ပူးပေါင်း၍ ဗကပ၏ တပ်ရင်း (၈၀၁) နှင့် (၂၀၂) စစ်ဒေသအပေါ် ပူးတွဲပြုလုပ်သော စစ်ဆင်ရေးတစ်ရပ် ဖြစ် သည်။ ၁၉၇၂ ခုနှစ် ဗိုလ်ကြီးနော်ဆိုင်း မထင်မရှားသေဆုံးပြီးနောက် ဗကပက ကိုးကန့်

နယ်မှတစ်ဆင့် မူဆယ်မြို့နယ်၊ မုံးကိုးဧရိယာထဲသို့ ဝင်ရောက်ရာမှ ဗကပနှင့် KIA တပ်ဖွဲ့တို့ မကြာခဏ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ စစ်ဆင်ရေးပြုလုပ်ရခြင်း အကြောင်းရင်းမှာ နမ့်ခမ်းတောင်ကြောတွင် ဗကပတပ်တို့ စတင်ဝင်ရောက်ပြီး လူသစ်စုဆောင်းခြင်းနှင့် အကောက်အခွန်များကို ကောက်ခံနိုင်ရန်အတွက် PSLO မှ မြို့နယ်မှူး ဦးဖောလားလ၊ တိုက်နယ်မှူး ဦးလဆန်ဂမ် နှင့် ရဲဘော်ဟောင်းများကို သတ်ဖြတ်ခဲ့သောကြောင့် ဖြစ်သည်။

၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် (သီတင်းကျွတ်လဆန်း ၁၁ ရက်) မှ ၁၉၇၆ ခုနှစ် ၊ မတ်လ (၂၇)ရက်နေ့အထိ စစ်ဆင်ရေး ကြာမြင့်ခဲ့ပြီး KIO၊ ဗကပ၏ (၈၀၁) နှင့် (၂၀၂) စစ်ဒေသနှင့် PNF တို့၏ သုံးပွင့်ဆိုင် အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ကို ယခု မန်တုန်မြို့နယ်၊ အွယ်လောကျေးရွာအုပ်စု၊ နောင်ပတ်ကျေးရွာတွင် ချုပ်ဆိုနိုင်ခဲ့သည်။ နှစ်ဖက်မှ စစ်သုံ့ပန်းများ အလဲအလှယ် ပြုလုပ်ကြသည်။ ဤစာချုပ်မှာ "နောင်ပတ်စာချုပ်" ဟူ၍ ထင်ရှားခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခကြီးကို အဆုံးသတ်နိုင်ခဲ့သည်။ သို့သော် နောက်ဆုံးအစည်းအဝေးကို တက်ရောက်သော KIOနှင့် PSLO တို့ နှစ်ဖွဲ့သာ တွေ့ဆုံဆွေးနွေးပြီး PSLO နယ်မြေများဖြစ်ကြသော မိုင်းလုံဒေသတွင် ဗျူဟာ (၁) နှင့် နမ့်ခမ်းတောင်ဒေသတွင် ဗျူဟာ (၂) ဟူ၍ KIA နှင့် PSLA တို့၏ ပူးတွဲတပ်ပေါင်းစုကို သဘောတူညီချက် (၂၆) ချက်ဖြင့် ဖွဲ့စည်းလိုက်သည်။

တပ်ပေါင်းစုဦးစီးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၁။ ဗိုလ်မှူးကြီးတားခွန်သောင်း (ဥက္ကဋ္ဌ)

၂။ ဗိုလ်မှူးဆိုင်ဖုန်း (အတွင်းရေးမှူး)

၃။ ဗိုလ်မှူးသန်းဝင်း (ကော်မတီဝင်)

၄။ တားအုန်းခိုင် (ကော်မတီဝင်)

၅။ ဗိုလ်မှူးခွန်ချို (ကော်မတီဝင် (တိုင်းမှူး))

၆။ ဗိုလ်မှူးဇော်ဘွမ် (ကော်မတီဝင်)

၇။ ဗိုလ်ကြီးတူးပေါပ် (ကော်မတီဝင်)

အထက်ပါအချက်အလက်များကို သဘောတူကြောင်း မှတ်တမ်းတင်သည်ဟု ပါရှိပြီး အောက်တွင် ဗိုလ်မှူးသန်းဝင်း (ဒု-ဥက္ကဋ္ဌ PSLO) နှင့် ဗိုလ်မှူးဆိုင်ဖုန်း (ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းကော်မတီ KIO) တို့နှစ်ဦးက လက်မှတ်ရေးထိုးကြသည်။ ၎င်းဆွေးနွေးပွဲတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့မှ ဒုတိယဗိုလ်ညီလုံနှင့် တပ်ကြပ်ကြီး မောင်ကျော် (လွယ်ခမ်း) တို့က အဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

## ၄.၇။ ပလောင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း

ပလောင်အမျိုးသားတပ်ဦး (PNF) သည် အင်အားစုအခြေအနေ၊ ကွဲပြားလာသည့် လက်ရှိပြည်တွင်းလက်နက်ကိုင် ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ အမြင်နှင့် အယူအဆများအောက်တွင် တအာင်းအမျိုးသားစည်းလုံးညီညွတ်မှုရှိစေရေး၊ တအာင်းလူမျိုးစုတို့၏ အမျိုးသားနှင့် မိမိတို့နယ်မြေဒေသကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် တအာင်းအမျိုးသားတို့၏ ဦးဆောင်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်ရေး ပင်ဖြစ်သည်။

၁၉၆၈-၆၉ ခုနှစ်အတွင်း ဗမာကွန်မြူနစ်ပါတီသည် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၌ စတင်ခြေကုပ်ယူပြီး စည်းရုံးလှုပ်ရှားလာခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုအတွင်း ဝါဒရေးရာ၊ သဘောတရားရေးရာ၊ နိုင်ငံရေး အမြင်အယူအဆများ ကွဲပြားလာခြင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ ပြည်တွင်းငြိမ်းချမ်းရေး ပျက်ပြားလာခြင်း၊ နိုင်ငံရေးအရ ငြိမ်းချမ်းစွာဖြေရှင်းခြင်းထက် စစ်ရေးအရတိုးမြှင့်ဆောင်ရွက်ခြင်းများ ဖြစ်လာကြသည်။

၁၉၇၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် PNF အား ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ (Palaung State Liberation Organization-PSLO) ဟု ပြောင်းလဲဖွဲ့စည်းပြီး

တပ်အား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (Palaung State Liberation Army-PSLA) ဟု ခေါ်ဆိုခဲ့၏။ PSLO ၏ ဥက္ကဋ္ဌအဖြစ် တားခွန်သောင်းက ဆက်လက် တာဝန်ယူခဲ့သည်။

PSLO/PSLA တည်ထောင်ခြင်းသည် စစ်ရေးရပ်တည်မှုဖြင့် လက်နက်ကိုင် တော်လှန်ရေးကိုဆင်နွှဲပြီး နိုင်ငံရေးဦးဆောင်မှုဖြင့် တော်လှန်ရေးကို အောင်မြင်ရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့သည် ပလောင်အမျိုးသားတပ်ဦး ကျင့်သုံးခဲ့သည့် အမျိုးသားရေးအခြေခံလမ်းစဉ်နှင့် လုပ်ငန်းစဉ် များကို ဆက်လက်ဆက်ခံကျင့်သုံးကာ ပြောင်းလဲလာသော ကမ္ဘာ့အင်အားစုအခြေအနေ၊ မြန်မာ့နိုင်ငံရေးအခြေအနေနှင့် တိုးတက်လာသော မြန်မာ့တော်လှန်ရေးအင်အားစုများ၏ ပေါင်းစည်းညီညွတ်မှု အနေအထားတို့နှင့်အညီ နိုင်ငံရေးလမ်းစဉ်ချမှတ်၍ နိုင်ငံရေး တိုက်ပွဲများ ဆက်လက်ဆင်နွှဲခဲ့သည်။



PSLO/ PSLA ၏ စစ်ရေးအခမ်းအနား

## ၄.၈။ ကချင်နှင့် တအာင်းအကြား ထာဝရမဟာမိတ်စာချုပ် ထပ်မံချုပ်ဆိုခြင်း

ဤထာဝရမဟာမိတ် ဖြစ်ပေါ်ရခြင်း၏ လတ်တလော အကြောင်းရင်းသည် လူမျိုးမုန်းတီးရေးဖြင့် ၁၉၆၂ ခုနှစ် ဇွန်လအတွင်း "ဒူဝါဘန်မာဇော်ဖန်" ဦးဆောင်သော KIO/KIA တပ်ဖွဲ့တို့က ဒေသခံကချင်နှင့် ပူးပေါင်း၍ ရွှေလီမြစ်အနောက်ဘက်ခြမ်း နမ့်ခမ်းမြို့နယ်ရှိ မကောက်၊ တာလီ၊ အောကား၊ ဆောရမ်၊ နောပူး၊(ဖာမုန်)၊ မန်တက်၊ မန်ကောင်း (အထက် ဂျုံးငေါင်း)၊ စယ်လုံ (အောက်ဂျုံးပေါင်း)၊ အထက်နှင့် အောက် မန်လွယ် အစရှိသော ကျေးရွာများမှ ပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် အပြင် ပစ္စည်းများလုယက်ခြင်း၊ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ဖြစ်ပေါ်လာသော ကြောင့် PSLO/PSLA ဥက္ကဋ္ဌ တားခွန်သောင်းနှင့် KIO/KIA ဥက္ကဋ္ဌ လထော်ဇော်ဆိုင်း တို့နှစ်ဦး ၁၉၆၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် တွေ့ဆုံပြီး သွေးသစ္စာပြုကာ ထာဝရမဟာမိတ် စာချုပ်ကို ထပ်မံချုပ်ဆိုရန် စီစဉ်ခဲ့သည်။

ထိုထာဝရမဟာမိတ်စာချုပ် ချုပ်ဆိုသည့် အစည်းအဝေးကို KIO ဗဟိုဌာနချုပ်၊ ပါကျူ (ပါဂျောင်)၌ ကျင်းပပြီး KIO တပ်ဖွဲ့မှ ဥက္ကဋ္ဌ မရန်ဘရန်ဆိုင်း၊ ဗဟိုကော်မတီဝင် လမုန်တူးကျိုင်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မလိဇွပ်ဇော်မိုင်၊ အထွေထွေအတွင်းရေးမှူး လညော် ဇောင်းခရား၊ ဗဟိုကော်မတီဝင် လမာလရိန်း၊ PSLO တပ်ဖွဲ့မှ ဥက္ကဋ္ဌ တားခွန်သောင်းနှင့် အထွေထွေအတွင်းရေးမှူး တားအုန်းခိုင်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဤအစည်းအဝေးကို ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်မှ (၁၄) ရက်အထိ နိုင်ငံရေး၊ စစ်ရေး မဟာမိတ်နှင့် တပ်ပေါင်းစုရေးရာ ကိစ္စများအပါအဝင် အဓိကဖြစ်သည့် ထာဝရမဟာမိတ်စာချုပ် ချုပ်ဆိုနိုင်ရေးကိစ္စကို ဆွေးနွေးညှိနှိုင်းကြကာ အစည်းအဝေး နောက်ဆုံးရက်ဖြစ်သည့် ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ချစ်ကြည်ရင်းနှီးစွာဖြင့် ကချင် လူမျိုးနှင့် တအာင်းလူမျိုးတို့အတွက် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲသော ဤသမိုင်းဝင် ထာဝရမဟာမိတ်စာချုပ်ကို ဖြူစင်သန့်ရှင်းသောစိတ်ဓာတ်နှင့် သဘောထားကြီးမားသော စိတ်ဓာတ်တို့ကို ရှေ့ထားကြကာ နှစ်ဦးနှစ်ဖက်သော ခေါင်းဆောင်ကြီးတို့သည်

သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။ ထာဝရမဟာမိတ်စာချုပ်တွင် ပါဝင်သော အချက်အလက် အပြည့်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ထာဝရမဟာမိတ်စာချုပ်

**(၁) ကျွန်ုပ်တို့၏ အမြင်ခံယူချက်၊ အတွေးအခေါ်နှင့် ယုံကြည်ချက်**

၁။ ကချင်လူမျိုးနှင့် တအာင်းလူမျိုးတို့သည် နီးကပ်စွာ အတူယှဉ်တွဲနေထိုင်ကာ အေးအတူ အပူအမျှ အတူတကွ လုပ်ကိုင်စားသောက်ပြီး၊ အတူဆင်းသက်လာကြသော လူမျိုးများ ဖြစ်ကြသည်။

၂။ ကချင်လူမျိုးနှင့် တအာင်းလူမျိုးတို့သည် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ကို အလွန်မြတ်နိုးသောလူမျိုးများ ဖြစ်ကြသည်။

၃။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့နှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့တို့သည် ခံယူသည့် နိုင်ငံရေးအတွေးအခေါ်များ တူညီသည် သာမက မှန်ကန်သော မိမိလူမျိုးများ၏ကိုယ်စားပြုဖြစ်ပြီး၊ တိုးတက်သော တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည်။

၄။ ကချင်ပြည်သည် လွတ်လပ်ရေးရရှိပြီးသား ပြည်နယ်ဖြစ်ကြောင်း ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့မှ ထောက်ခံအသိအမှတ်ပြုသည်။ ထိုနည်းတူ တအာင်းပြည်နယ်သည်လည်း လွတ်မြောက်ရေး ရရှိပြီးသား ပြည်နယ်ဖြစ်ကြောင်း နှင့် မိမိကံကြမ္မာကို မိမိဘာသာဖန်တီးသည့် အခွင့်အရေးနှင့် ပြည့်စုံသော ပြည်နယ်ဖြစ်ကြောင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့မှ ထောက်ခံအသိမှတ်ပြုသည်။

**(၂) နှစ်ဖွဲ့အချင်းချင်းကြား ဆက်ဆံရေးနှင့် ဆက်သွယ်ရေးကိစ္စ**

၁။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့နှင့်ပလောင်ပြည်နယ်လွတ်မြောက်ရေး အဖွဲ့တို့အကြား တန်းတူရည်တူ ဟူသော မူပေါ်တွင် အခြေခံပြီး ဆက်ဆံသွားပါမည်။

၂။ တစ်ဖွဲ့၏ အကျိုးသက်ရောက်မှုနှင့် အကျိုးစီးပွားရေး တိုးတက်ရာ တိုးတက်ကြောင်းကို တစ်ဖွဲ့က ထောက်ပံ့ကူညီသွားသည့်အပြင် ကချင်ပြည်တွင် မှီတင်းနေထိုင်ကြသော တအာင်းလူမျိုး၏ အကျိုးစီးပွားကိုသော်လည်းကောင်း၊ တအာင်းပြည်နယ်တွင် မှီတင်းနေထိုင်ကြသော ကချင်လူမျိုးတို့၏ အကျိုးစီးပွားကိုသော်လည်းကောင်း တရားသဖြင့် လုပ်ကိုင်စားသောက်ရေးကို ခွဲခြားခြင်းမရှိဘဲ လုံခြုံမှုပေးပြီး အုပ်ချုပ်ကွပ်ကဲသွားကြရန် ဖြစ်သည်။

၃။ တပ်ဖွဲ့နှစ်ဖွဲ့ကြားတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့အချင်းချင်း ရိုင်းပင်းကူညီ ထောက်ပံ့သွားကြရန် ဖြစ်သည်။

၄။ လိုအပ်လာသည့်အခါ အချင်းချင်းညှိနှိုင်းပြီး တိုက်ပွဲဝင်သွားကြရန်နှင့် ရန်သူ့သတင်းကို အပြန်အလှန် ဖလှယ်ကြရန်သာမက တစ်ဖွဲ့၏ ဧရိယာအတွင်းတွင် တစ်ဖွဲ့က ဝင်ရောက်ခိုလှုံနိုင်ခွင့်နှင့် ဖြတ်သန်းသွားလာခွင့်ရှိကြပြီး ၎င်းသက်ဆိုင်ရာ နယ်မြေတာဝန်ခံအား အကြောင်းကြား၍ ဆောင်ရွက်သွားကြရန် ဖြစ်သည်။

၅။ အဖွဲ့အစည်းနှစ်ခုကြား ဖြစ်ပေါ်လာသည့်ပြဿနာများကို မိတ်ဖက်ပဋိပက္ခနည်းဖြင့် ဖြေရှင်းသွားကြရန် ဖြစ်သည်။

၆။ အခြားသော တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံသွားရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့အချင်းချင်း တွေ့ဆုံဆွေးနွေးပြီးမှ လက်တွဲလုပ်ဆောင်သွားရန် တို့ဖြစ်သည်။

အထက်တွင် ဖော်ပြပါသည့် အချက်အလက်များအပေါ် အခြေခံပြီး ကချင်လူမျိုးနှင့် တအာင်းလူမျိုးတို့၏အကြားတွင် ပတ်သက်၍သော်လည်းကောင်း၊ ပါတီတစ်ခု နှင့် တစ်ခု ပေါင်းသင်းဆက်ဆံဆက်သွယ်ရာတွင်သော်လည်းကောင်း စည်းလုံးညီညွတ်စွာဖြင့် တည်မြဲသော၊ ခိုင်မြဲသော ထာဝရမဟာမိတ်ကို ကမ္ဘာတည်သရွေ့ တည်တံ့သွားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန် ဟူသော ခံယူချက်သဘောထားတူညီကြပြီးအောက်တွင် PSLO ဥက္ကဋ္ဌ တားခွန်သောင်းနှင့် KIO ဥက္ကဋ္ဌ မရန်ဘရန်ဆိုင်းတို့ လက်မှတ် ထိုးထားကြသည်။

အရေးကြီးသော နောက်ဆက်တွဲသဘောတူညီချက်စာချုပ်သည် အောက်ပါအတိုင်းဖြစ်ပါသည်။ တအာင်းပြည်နယ်၏ နယ်မြေဧရိယာကို အောက်တွင် ဖော်ပြထားသည့်အတိုင်း သဘောတူ သတ်မှတ်ရေးဆွဲကြသည်။

၁။ အနောက်မြောက်ဘက်တွင် ရွှေလီမြစ်၊ အနောက်တောင်နှင့် အနောက်ဘက်တွင် မိုးကုတ် - ကျောက်မဲကားလမ်းအတိုင်း၊ အရှေ့ဘက်တွင် ကျောက်မဲ - သီပေါ - နမ္မတူကားလမ်း၊ အရှေ့တောင်နှင့် တောင်ဘက်တွင် နမ္မတူမြစ်အတိုင်းလိုက်၍ နမ့်ခိုင်ချောင်းမှ ကွတ်ခိုင်-မူဆယ်ကားလမ်းမှ တရုတ်နိုင်ငံနယ်စပ်အတိုင်း ရွှေလီတံတားအထိ ဖြစ်သည်။

၂။ ကချင်ပြည်နယ်တွင် နေထိုင်ကြသော တအာင်းလူမျိုးများသည် တအာင်းပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်လိုသည့်အခါတွင်ဖြစ်စေ၊ တအာင်းပြည်နယ်တွင် နေထိုင်ကြသော ကချင်လူမျိုးများသည် ကချင်ပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်လိုသည့်အခါတွင်ဖြစ်စေ ပြောင်းရွှေ့ခွင့်ပြုကြရန် နှစ်ဖက်သော အဖွဲ့အစည်းမှ သဘောတူညီကြသည်။

၃။ တအာင်းပြည်နယ်အတွင်း နေထိုင်ကြသော ကချင်လူမျိုးများသည် တအာင်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်ကာလတွင်ဖြစ်စေ၊ ကချင်ပြည်နယ်အတွင်းရှိ တအာင်းလူမျိုးများ

သည် ကချင်ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့် ကာလတွင်ဖြစ်စေ ခွဲခြားခြင်းမရှိစေဘဲ တန်းတူရည်တူဖြင့် တာဝန်ထမ်းဆောင်နိုင်ကြသည်။ တအာင်းပြည်နယ်အစိုးရမှ ဝန်ထမ်းများက ကချင်ပြည်နယ်အစိုးရသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုသောအခါဖြစ်စေ ပြောင်းခွင့်ပြုပေးကြရန်နှင့် လက်တွေ့ပြောင်းခွင့်ပြုပေးသည့်အခါ လုပ်ငန်းကို မထိခိုက်စေဘဲ သင့်လျော်သလို လှေ့လာသုံးသပ်ပြီး ခွင့်ပြုပေးရန် လိုအပ်သည်။

၄။ တအာင်းခေါင်းဆောင်ကြီး (၂) ဦး နှင့် KIO တပ်ဖွဲ့ဘက်မှ အကြံပြုကော်မတီလူကြီးများတို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး (၁၄-၂-၇၆) ရက်နေ့တွင် သဘောတူညီချက်နှင့် ပူးတွဲကြေငြာချက် မှတ်တမ်းတွင် အစည်းအဝေး၌ နှစ်ဖက်ခေါင်းဆောင်ကြီးတို့ တက်ရောက်လာကြသော လက် မှတ်ရေးထိုးပြီး နိဂုံးချုပ်လိုက်သည်။

ဤအစည်းအဝေးသည် (၅) ရက်ကြာ ကျင်းပပြီး ကချင်ဘာသာဖြင့် မှတ်တမ်းတင်ရေးမှတ်သည့်ပုဂ္ဂိုလ်သည် ထိုအချိန်တွင် KIO/KIA အထွေထွေအတွင်းရေးမှူးဖြစ်သူ လညော်ဇောင်းခရား ဖြစ်သည်။




PSLO/PSLA ဥက္ကဋ္ဌ တားအိုက်မုန်း ဦးဆောင်သောအဖွဲ့နှင့်

KIO/KIA ကိုယ်စားလှယ်များအားတွေ့ရစဉ်

## ၄.၉။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ နှင့် ဥက္ကဋ္ဌသစ် ဗိုလ်မှူးသန်းဝင်း

၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့၊ နံနက် (၉) နာရီ (၄၅) မိနစ်အချိန်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေး ခေါင်းဆောင် ဥက္ကဋ္ဌကြီး တားခွန်သောင်းသည် တအာင်းအမျိုးသားလွတ်မြောက်ရေး တာဝန်ကို ထမ်းဆောင်နေရင်း (၉၆) ပါးသောရောဂါဖြင့် ယခုမန်တုန်မြို့နယ်၊ မုံးဘော် (နမ့်ဟိုင်း) ဒေသ ဆိုင်းခေါင်ကျေးရွာအနီး မန်စန်း တရုတ်ရွာတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်။

ဥက္ကဋ္ဌကြီး တားခွန်သောင်းသည် တက်ကြွပြီး အမြော်အမြင်ကြီးမားကာ တိကျမှန်ကန်သည့် စစ်ရေး၊ နိုင်ငံရေး၊ မူဝါဒသဘောတရားရေးရာတို့ကို ခေတ်နှင့်အညီ ဦးဆောင်နိုင်သော အမျိုးသားတော်လှန်ရေး ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်သည်။

တော်လှန်ရေးခရီးလမ်းခုလတ်တွင် စောစီးစွာထွက်သွားခြင်းသည် တအာင်းအမျိုးသား လွတ်မြောက်ရေးအတွက်သာမက ရှမ်းပြည်နယ်တော်လှန်ရေးအတွက်ပါ ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်ပင် ဖြစ်သည်။ ဥက္ကဋ္ဌကြီး တားခွန်သောင်း၏ အရိုးပြာကို ဟိုမိန်းကျေးရွာ အနောက်ဘက်တောင်ကုန်းပေါ်တွင် ဂူသွင်းသင်္ဂြိုဟ်ထားခဲ့သည်။

၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေး အဖွဲ့၏ ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဗိုလ်မှူးသန်းဝင်း (ဥက္ကဋ္ဌ)၊ တားအုန်းခိုင် (အထွေထွေအတွင်းရေးမှူး)၊ ဗိုလ်ကြီးခေးဆငိုက် (အဖွဲ့ဝင်)၊ ဗိုလ်ကြီးအိုက်မုန်း (အဖွဲ့ဝင်)၊ ဗိုလ်ညီလုံ (အဖွဲ့ဝင်)၊ ဗိုလ်အိုက်လိတ် (အဖွဲ့ဝင်) တို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ သို့သော် ဗဟိုကော်မတီဝင်များတွင် လုပ်ပိုင်ခွင့်(အာဏာ) လုံးဝမရှိဘဲ ဗဟိုကော်မတီတစ်ခုလုံးကို ဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်း တစ်ဦးတည်းသာ ချုပ်ကိုင်ထားသည်။ ဥက္ကဋ္ဌဗိုလ်မှူးသန်းဝင်း၏ ဦးဆောင်နိုင်စွမ်း အားနည်းခြင်း၊ ခေါင်းဆောင်တို့၏ ကျင့်ဝတ်နှင့်အညီကျင့်ကြံနေထိုင်ခြင်းမရှိဘဲ အာဏာကို ရှေ့တန်းတင်၍ အုပ်ချုပ်ခြင်းကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု လျော့ရဲလာပြီး ပြည်သူလူထု၏ ထောက်ခံမှုလည်း ကျဆင်းလာသည်။ လူသူလက်နက်အင်အား အလွန်လျော့နည်းလာသဖြင့် မဟာမိတ်တို့၏ အသုံးချခံဘဝ (ဝါ) လက်အောက်ခံဘဝနီးပါး ကျရောက်ခဲ့သည်။ ထို့ပြင် တအာင်းလူထုနေထိုင်ရာဒေသထဲသို့ တိုးချဲ့လှုပ်ရှား စိုးမိုးနိုင်ရေးကို မဟာမိတ်များက စတင်ကြိုးပမ်းအားထုတ်လာကြသည်။

မဟာမိတ်အချင်းချင်းကြားတွင်လည်း အထင်သေးမှု ဖြစ်ပေါ်လာသည်။ PSLO/PSLA အတွက် ဗကပမှ ပံ့ပိုးပေးသော လက်နက်ငယ်အသစ်မျိုးစုံ (၂၀၀) လက် တိတိကို KIO/KIA တပ်ဖွဲ့ထံမှတစ်ဆင့် ပေးအပ်သည့် ဖြစ်စဉ်မှာလည်း ထိုလက်နက်အသစ်များအစား မဆလစစ်တပ်ထံမှ သိမ်းဆည်းရမိသော G-2, G-3, G-4 လက်နက်ဟောင်းနှင့် အခြားလက်နက်အဟောင်းမျိုးစုံ စုစုပေါင်း (၁၂၀) လက်ဖြင့်သာ အစားထိုးထုတ်ပေးခဲ့သည်။ ၁၉၈၀ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ ဗိုလ်မှူးသန်းဝင်းနှင့် KIO တောင်ပိုင်းတိုင်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး ဆိုင်ဖုန်းတို့ ရှေ့တန်းတနေရာတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးမှု၏ ရလဒ်သည် အောက်ပါအတိုင်း ဖြစ်သည် -

၁။ ၁၉၇၅ ခုနှစ်မှစ၍ PSLO ကိုယ်စား အကူအညီပေး စည်းရုံးအုပ်ချုပ်သွားရန် အပ်နှံထားသော အွယ်လောမြို့နယ်ကို ဆက်လက်တာဝန်ယူသွားရန် ထပ်မံအတည်ပြုသည်။

၂။ (က) KIA တပ်ဖွဲ့များအတွက် ဘုံရန်သူကို လှုပ်ရှားတိုက်ခိုက်သွားရာတွင်လည်းကောင်း၊ ရိက္ခာနှင့်ငွေကြေးတွင်လည်းကောင်း ပို၍အဆင်ပြေရန် ဗျူဟာ (၂) နယ်မြေမှ မိုင်းဝီးကျေးရွာ၊ ပန်ယုတ်ကျေးရွာနှင့် ၎င်းကျေးရွာ၏ လုပ်ကွက်တောင်ကြော၊ ၎င်းတောင်ကြောရှိ ကျေးရွာများအပါဝင် အွယ်လောမြို့နယ်တို့ကို KIO တပ်ဖွဲ့အား လွှဲပြောင်းပေးသည်။

(ခ) PSLO တပ်ဖွဲ့နယ်မြေ၊ မန်တုန်မြို့နယ်မှ အောက်ပါကျေးရွာများနှင့် ၎င်းကျေးရွာများ၏လုပ်ကွက်များ ပါရှိရာ တောင်ကြောများကို KIO တပ်ဖွဲ့အား လွှဲပြောင်းပေးသည်။ အသစ်လွှဲပြောင်းပေးသည့် နယ်မြေနှင့် KIA တပ်ဖွဲ့၊ တပ်ရင်း (၉) ၏ ရှိရင်းစွဲ နယ်မြေအချို့နှင့် ထိန်းညှိဖြည့်စွက်ပေါင်းစပ်၍ "တိုက်ကြယ်မြို့နယ်" အဖြစ် ဖွဲ့စည်းအုပ်ချုပ်သွားရန် သဘောတူညီသည်။ ပါဝင်သောကျေးရွာများမှာ- ကျူဘာန်း၊ ဒါ့ဘာန်း၊ ခါဝမ် ခန်ပတ်၊ ဟိုချက်၊ ဇီးကထောင်း၊ လွယ်ကန်၊ အူမန်း၊ လော့ကျယ်၊ ပန်ကွဲမှ တစ်ဆင့် လွယ်ယားမြို့နယ်နှင့်ထိစပ်၍ အထက်ပိုင်းအွယ်လောမြို့နယ်၊ နယ်နိမိတ်နှင့် မုံးဘော် (နမ့်ဟိုင်း) မြို့နယ်၊ နယ်နိမိတ်တို့၏ ထိစပ်နေသည့် အကြားရှိ ကျေးရွာနယ်မြေအားလုံး ပါဝင်သည်။ (ကျေးရွာအမည်နှင့် နယ်မြေအသေးစိပ်ကို PSLO တပ်ဖွဲ့၊ မြို့နယ်မှူးမှ တင်သွင်းသွားမည်။)

၃။ PSLO မှ KIO အား အပ်နှံထားသည့် တအာင်းပြည်နယ်အတွင်းရှိ မိုင်းဝီးနယ်နှင့် အခြားနယ်တို့သည် ယာယီအကျိုးတူ အပြန်အလှန်သဘောဖြင့် အထက်ဖော်ပြပါ နယ်မြေများတို့ကို အပ်နှံခြင်းနှင့်ပတ်သက်သည့် လုပ်

ဆောင်ချက်ကို ၁၉၈၂ခုနှစ်၊ နှစ်ကုန်အထိ တည်စေသည်။ ဤအကြောင်း အရာနှင့်ပတ်သက်၍ ၁၉၈၃ ခုနှစ်၊ ပထမ (၆) လပိုင်းအတွင်း PSLO အာဏာပိုင် နှင့် KIO တို့အကြား လက်ပြောင်းလက်လွှဲရန် လိုလား (ဝါ) လိုအပ်လာပါက (၁) နှစ်ကြိုတင်၍ အကြောင်းကြား တင်ပြရမည်။

၄။ ဘုံရန်သူကို တိုက်ခိုက်ရာတွင် PSLA တပ်ဖွဲ့များ နှင့် KIA တပ်ဖွဲ့များသည် PSLO/PSLA နယ်မြေနှင့် KIO/KIA နယ်မြေအတွင်း လိုအပ်မှုအရ လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်သည်။ ဌာနချုပ်၏ လုံခြုံမှုအတွက် လည်း လွတ်လပ်စွာ သွားလာလှုပ်ရှား ခိုလှုံခွင့် ရှိသည်။

အငှားနယ်မြေအဖြစ် နမ့်ဖတ်ကာ၊ မိုင်းယုလေး၊ နမ့်ဟိုင်း-မုံးဘော်ဒေသ နှင့် ပြည်ထောင်စု ကားလမ်း နမ့်ခိုင်ချောင်းကြားရှိ ကာလိုင်ဒေသအထိ အပြင် အစောင့်ရှောက်ခံနယ်မြေဆိုပြီး အထက်ပါ နယ်မြေများကို KIO ထံသို့ ယာယီလွဲပြောင်းပေးအပ်ကြောင်း အောက်တွင် PSLO ဘက်မှ ဗိုလ်မှူးသန်းဝင်းနှင့် KIO ဘက်မှ ဗိုလ်မှူးဆိုင်ဖုန်းတို့နှစ်ဦးက သဘောတူ လက်မှတ်ထိုးကြသည်။

ဗိုလ်မှူးသန်းဝင်း လက်ထက်တွင် တအာင်းနယ်မြေအများအပြားကို မဟာမိတ် လက်ထဲသို့ အပ်နှံခဲ့ရသည်။ တအာင်းလူမျိုးနေထိုင်သော နယ်မြေဒေသကို ကာကွယ် စောင့်ရှောက်ရန်နှင့် နယ်မြေစိုးမိုးရန် ကြိုးပမ်းအားထုတ်မှု ပျက်ကွက်သည့်အပြင် အမျိုးသားလွတ်မြောက်ရေး ခေါင်းဆောင်ကြီးတားခွန်သောင်း၏ ကနဦးချမှတ်ထားသော ပလောင်အမျိုးသားပြည်နယ်ရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေး ဟူသော နိုင်ငံရေးလမ်းညွှန်ချက် လမ်းကြောင်းပေါ်မှ သွေဖီလာပြီး အာဏာရင် ဆန်စွာ ကျင့်ကြံ၍ မိန်းမ၊ အရက်နှင့် ဘိန်းများဖြင့် ပျော်ပါးခဲ့ခြင်းကြောင့် နောက်ဆုံး၌ လက်မခံနိုင်သည့်အဆုံး ဗိုလ်အိုက်လိတ်မှ ဦးဆောင်၍ ၁၉၈၁ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် နမ့်ဆန်မြို့နယ်၊ ဟူမန်းကျေးရွာတွင် ဗိုလ်မှူးသန်းဝင်းကို စတင်တိုက်ခိုက်ပြီး အာဏာသိမ်းခဲ့ရာ ဗိုလ်မှူးသန်းဝင်းနှင့် ၎င်း၏နောက်လိုက်များ ထွက်ပြေးတိမ်းရှောင်

သွားပြီး ဗကပ၏ ရှမ်းပြည်မြောက်ပိုင်းခရိုင်ဌာနချုပ်၊ မန်ပေး (မန်ဟီးရိုး) သို့ သွားရောက်တိမ်းရှောင်ခဲ့သည်။

PSLO ဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းကို ၁၉၈၁ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် တအာင်းနယ်မြေမှ ဖယ်ထုတ်ပြီးနောက်ပိုင်းတွင် တပ်တွင်းပြုပြင်ပြောင်းလဲမှုကို အများအပြား ပြုလုပ်ခဲ့သည်။ တအာင်းဒေသတစ်ခုလုံး အမြင်ရှင်းရန် လူထုရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

## ၄.၁၀။ ငေါ့ဆဝိတ် စာချုပ်

ငေါ့ဆဝိတ်စာချုပ်သည် ဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်း၏ ညံ့ဖျင်းသော ဦးဆောင်မှုကြောင့် PSLO တပ်ဖွဲ့၏ အထွေထွေအားနည်းချက်ကို အခွင့်ကောင်းယူ၍ SSPP/SSA တပ်က ယခင် PNF တပ်ရင်း (၅) နယ်မြေစိုးမိုးရန် ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်တွင် မိုင်းတုံနယ်မြေ၊ ပန်စရော့တပ်စခန်း၌ သုံးပွင့်ဆိုင် ချုပ်ဆိုခဲ့သော စစ်ပြေငြိမ်းရေးစာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ကာ PSLO/PSLA နယ်မြေထဲသို့ စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲ၍ စစ်ဆင်ရေးအပြီးတွင် ချုပ်ဆိုသော စစ်ပြေငြိမ်းရေး စာချုပ်တစ်ခုဖြစ်သည်။

ဤစာချုပ်ဖြစ်မြောက်ရေးအတွက် KIO/KIA တပ်မဟာ (၄) တပ်မဟာမှူးဗိုလ်မှူး (BM) ဗိုလ်မှူးဇော်ဘွမ်နှင့် PSLO/PSLA ဗိုလ်ကြီးအိုက်မုန်းတို့ကို ရှေ့ပြေးအဖြစ် SSPP/SSA တပ်နှင့် စေ့စပ်ဆွေးနွေးနိုင်ရန် ကြိုတင်စေလွှတ်လိုက်သည်။

၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်မှ (၂၈) ရက်နေ့အထိ နမ့်ဆန်မြို့နယ်၊ အနောက်ကင်းတိုက်နယ်၊ ငေါ့ဆဝိတ်ကျေးရွာတွင် SSPP/SSA တပ်ဖွဲ့၊ တပ်မဟာ (၃) ပါတီကော်မတီကိုယ်စားလှယ် ရဲဘော်စိုင်းလိတ် (အဖွဲ့ခေါင်းဆောင်)၊ PSLO/PSLA တပ်ဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးသန်းဝင်း (အဖွဲ့ခေါင်းဆောင်)၊ KIO/KIA တောင်ပိုင်းတိုင်းကော်မတီ ကိုယ်စားလှယ် ဗိုလ်မှူးခွန်ချို (အဖွဲ့ခေါင်းဆောင်) တို့ တက်ရောက်ပြီး ရှမ်းပြည်

လွတ်မြောက်နိုင်ရေးအတွက် ရှမ်းပြည်ရှိ လူမျိုးစုတော်လှန်ရေး အသီးသီးတို့သည် မှန်ကန်သောနိုင်ငံရေး တန်းတူရည်တူဖြစ်သော သဘောထားကို အခြေခံပြီး စည်းလုံး ညီညွတ်မှုရှိသည့် ဗဟိုစစ်ဦးစီးချုပ်ကိုင်မှု ကော်မတီတစ်ရပ်ကို ဦးစွာတည်ဆောက်နိုင်ရန် လိုအပ်သည်ဟု အမြင်ချင်း တူညီကြသည်။

ဤစာချုပ်အရ PSLO/PSLA တပ် အုပ်ချုပ်သော နယ်မြေနှင့် တအာင်းကျေးရွာ အများအပြားကို SSPP/SSA တပ်ဖွဲ့ထံ ယာယီလွှဲအပ် ပေးရသည့် စာချုပ်ဖြစ်ပြီး ဤမတရားသော စာချုပ်ကို ငေါ့ဆပိတ်ရွာတွင် ချုပ်ဆိုထားသဖြင့် "ငေါ့ဆပိတ်စာချုပ်" ဟု တအာင်းလူထုကြားတွင် ထင်ရှားခဲ့သည်။

## ငေါ့ဆပိတ်စာချုပ်

**(က) အပစ်အခတ်ရပ်စဲရေး**

ရှမ်းပြည်နယ်ရှိ တော်လှန်ရေး အဖွဲ့အစည်းအသီးသီးတို့သည် အဖွဲ့ အစည်းအချင်းချင်းအကြား စည်းလုံးညီညွတ်ရေးကို အဟန့်အတား ဖြစ်စေသော မလိုလားအပ်သည့် လက်နက်ကိုင်ပဋိပက္ခဟူသမျှကို ၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့၊ (၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် (၆) ရက်နေ့) မှစ၍ လုံးဝရပ်စဲရန် သဘောတူညီသည်။

**(ခ) နယ်မြေဖြတ်သန်းသွားလာရေး**

လိုအပ်သည့်လုပ်ငန်းအပေါ်တွင် မူတည်၍ အဖွဲ့အစည်းတစ်ခုက အခြားအဖွဲ့အစည်းတစ်ခု၏ ကိုင်တွယ်စည်းရုံးထားသော နယ်မြေကို ဖြတ်သန်းသွားလာလိုသောအခါ ဖြတ်သန်းခွင့်ပြုလုပ်ကြရန်နှင့် ဖြတ်သန်းသွားလာသည့်အခါ လိုအပ်သော စားနပ်ရိက္ခာများ ကူညီရန် သဘောတူညီကြသည်။

**(ဂ) ရန်သူသတင်း ဖလှယ်ရေး**

နီးစပ်သော တပ်ဖွဲ့အချင်းချင်း ဘုံရန်သူလှုပ်ရှားမှုနှင့် ရန်သူသွားလာမှု သတင်းဟူသမျှ ဖလှယ်ကြရန် သဘောတူညီကြသည်။

**(ဃ) ယာယီနယ်မြေသတ်မှတ်ရေး**

ယာယီနယ်မြေသတ်မှတ်ရေးနှင့် ပတ်သက်၍ ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုကော်မတီမှ ဆုံးဖြတ်ချက်မချခင် ကာလစပ်ကြား ယာယီအားဖြင့် လိုက်နာကြရန် အောက်ပါအချက်များအတိုင်း သဘောတူသည်_

(၁) တောင်ပိုင်နယ်အတွင်းမှ ဇယ်ဘန်ကောက်၊ မန်ပန်ရွာ အပါအဝင် တောင်မတောင်မဲတိုက်နယ်၊ ကွမ်ဟယ်တိုက်နယ်၊ ကျောက်ဖြူတိုက်နယ်၊ နမ္မတူမြစ် အရှေ့ဘက်ကမ်း၊ နမ္မတူ-လားရှိုးကားလမ်း အနောက်ဘက် ပန်လုံတိုက်နယ်နှင့် လီလုကူးတို့ဆိပ် တောင်ဘက်ခြမ်းတို့ကို SSPP/SSA တပ်မဟာ (၂) မှ ကိုင်တွယ်စည်းရုံးအုပ်ချုပ်သွားရန် သဘောတူသည်။

(၂) နမ့်ဆန်မြို့မတိုက်နယ်အတွင်း ကျေးရွာများဖြစ်သော ဘုရားကြီး၊ ငွန်ဆိုင်း၊ လွယ်ခမ်း၊ မန်မိုင်၊ မန်ခိုက်နှင့် မြို့တွင်း အပါအဝင် ဇယန်းကြီးတိုက်နယ်၊ ကယားတိုက်နယ်၊ မြို့သစ်တိုက်နယ်၊ အနောက်ကင်းတိုက်နယ်၊ ရှော်လဲတိုက်နယ်၊ စောပနာတိုက်နယ် မြောက်ပိုင်းတို့ကို PSLO/PSLA တပ်မှ ကိုင်တွယ် စည်းရုံးအုပ်ချုပ်သွားရန် သဘောတူသည်။

(၃) မိုင်းလုံမြို့နယ် ဗျူဟာ (၁) တပ်ပေါင်းစုနယ်မြေနှင့် ပတ်သက်၍ မြို့သစ်တိုက်နယ်မှ လွယ်ပိန်း၊ လန့်လှမ်၊ လန့်လွယ် အပါအဝင်

လွယ်ခလေး၊ ပန်ကွဲ၊ နားဟူမိန်း၊ ကျောက်ဖြူ၊ ပန်ခါး၊ တောကွတ်၊ နမ့်ခွမ် (ရှမ်း)၊ လွယ်ပက်မှ တောင်ဘက် မိုင်းလုံ မိုးကုတ်နယ်ဖက်သို့ SSPP/SSA တပ်မှ စည်းရုံးကိုင်တွယ် အုပ်ချုပ်သွားရန် သဘောတူသည်။

(၄) ထင်စီ၊ မာမွေလီဆူး၊ ခွန်ခါ၊ နမ့်ဖတ်ကင်၊ လွယ်ခမ်း၊ ဖာဖိန်၊ မန့်မိုင်၊ ပန်စရော့၊ နမ့်ခွမ်(ကချင်)၊ နားလော၊ မန်ပွန်း၊ နမ့်ပိုင်ချောင်း အထိ မန်မောဝ်၊ တွန်မုန်၊ ဖာ့ဒါန်း၊ နားခါးလုံ၊ ဟင်ခုတ်၊ လွယ်ဝိုင်၊ ပန်ဟိုက်မှ မန်ပတ်၊ ပုံကန်၊ မန်အုံ၊ မိုးမိတ်မြို့နယ်အထိ ဗျူဟာ (၁) တပ်ပေါင်းစုမှ ကိုင်တွယ်စည်းရုံးအုပ်ချုပ်သွားရန် သဘောတူသည်။

မှတ်ချက်။ ၁။ ခွန်ခါကျေးရွာသားနှင့်ပတ်သက်သော ပြဿနာရှိပါက လက်နက်ကိုင်ဖြေရှင်းနည်းကို ရှောင်ကြဉ်ပြီး မိတ်ဖက်ပဋိပက္ခ ဖြေရှင်းနည်းဖြင့် သဘောထားကြီးစွာနှင့်ဖြေရှင်းသွားရန် သဘောတူသည်။

၂။ မူရင်းမိတ္တူတစ်စောင်စီကို သက်ဆိုင်ရာအဖွဲ့အစည်း ကိုယ်စားလှယ်များထံသို့ ပေးအပ်ထားသည်။

သဘောတူညီချက်အောက်တွင် အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော SSPP/SSA တပ်ဖွဲ့မှ ရဲဘော်စိုင်းလိတ်၊ PSLO/PSLA တပ်ဖွဲ့မှ ဗိုလ်မှူး သန်းဝင်းနှင့် KIO/KIA တပ်ဖွဲ့မှ ဗိုလ်မှူးခွန်ချိုတို့ သဘောတူ လက်မှတ်ထိုးကြသည်။

## ၄.၁၁။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့နှင့် ဥက္ကဋ္ဌ တားအုန်းခိုင်

အထွေထွေအတွင်းရေးမှူးဖြစ်သူ တားအုန်းခိုင်ကို ဥက္ကဋ္ဌအဖြစ် မတင်မြှောက်မီ ၁၉၈၁ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်မှ (၁၃) ရက်နေ့တွင် KIO တောင်ပိုင်းတိုင်း၊ တပ်မဟာ

(၄) ဌာနချုပ်၊ ဗိုလ်မှူးဆိုင်ဖုန်း၏ နေအိမ်၌ KIO မှ တောင်ပိုင်းတိုင်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးဆိုင်ဖုန်း ဦးဆောင်သောအဖွဲ့နှင့် PSLO မှ အထွေထွေအတွင်းရေးမှူး တားအုန်းခိုင်၊ ဗိုလ်ညီလုံနှင့် ဗိုလ်အိုက်လိတ်တို့ ပါဝင်ပြီး PSLO ၏ တပ်တွင်းအရေးတော်ပုံနှင့် ပတ်သက်၍ အပြန်အလှန် ညှိနှိုင်းသော အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ ထို အစည်းအဝေးတွင် ဥက္ကဋ္ဌဟောင်း ဗိုလ်မှူးသန်းဝင်းအား ပြန်လည်လက်ခံမည်မဟုတ် ကြောင်း အပါအဝင် အချက် (၅) ချက် ပါဝင်သော ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

၁။ ဗဟိုကော်မတီတွင် လတ်တလော ဥက္ကဋ္ဌ မရှိသော်လည်း ဒုတိယဥက္ကဋ္ဌကို မရှိ၍ မဖြစ်သောကြောင့် ရွေးချယ်ရန်၊ ဗဟိုအထွေထွေအုပ်ချုပ်ရေးဌာန၊ ဗဟိုစစ်ဦးစီးဌာန၊ ဗဟိုဘဏ္ဍာရေးဌာနများ ဖွဲ့စည်းသွားရန်၊

၂။ ပါတီမူဝါဒလမ်းစဉ် လုပ်ငန်းပိုင်းဆိုင်ရာကို

(က) မူဝါဒ - တိုးတက်သော အမျိုးသားရေးဝါဒ (ဝါ) အမျိုးသား ဒီမိုကရေစီ၊

(ခ) လမ်းစဉ် - အမျိုးသားနှင့် ပြည်နယ်လွတ်မြောက်ရေးလမ်းစဉ်၊

(ဂ) လုပ်ငန်းပိုင်း - အမျိုးသားနှင့် ပြည်နယ်လွတ်မြောက်သည်အထိ ဆက်လက်ချီတက်သွားရန်။

၃။ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာရန်။ (ယခင်ပြစ်မှုရှိသူများနှင့် ဗိုလ်မှူး သန်းဝင်း နှင့်အတူ ထွက်ပြေးတိမ်းရှောင်သော တပ်ဖွဲ့ဝင်များ ပြန်လည် စည်းရုံးတင်သွင်းခြင်းကို ရည်ရွယ်သည်)

၄။ KIO နှင့် PSLO တို့၏ ထာဝရမဟာမိတ်ရေးရာ၌ ဆက်ဆံဆက်သွယ်မှုကို ယခင်မူလအတိုင်းဖြစ်ပြီး ပိုမိုကျစ်လျစ်ခိုင်မာရန် ဆက်လက် ကြိုးပမ်း သွားရန်။

၅။ တပ်ပေါင်းစုရေးရာကဏ္ဍတွင် ဗျူဟာ (၁) နှင့် (၂) တို့ကို ထိုထက်ကျယ်ပြန့်သော အတိုင်းအတာတစ်ခုအထိ ကြိုးပမ်းသွားရန်နှင့် KIA တပ်ရင်း (၈) တပ်ခွဲ (၁) နှင့် နမ့်ဖတ်ကာမြို့နယ်ကို ပေါင်းပြီး ဗျူဟာ (၃) ဟု သတ်မှတ်ပြီး ဖွဲ့စည်းသွားရန် ရည်ရွယ်ချက်ရှိကြောင်း တပ်မဟာမှူးမှ တင်ပြ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ မည်သည့်အတိုင်းအတာလုပ်ဆောင်သွားမည်ကို ၁၉၈၂ ခုနှစ်တွင် ပြန်လည်တွေ့ဆုံဆွေးနွေးပြီး အတည်ပြုရန် နှစ်ဖက်မှ သဘောတူခဲ့ကြသည်။



ဥက္ကဋ္ဌ တားအုန်းခိုင်

၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့၊ နံနက် (၁၀) နာရီတွင် ပန်ဆွေကျေးရွာ၌ ညီနိူင်းအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပြီး ဗဟိုကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းသည်-

(က)ဗဟိုကော်မတီ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်း

၁။ တားအုန်းခိုင် - ဗဟိုကော်မတီ ဥက္ကဋ္ဌ

၂။ ဗိုလ်ကြီးခေးဆဒိုက် - ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ

၃။ ဗိုလ်ကြီးအိုက်မုန်း - ဒုတိယ ဥက္ကဋ္ဌ

၄။ တားစံမောင် - အထွေထွေအတွင်းရေးမှူး (၂)

၅။ ဗိုလ်ညီလုံ - အဖွဲ့ဝင်

၆။ ဗိုလ်အိုက်လိတ်- အဖွဲ့ဝင်

(ခ) အရံဗဟိုကော်မတီဝင်ကို ရွေးချယ်တင်မြှောက်ခြင်း

၁။ ဒုဗိုလ် သန်းဝေ

၂။ ဒုဗိုလ် အောင်ဆွေ

၃။ ဒုဗိုလ် သိန်းအောင်

(ဂ) စစ်ဘက်ဆိုင်ရာ ရွေးချယ်ခန့်အပ်ခြင်း

၁။ ဗိုလ်ကြီးအိုက်မုန်း - စစ်ဦးစီးချုပ်

၂။ ဗိုလ်ညီလုံ - ဒုတိယစစ်ဦးစီးချုပ်

၃။ ဗိုလ်အိုက်လိတ် - အထွေထွေရုံးအရာရှိ (GSO)

## ၄.၁၂။ KIO မှ အစောင့်ရှောက်နယ်မြေကို ပြန်လည်လက်ခံရယူခြင်း

၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်မှ (၄) ရက်နေ့အထိ PSLO နှင့် KIO တောင်ပိုင်း တိုင်းကော်မတီတို့၏သဘောတူညီချက်အရ စောင့်ရှောက်နယ်မြေကို ၁၉၈၃ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၅) ရက်နေ့အထိ ပူးတွဲလူထုရှင်းလင်းပွဲ ပြုလုပ်ပြီး နယ်မြေလွှဲပြောင်းပေးအပ် လက်ခံရေး ပဏာမညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ကြသည်။

KIO ကိုယ်စားလှယ်အဖွဲ့တွင် ဗိုလ်လဖိုင်ဇော်ယွန်း(ခရိုင်မှူး/ အဖွဲ့ခေါင်းဆောင်)၊ ဒုဗိုလ်ဘောက်ဆန်း (မြို့နယ်မှူး)၊ ဦးလဗျဂမ် (မြို့နယ်အတွင်းရေးမှူး)၊ တပ်ကြပ်ကြီး ဂမ်ဆိုင်း (တပ်ခွဲတာဝန်ခံ)၊ တပ်ကြပ်ကြီးဇော်ခါး (ခရိုင်ငွေတိုက်မှူး) နှင့် တပ်ကြပ် ဇော်လွန်း (ရိက္ခာတာဝန်ခံ) တို့ပါဝင်ပြီး PSLO ကိုယ်စားလှယ်အဖွဲ့တွင် ဗိုလ်ကြီးညီလုံ (ဒုစစ်ဦးစီးချုပ်/ အဖွဲ့ခေါင်းဆောင်)၊ ဗိုလ်ကြီးကျော်ရင် (ဒုအုပ်ချုပ်ရေးမှူး)၊ ဗိုလ်သိန်း အောင် (ရင်း ၁၂၁ တပ်ရင်းမှူး)၊ ဒုဗိုလ်သန်းဝေ (ရင်း ၁၂၁ တပ်ရေးဗိုလ်) တို့ ပါဝင်တက် ရောက်ခဲ့သည်။

PSLO ရွှေလီခရိုင် ကော်မတီကိုယ်စားလှယ်အဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့ တို့၏ ပဏာမညှိနှိုင်းအစည်းအဝေးတွင် PSLO ကိုယ်စားလှယ်အဖွဲ့မှ စတင်၍ ဗဟို ကော်မတီ၏ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် KIO ခရိုင်ကိုယ်စားလှယ်အဖွဲ့၏ တင်ပြချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့၏ တင်ပြချက်များကို KIO တောင်ပိုင်းတိုင်းကော်မတီသို့ ဆက်လက်တင်ပြကြရန်ဖြစ်ပြီး လုပ်ငန်းညှိနှိုင်းချက်များ တွင် လူထုရှင်းလင်းပွဲ ပူးတွဲကျင်းပရေး အစီအစဉ်များကို ရေးဆွဲချမှတ်ကြသည်။ ဒေသခံပြည်သူလူထုများမှ စောင့်ရှောက်နယ်မြေနှင့်စပ်လျဉ်း၍ ရှင်းလင်းနားလည် သဘောပေါက်လာစေရန်နှင့် နယ်မြေလက်ခံယူမည့် PSLO ၏ လုပ်ငန်းစဉ်များ၊ အုပ်ချုပ် ရေးယန္တရားအဆင့်ဆင့် လုပ်ငန်းများကို လူထုရှင်းလင်းပွဲ ကျင်းပပြုလုပ်ရန် ဖြစ်သည်။

မတ်လ (၂၂) ရက်နေ့တွင် PSLO ရွှေလီခရိုင် ကော်မတီအစည်းအဝေးကို ကျင်းပ ပြုလုပ်ရာ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ကြီးညီလုံ ဦးဆောင်၍ ဒုတိယအုပ်ချုပ်ရေးမှူး ဗိုလ်ကြီးကျော်ရင်၊ တပ်ရင်း (၁၂၁) တပ်ရင်းမှူး ဗိုလ်သိန်းအောင်၊ ဒုတပ်ရင်းမှူး ဗိုလ်သန်း ဝေ၊ တပ်ရင်းအရာရှိ ဒုဗိုလ်မျိုးအောင်တို့ ပါဝင်တက်ရောက်ကြသည်။ ၎င်းအစည်းအဝေး တွင် ရွှေလီခရိုင်အုပ်ချုပ်ရေးယန္တရား၏ဖွဲ့စည်းမှု အဆင့်ဆင့်ကို ချမှတ်ရေးဆွဲကြရာ (၁၈) တိုက်နယ်သာ ဖွဲ့စည်းနိုင်ခဲ့၍ (၄) မြို့နယ်အစား (၃) မြို့နယ်ဖြင့် ဖွဲ့စည်းနိုင်သည်။ ရွှေလီ ခရိုင်အတွင်းရေးမှူးကို “တားခွန်ရီ” အား ခန့်အပ်တာဝန်ပေးခဲ့သည်။

ထိုသို့ ရွှေလီခရိုင် အုပ်ချုပ်ရေးဖွဲ့စည်းမှုအဆင့်ဆင့်ကို ရေးဆွဲချမှတ်ပြီး ဒေသခံ မိဘပြည်သူများအား လူထုရှင်းလင်းပွဲကို စတင်လုပ်ဆောင်ကြရသည်။ နမ့်ခမ်းမြို့နယ်ဟု သတ်မှတ်ထားသော နယ်မြေဒေသတွင် ဧပြီလ (၄) ရက်နေ့တွင် အမှတ် (၂) တိုက်နယ်ကို ငေါ့ငါးကျေးရွာ၌ လည်းကောင်း၊ ဧပြီလ (၅) ရက်နေ့တွင် အမှတ် (၁) တိုက်နယ်ကို မန်နိမ်အွန်ကျေးရွာ၌ လည်းကောင်း၊ ဧပြီလ (၇) ရက်နေ့တွင် အမှတ်(၃) တိုက်နယ်ကို လွယ်ပေါင်းကျေးရွာ၌ လည်းကောင်း၊ ဧပြီလ (၁၁) ရက်နေ့တွင် အမှတ် (၄)၊ (၅)တိုက်နယ်တို့ကို တွန်ဟုန်းတအာင်းကျေးရွာတို့၌ လည်းကောင်း လူထုရှင်းလင်းပွဲများ အသီးသီး ကျင်းပပြုလုပ်ခဲ့သည်။

၁၉၈၃ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့တွင် ဗိုလ်ကြီးညီလုံ ဦးဆောင်သော PSLO ကိုယ်စားလှယ်နှင့် KIO ကိုယ်စားလှယ်အဖွဲ့မှ ရွှေလီခရိုင်မှူး ဗိုလ်လဖိုင်ဇော်ယွန်း ဦးဆောင်ပြီး နမ္မတူခရိုင်မှူး၊ ဦးသျှံလုမ်းတို့ ပါဝင်ကြသည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ပန်ကနိုင်းရွာ၌ နယ်မြေလွှဲပြောင်းလက်ခံရေး အခမ်းအနားအစီအစဉ်ရေးဆွဲရန် အစည်းအဝေး ကျင်းပပြုလုပ်ကြသည်။

## နယ်မြေလွှဲပြောင်းလက်ခံခြင်း မှတ်တမ်း

၁၉၈၃ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့တွင် ထာဝရမဟာမိတ်ဖြစ်ကြသော KIO တောင်ပိုင်းတိုင်းကော်မတီကိုယ်စားလှယ်အဖွဲ့နှင့် ပလောင်ပြည်နယ် လွတ်မြောက်ရေး အဖွဲ့ဗဟိုကော်မတီကိုယ်စားလှယ်များ၏ နယ်မြေလွှဲပြောင်းလက်ခံခြင်း မှတ်တမ်း ပြုလုပ်ခဲ့ကြသည်။

ယင်းလွှဲပြောင်းလက်ခံခြင်းအခမ်းအနားတွင် ထာဝရမဟာမိတ် KIO တောင်ပိုင်းတိုင်း ကော်မတီကိုယ်စားလှယ်မှ ပါဝင်သည့်ပုဂ္ဂိုလ်များမှာ –

၁။ ဗိုလ်လဖိုင်ဇော်ယွန်း

(KIO တောင်ပိုင်းတိုင်းကော်မတီဝင်) - အဖွဲ့ခေါင်းဆောင်

၂။ ဦးသျှံလှမ်း (ဥက္ကဋ္ဌ နမ္မတူခရိုင်ကော်မတီ) - အဖွဲ့ဝင်

၃။ ဒုဗိုလ်ဘောက်ဆန်း (ဥက္ကဋ္ဌ မိုင်းဝီးမြို့နယ်ကော်မတီ) - အဖွဲ့ဝင်

၄။ ဒုအရာခံဗိုလ်လမှူး(ဥက္ကဋ္ဌ တိုက်ကျယ်တိုက်နယ်ကော်မတီ) - အဖွဲ့ဝင်

PSLO ဗဟိုကော်မတီကိုယ်စားလှယ်မှ ပါဝင်သည့် ပုဂ္ဂိုလ်များမှာ –

၁။ ဗိုလ်မှူးကြီးညီလုံ (ဒုတိယစစ်ဦးစီးချုပ်) - အဖွဲ့ဝင်

၂။ ဗိုလ်ကြီးကျော်ရင် (ဒုတိယအုပ်ချုပ်ရေးမှူး)- အဖွဲ့ဝင်

၃။ ဗိုလ်သိန်းအောင် (တပ်ရင်း ၁၂၁ တပ်ရင်းမှူး) - အဖွဲ့ဝင်

၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်မှ (၄) ရက်နေ့အထိ KIO တောင်ပိုင်းတိုင်းကော်မတီနှင့် PSLO ဗဟိုကော်မတီကိုယ်စားလှယ်များ၏ တိုင်ပင်ညှိနှိုင်းသဘောတူညီချက်အရ ၁၉၈၃ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် လက်တွေ့လုပ်ငန်း အလွှဲအပြောင်းပြုလုပ်ရန် ဖြစ်သော်လည်း နှစ်ဖက်၏ အခက်အခဲနှင့် အကြောင်းများကြောင့် မပြုလုပ်နိုင်ခဲ့ဘဲ ၁၉၈၃ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့၊ နံနက် (၁၀) နာရီအချိန်တွင် ဗျူဟာ (၂) စစ်ဒေသ၊ ပန်ကနိုင်ကျေးရွာ၌ KIO စောင့်ရှောက်နယ်မြေဒေသကို KIO တောင်ပိုင်းတိုင်းကော်မတီဝင် ရွှေလီ ခရိုင်မှူး ဗိုလ်လဖိုင်ဇော်ယွန်းက လွှဲပြောင်းပေးခြင်းနှင့် PSLO ရွှေလီခရိုင်ကော်မတီကိုယ်စား ဗိုလ်ကြီးညီလုံမှ အောင်မြင်စွာဖြင့် လွှဲပြောင်းလက်ခံယူခြင်း ပြီးစီးကြောင်း နှစ်ဖက်ခေါင်းဆောင်တို့မှ လက်မှတ်ရေးထိုးကြသည်။

## ၄.၁၃။ PSLO နှင့် SSPP တို့အကြား သဘောတူညီချက်ချုပ်ဆိုခြင်း

၁၉၈၃ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုကိုယ်စားလှယ်အဖွဲ့တို့သည် တော်လှန်ရေးနယ်မြေတစ်နေရာ၌ ညီအစ်ကိုရင်းပမာ ချစ်ခင်ရင်းနှီး ပွင့်လင်းစွာဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

### PSLO နှင့် SSPP တို့အကြား သဘောတူညီချက်

PSLO/PSLA တပ်ဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခေးဆငိုက် ဦးဆောင်ပြီး SSPP/SSA တပ်ဖွဲ့မှ ရဲဘော်ဆေနွံ ဦးဆောင်ဆွေးနွေး၍ နိုင်ငံရေး သဘောတူညီချက် (၄) ချက်နှင့် စီးပွားရေးသဘောတူညီချက် (၁) ချက်ဖြင့် အောက်ပါအတိုင်း သဘောတူခဲ့ကြသည်။

**(က) နိုင်ငံရေးပိုင်း သဘောတူညီချက်**

၁။ ပလောင်ပြည်နယ်သည် ရှေးပဝေသဏီကပင် ရှမ်းပြည်နှင့် တပေါင်းတစည်းတည်းဖြစ်ခဲ့ပြီး နောင်အနာဂတ်တွင်လည်း ရှမ်းပြည်နယ်အတွင်းရှိ လူမျိုးပေါင်းစုံနှင့် ဥမကွဲသိုက်မပျက်နေထိုင်ကြကာ သာယာဝပြောသော ရှမ်းပြည်ဖြစ်လာရန် အတူတကွ လက်တွဲတည်ဆောက်သွားမည်ဖြစ်သည်။

၂။ ရှမ်းပြည်နယ်အတွင်းရှိ ပြဿနာများကို တန်းတူရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ကိုယ်ပိုင်အုပ်ချုပ်ရေးမှုဖြင့် အခြေခံ၍ ဖြေရှင်းသွားမည်ဖြစ်သည်။

၃။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီတို့သည် နိုင်ငံရေးအရ ပိုမိုတူညီမှု၊ ညီညွတ်မှုရှိရန် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်သည်။

၄။ ဘုံရန်သူကို တိုက်ခိုက်နေသည့် ရှမ်းပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများ တပေါင်းတစည်းဖြစ်လာရန် နှစ်ဦးနှစ်ဖက်စလုံးမှ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

**(ခ) စီးပွားရေးပိုင်း သဘောတူညီချက်**

၁။ နှစ်ဦးနှစ်ဖက်အတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်လုပ်ဆောင်သွားကြရန်။

အထက်ပါ သဘောတူညီချက်အောက်တွင် PSLO ဒုတိယဥက္ကဋ္ဌ တားခေးဆိုင်က် နှင့် SSPP အဖွဲ့ခေါင်းဆောင် ရဲဘော်ဆန့်တို့ နှစ်ဦး လက်မှတ်ထိုးကြသည်။

## ၄.၁၄။ တပ်ပေါင်းစုတွင် ပါဝင်ခြင်း

KIO, PSLO, NSCN, BCP တို့ဆွေးနွေးပွဲကို ၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်မှ (၁၃) ရက်နေ့အထိ KIO ဗဟိုဌာနချုပ်၊ ပါကျူ (ပါဂျောင်) ၌ ကျင်းပပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ကချင်လွတ်လပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မရန်ဘရန်ဆိုင်း ဦးဆောင်သော ဗဟို ဦးစီးကော်မတီဝင်များ၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ ဗဟိုကော်မတီကိုယ်စား လှယ် ဗိုလ်ကြီးညီလုံနှင့်အဖွဲ့ဝင် ဗိုလ်ကြီးကျော်ရင်၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ ဗိုလ်ကြီးဟော၊ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီကိုယ်စားလှယ်၊ မြောက်ပိုင်းဗျူရို အဖွဲ့ဝင် ရဲဘော်ဘသန်း ဦးဆောင်သောအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ကျယ်ပြန့်သော တပ်ပေါင်းစုအခြေခံမှုကို ချမှတ်နိုင်ခဲ့သည်။

ဆွေးနွေးပွဲတွင် KIO ဥက္ကဋ္ဌ ဦးမရန်ဘရန်ဆိုင်းက ကျယ်ပြန့်သော တပ်ပေါင်းစု အခြေခံမှုကို ခံယူကြရာတွင်-

၁။ လက်ဝဲလက်ယာအားလုံး စုစည်းကြပြီး တန်းတူရည်တူ ဆက်ဆံရေး။

၂။ အချင်းချင်း အပြန်အလှန် လေးစားရေးနှင့် ဒီမိုကရေစီ ကျင့်သုံးရေး။

၃။ ဘုံရန်သူကို တိုက်ခိုက်ကြရာတွင် စုစည်းညီညွတ်မှုဖြင့် အောင်ပွဲခံယူနိုင်မည်ဟု ယုံကြည်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တပ်ပေါင်းစုအခြေခံမှု (၃) ချက် သတ်မှတ်ထားရှိရာတွင်

၁။ ဗမာပြည် ကွန်မြူနစ်ကို မတိုက်လျှင်

၂။ ဘုံရန်သူကို တိုက်ခိုက်လျှင်

၃။ နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်လျှင်

မည်သည့်အဖွဲ့အစည်းတို့နှင့်မဆို တပ်ပေါင်းစုဖွဲ့စည်းရန် သဘောထားရှိကြောင်း၊ PSLO ဗဟိုအဆင့်ဖြင့် အချင်းချင်း တရားဝင် မဆွေးနွေးကြသေးသော်ငြားလည်း လက်တွေ့တွင် ဘုံရန်သူကို တိုက်ခိုက်နေကြကြောင်း၊ ပူးတွဲစစ်ဆင်ရေးများတွင် လက်တွဲလျက်ရှိကြောင်း တရားဝင်ဆွေးနွေးနိုင်ရေးကို မြောက်ပိုင်းဗဟိုဌာနခွဲမှ ဖိတ်ခေါ်ထားကြောင်း၊ တရားဝင်ဆွေးနွေးပွဲကို ကြိုဆိုပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့လေသည်။

PSLO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ကြီးညီလုံက တရားဝင် ဆွေးနွေးရေးကို အလေးထားကြိုးပမ်းခဲ့ပါကြောင်း၊ တရားဝင်ဆွေးနွေးပွဲကို ကြိုဆိုပါကြောင်း၊ ဗဟိုကော်မတီမှ ချမှတ်ထားသည့် PSLO ဆွေးနွေးမည့် အချက်အလက်များနှင့် ပူးတွဲစစ်ဆင်ရေးလုပ်ငန်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ PSLO ၏ လက်ရှိဖွဲ့စည်းပုံနှင့် ဗဟိုကော်မတီ ပြန်လည်ဖွဲ့စည်းမှုကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် PSLO နှင့် SSPP တို့၏ ပဏာမ ညှိနှိုင်းဆွေးနွေးပွဲကို နမ့်ဆန်မြို့နယ်၊ မန်မိုင်မိန်းကွမ်းကျေးရွာ၌ ကျင်းပခဲ့ပြီး PSLO-SSPP တို့၏ ပထမဦးဆုံးသော ပူးတွဲစစ်ဆင်ရေးတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

၁၉၈၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၁၉၈၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ KIO ဌာနချုပ် ပါဂျောင်တွင် ကျင်းပသည့် မဒတအစည်းအဝေးသို့ PSLO ကိုယ်စားလှယ်အဖွဲ့သည် KIO/ KNU/ KNPP/ PNO/ NMSP/ ALP/ SSPP တို့နှင့်အတူ တက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီးတွင် ထုတ်ပြန်ကြေညာချက် တစ်စောင်ကို ထုတ်ပြန်ကြေညာသည်။ ထုတ်ပြန်ကြေညာချက်တွင်

## အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)ဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေညာချက်

တိုင်းရင်းသားလူမျိုးစုံပြည်သူလူထုအပေါင်း

၁။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ကိုယ်စားလှယ်များသည် ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့မှ ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့အထိ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့၊ ဗဟိုဌာနချုပ်၊ ပါကျူ (ပါဂျောင်) တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။ ဤအစည်းအဝေးတွင် မဒတ အဖွဲ့ဝင်များဖြစ်ကြသော_

| | |
|---|---|
| (၁) မရန်ဘရန်ဆိုင်း | - ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) |
| (၂) ခွန်းအေဘယ် (လ်)တွိဒ် | -ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ |
| (၃) ပဒိုမန်းရှာ | - ကရင်အမျိုးသားအစည်းအရုံး (KNU) |
| (၄) ဗိုလ်မှူးခေးဆင်ကိုက် | -ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO) |
| (၅) ဗိုလ်မှူးခွန်ဦးကျော် | - ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်(PNO) |
| (၆) နိုင်အောင်တင် | - မွန်ပြည်သစ်ပါတီ (MNSP)၊ |
| (၇) ခိုင်စိုးနိုင်အောင် | - ရခိုင်ပြည်လွတ်လပ်ရေးပါတီ (ALP) |
| (၈) ဗိုလ်မှူးကြီးစိုင်းလိတ် | - ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် |

(၉) ဝအမျိုးသားအဖွဲ့ချုပ် (WNO) - (ကိုယ်စားလှယ်စေလွှတ်နိုင်ခြင်းမရှိ)

စသည့် လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

၂။ မဒတကိုယ်စားလှယ်များသည် ဤအစည်းအဝေးကို တော်လှန်ရေးစိတ်ဓာတ်ဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် တိုက်ပွဲဝင်သွေးစည်းညီညွတ်မှု စိတ်ဓာတ်အပြည့်အဝဖြင့် ကျင်းပခဲ့ကြပြီး မဒတအဖွဲ့ဝင်အတွင်း အဖက်ဖက်မှ သွေးစည်းခိုင်မာမှုအတွက် ဤမဒတနှင့် ပြည်တွင်းလက်နက်ကိုင် တော်လှန်ရေးအင်အားစုများအကြား တစ်ဆင့်တိုးပြီး ပူးပေါင်းဆောင် ရွက်သွားရေးအတွက်သော်လည်းကောင်း၊ တစ်ပြည်လုံးရှိ အဖိနှိပ်ခံ အမျိုးသားများ၊ အဖိနှိပ်ခံပြည်သူများအား တစ်ဆင့်တိုး၍ စည်းရုံး ရှေ့ဆောင်သွားရန်အတွက် သော်လည်းကောင်း၊ မဆလ စစ်အစိုးရအား အဖက်ဖက်မှ တစ်ဆင့်တိုး၍ ဆန့်ကျင့်တိုက်ခိုက်သွားရန်အတွက် သော်လည်းကောင်း၊ အရေးပါသည့် ဆောင်ရွက်ချက်များကို ချမှတ်ခဲ့ကြသည်။

၃။ မျက်မှောက်အချိန်သည် မဆလစစ်အာဏာရှင်အစိုးရအနေနှင့် အဖိနှိပ်ခံ တိုင်းရင်းသားလူမျိုးစုများအားလည်းကောင်း၊ အဖိနှိပ်ခံပြည်သူများအား လည်းကောင်း တစ်ဆင့်တက်၍ ဖိနှိပ်သွေးစုပ် အကျပ်ကိုင်နှိပ်ကွပ်သည့်အချိန် ဖြစ်သည်။ တစ်ဆက်တည်းတွင် တော်လှန်ရေးအင်အားစုအားလုံးသည် တစ်ဆင့်တိုး၍ စစ်ဆင်နေသည့် အချိန်လည်း ဖြစ်သည်။

ဤအကြောင်းများကြောင့် တစ်ပြည်လုံးတွင် ပြည်တွင်းစစ်မီး ပိုမိုကြီးမား စွာ တောက်လောင်လာနေပြီး တိုင်းရင်းသားလူထုအားလုံး ပိုမိုကြီးမား လာသည့် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်နေသည့် အချိန်လည်း ဖြစ်သည်။ မဆလအစိုးရသည် တော်လှန်ရေးအင်အားစုများအပေါ် နိုင်ငံရေးအရ လှည့်စားခြင်း၊ စည်းရုံးရေးအရဖြိုခွဲခြင်း၊ စစ်ရေးအရ ပိုမိုကြီးမားသည့် စစ်ဆင်ရေးများ လုပ်ဆောင်နေခြင်းသည် အလွန်ရိုင်းစိုင်းဖောက်ပြန်သည့်

လုပ်ရပ်များကို လုပ်ဆောင်နေသည်။ တစ်ချိန်တည်းတွင် တစ်ဖက်မှ တိုင်းရင်းသားလူမျိုးစုများ၊ ပြည်သူလူထုများ အပေါ်တွင် လိမ်ညာဝါဒ ဖြန့်မှုများ၊ ဖိနှိပ်သွေးစုပ်အကျပ်ကိုင်မှုများ၊ နှိပ်ကွပ်မှုများကိုလည်း လုပ်ဆောင် နေပေသည်။

သို့သော် တော်လှန်ရေးအစဉ်အလာ ကြီးမားသည့် တိုင်းရင်းသားလူမျိုးစုများ၊ ပြည်မတော်လှန်ရေးအင်အားစုများက မဆလ၏ လုပ်ရပ်များကို တစ်ဖက်မှ အဆက်မပြတ်ဖွင့်ချပြီး အခြားတစ်ဖက်မှ ခေါးခါးချင်း လုံလုံချင်း ပြတ်သားစွာ ရင်ဆိုင်တိုက်ပွဲဆင်မှုကြောင့် မဆလအစိုးရသည် နိုင်ငံဘဏ္ဍာရေး စသည့် အထွေထွေအကျပ်အတည်းများနှင့် တိုး၍ ရင်ဆိုင်နေရရုံမျှမက ပြည်တွင်း ပြည်ပ နှစ်ရပ်စလုံးတွင် ၎င်း၏ ဖောက်ပြန်သည့် ပင်ကိုယ်ဇာတ်ရုပ်ကို ဖွင့်ချသည်ထက် ပွင့်ကျလာပြီး သိက္ခာကျသည်ထက် ကျဆင်းလာလျက် ရှိနေပေသည်။ ဤအခြေအနေသည် တော်လှန်ရေး တိုးတက်ဖြစ်ပေါ်ရန် အတွက် အလွန်ကောင်းသည့် အခြေအနေ ဖြစ်ပေသည်။

၄။ မဒတသည် တိုင်းရင်းသားလူမျိုးစုများအားလုံး၏ တရား၍ ပြီးပြည့်စုံသော အခြေခံအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက်လည်းကောင်း၊ ပြည်သူ များ၏ ပြီးပြည့်စုံသော အခြေခံဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝရရှိရေး အတွက်လည်းကောင်း ဦးလည်မသုန် တိုက်ပွဲဝင်သွားမည် ဖြစ်ပေသည်။ တစ်ပြည်လုံးရှိ တော်လှန်ရေးအင်အားစုများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန် အတွက် စွဲမြဲစွာ ကြိုးပမ်းသွားမည် ဖြစ်ပေသည်။ စည်းလုံးနိုင်သမျှ အင်အားများ ကို စည်းလုံးညီညွတ်၍ မဆလစစ်အာဏာရှင်အား အဆုံးတိုင်အောင် တိုက်ဖျက်သွားမည် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုံပြည်သူလူထုအပေါင်းတို့ - ဘဝသစ်အတွက် နိုးထလော့။

သွေးစည်းကြပြီး မဆလစစ်အာဏာရှင်အစိုးရအား - အပြုတ်တိုက်လော့။

## အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) မြောက်ပိုင်းစစ်ကြောင်း ဖွဲ့စည်းခြင်း

မဒတကိုယ်စားလှယ်များ၏ ပါကျူ (ပါဂျောင်) အစည်းအဝေးကာလအတွင်း၌ မဒတမြောက်ပိုင်း စစ်ကြောင်းဌာနချုပ် (မစခ)ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၁။ မြန်မာနိုင်ငံရှိ အဖိနှိပ်ခံတိုင်းရင်းသားများကို တစ်ဆင့်တိုး စည်းရုံးနိုင်ရန်နှင့် ဘုံရန်သူစစ်အစိုးရကို အဖက်ဖက်မှ ဆန့်ကျင်တိုက်ခိုက်သွားနိုင်ရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တို့ စုစည်းပြီး အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ကို တညီတညွတ်တည်း ပါဝင်ဖွဲ့စည်းခဲ့သည်။

၂။ မဒတအဖွဲ့ဝင် ကိုယ်စားလှယ်များသည် ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့မှ ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့အထိ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ဗဟိုဌာနချုပ်၊ ပါကျူ (ပါဂျောင်) တပ်စခန်း၌ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြပြီး ၎င်းအစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ချက်မှာ မဒတအဖွဲ့ဝင် (၉) ဖွဲ့ ကို တောင်ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ စစ်ကြောင်း (၃) ခုဖြင့် ပူးတွဲတပ်ဖွဲ့ အသွင်သဏ္ဍာန်ဖြင့် ဘုံရန်သူကို တိုက်ခိုက်နိုင်ရန် ဖွဲ့စည်းလိုက်သည်။

(၁) တောင်ပိုင်းစစ်ကြောင်း - KNU, ALP, MNSP

(၂) အလယ်ပိုင်းစစ်ကြောင်း - WNO, PNO, KNRC (KNPP)

(၃) မြောက်ပိုင်းစစ်ကြောင်း - SSPP, KIO, PSLO တို့ ပါဝင်ဖွဲ့စည်းလိုက်သည်။

၃။ မဒတကိုယ်စားလှယ် အစည်းအဝေးပြီးနောက် မြောက်ပိုင်းစစ်ကြောင်းတွင် ပါဝင်သည့် SSPP, KIO, PSLO ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ ပါဝင်၍ အစည်းအဝေး ထပ်မံကျင်းပခဲ့သည်။ မြောက်ပိုင်း စစ်နယ်မြေစစ်ကြောင်း ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး တစ်ဦးချင်းတာဝန်မှာ –

(က) KIO ဥက္ကဋ္ဌ မရန်ဘရန်ဆိုင်း - ဥက္ကဋ္ဌ

(ခ) SSPP အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်မှူးကြီးစိုင်းလိတ် - စစ်ရေးတာဝန်ခံနှင့်

(ဂ) PSLO ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခေးဆိုင်က် - စီးပွားရေးတာဝန်ခံ တို့ ဖြစ်သည်။

၄။ မဒတမြောက်ပိုင်းစစ်နယ်မြေစစ်ကြောင်း၏ အမြဲတမ်းပူးတွဲတပ်ရင်းကို ဦးစွာဖွဲ့စည်းလိုက်သည်။ ၎င်းတပ်ရင်း၏ အမည်နာမကို (၅၁၂၁) တပ်ရင်းဟု ခေါ်တွင်သည်။ ဖွဲ့စည်းပုံမှာ (၃)စိတ် တစ်စု၊ (၃) စု တစ်ခွဲ၊ (၃) ခွဲတစ်ရင်းဖြင့် စတင်ဖွဲ့စည်းလိုက်သည်။ နောက်ပိုင်းတွင် (၈၆၁) တပ်ရင်းဟုအမည် ပြောင်းထားသည်။

စတင်ဖွဲ့စည်းသော ၎င်းတပ်ရင်းတွင်

(၁) SSA မှ ဗိုလ်ကြီးစိုင်းလူး - တပ်ရင်းမှူး

(၂) KIA မှ ဗိုလ်လဗိုင်ဘောက်နော် - ဒုတိယတပ်ရင်းမှူး

(၃) PSLA မှ ဗိုလ်အောင်လွင် - တပ်ရေးဗိုလ်

(၄) PSLA မှ ဒုအရာခံဗိုလ်အိုက်ပန်း - တပ်ရင်းအရာခံဗိုလ်

ပူးတွဲတပ်ကို တိကျစွာ ဖွဲ့စည်း၊ တိကျစွာ နယ်မြေသတ်မှတ်၊ တိကျသည့် တာဝန်ကို ပေးအပ်၊ တိကျသည့် အာဏာကို အပ်နှင်းပေးပြီးဖြစ်၍ တိကျစွာ လှုပ်ရှားတိုက်ခိုက် စည်းရုံးသွားနိုင်ရန် လိုအပ်သည်။

၅။ SSA က တပ်ခွဲ (၁)၊ PSLA တပ်ခွဲ (၂) နှင့် KIA က တပ်ခွဲ (၃) အဖြစ် သတ်မှတ်ပြီး၊ တပ်ရင်းမှူးမှ တပ်သားအထိ စစ်မိန့် တူညီရန် ဗမာလို စစ်ရေးလေ့ကျင့်ရေးကို ဆက်လက်လေ့ကျင့်ရမည် ဖြစ်သည်။

၆။ တပ်သားများ၏ ရပိုင်ခွင့်မှာ တစ်နှစ်အတွင်းတွင် စစ်ဝတ်တန်ဆာ ထောက်ပံ့ကြေး (၈၀၀) ကျပ်နှင့် လစဉ်ရိက္ခာနှင့် အထွေထွေသုံးငွေ (၃၅) ကျပ်တိတိဖြင့် ထောက်ပံ့သွားရန် ဖြစ်သည်။

၇။ ဒေသမြောက်ပိုင်း၊ စစ်နယ်မြေ စစ်ကြောင်းအဖွဲ့ဝင် အဖွဲ့အစည်း (၃) ဖွဲ့တို့သည် အမျိုးသားလက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ဆုပ်ကိုင်၍ အောက်ပါ အတိုင်း နိုင်ငံရေးခံယူချက်နှင့် ရည်မှန်းချက်ပန်းတိုင်ကို တညီတညွတ်တည်း အတည်ပြုကြသည်။

(၁) တန်းတူရေး၊ သွေးစည်းညီညွတ်ရေးနှင့် အပြန်အလှန်ကူညီရေး။

(၂) တပ်ပေါင်းစုကို ပိုမိုကျယ်ပြန့်ခိုင်မာတောင့်တင်းရေး။

(၃) အမျိုးသားလက္ခဏာ အင်္ဂါရပ်များနှင့်ပြည့်စုံသော လူမျိုးစုအမျိုးသားများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် (ဝါ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရယူသည့် နည်းတူ ဗမာအမျိုးသားလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် (ဝါ) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရယူရေး။

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ကို အားလုံးစုစည်းသည့် ပြည်နယ်ပေါင်းစုံ ပြည်ထောင်စုကြီး ဖွဲ့စည်းတည်ဆောက်ရေး။

(၅) တန်းတူရေးကို အခြေခံ၍ ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်အရေအတွက် ညီတူညီမျှပါဝင်သော ပြည်ထောင်စုအစိုးရဖွဲ့စည်းရေး။

(၆) ပြည်နယ်အတွင်း အမျိုးသားလက္ခဏာအင်္ဂါရပ်နှင့် ပြည့်စုံသော လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ခရိုင်၊ မြို့နယ် စသည်ဖြင့် တည်ရှိခွင့်ပေးရေး။

၈။ တပ်ပေါင်းစုထူထောင်ရခြင်း၏ ရလဒ်သည် အောင်မြင်မှုနှင့် ရှုပ်ထွေးမှုများ တွေ့ကြုံ ဖြတ်သန်းရေး။

တစ်ဦးတစ်ယောက်လုပ်၍ မရသောလုပ်ငန်းသည် အများဖြင့် စုစည်းလုပ်မှသာ လျှင် အောင်မြင်မှုရသကဲ့သို့ လူမျိုးတစ်မျိုးတည်းနှင့် ဖြေရှင်းလုပ်ကိုင်၍ မရ သော ပြဿနာကိုလည်း လူမျိုးပေါင်းစုံဖြင့် ဖြေရှင်းမှသာလျှင် အောင်မြင်နိုင် သည်။ ထိုနည်းတူ အဖွဲ့အစည်းတစ်ခု (ဝါ) တစ်ပါတီနှင့် လုပ်၍မရသော၊

ဖြေရှင်း၍ မရသော ပြဿနာသည် တပ်ပေါင်းစု (ဝါ) ပါတီပေါင်းစုံဖြင့် ဖြေရှင်းလျှင် အောင်မြင်နိုင်သည်။

ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေး၊ လွတ်မြောက်ရေး ရရှိသည့် တိုင်းပြည်အချို့တို့သည် တပ်ပေါင်းစုဖြင့်တိုက်၍ အောင်ပွဲခံခဲ့ကြောင်း တွေ့မြင်နိုင်ပေသည်။ ကျွန်ုပ်တို့နှင့် နီးကပ်စွာရှိသော တရုတ်ပြည်ကြီးသည် မော်စီတုံးနှင့် ချန်ကေရှိတ်တို့၏ တပ်ပေါင်းစုဖြင့် ဂျပန်ကို တိုက်ထုတ်၍ အောင်ပွဲခံနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးစုများ ပါဝင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို စုပေါင်းတိုက်ထုတ်၍ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးကို ရခဲ့သည်။ သို့သော် ရရှိခဲ့သည့် လွတ်လပ်ရေး၏ အနှစ်သာရကို လူနည်းစုတိုင်းရင်းသားများက အကျိုးခံစားခွင့် မရရှိခဲ့ကြပေ။ လက်တစ်ဆုပ်စာမျှသော အုပ်ချုပ်သူ လူတန်းစား တစ်စု အတွက်သာ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ယနေ့လူမျိုးပေါင်းစုံ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း အသီးသီးတို့ သွေးစည်းညီညွတ်ပြီး တပ်ပေါင်းစုအသွင်ဖြင့် ခြေညီလက်ညီ တိုက်ခိုက်မှသာလျှင် ဘုံရန်သူကြီးကို အနိုင်တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် မဒတမြောက်ပိုင်း စစ်နယ်မြေစစ်ကြောင်းဌာနချုပ် (မစခ) တပ်ရင်း (၈၆၁) ထဲတွင် ပါဝင်သည့် အဖွဲ့အစည်းအသီးသီးမှ တပ်မှူးတပ်သားများ အားလုံးသည် အထက်မှ တာဝန်ပေးသည့်ညွှန်ကြားချက်ကို လိုက်နာပြီး စည်းလုံးညီညွတ်စွာဖြင့် ကျရာတာဝန်များ ထမ်းဆောင်သွားရန် လိုအပ်သည်။

၉။ သက်ဆိုင်ရာမှ ချမှတ်သည့် စည်းကမ်းချက်၊ တပ်မတော်ကျင့်ဝတ်၊ ကတိသစ္စာ၊ ပြည်သူ့ဆက်ဆံရေးကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန်နှင့် ရှောင်ရှားသွားရန် လိုအပ်ပေသည်။ မဖျှော်လင့်ဘဲ ပြစ်မှုကျူးလွန်မိပါက သက်ဆိုင်ရာမှ ပေးအပ်မည့် ပြစ်ဒဏ်ကို ခံယူနိုင်ရမည်။

၁၀။ ပူးတွဲတပ်ရင်းသည် လုပ်ငန်းတာဝန် လိုအပ်မှုအရ အခြားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေသို့ ဝင်ရောက်လျှင် သင့်မြတ်သော ဆက်ဆံရေး၊ သင့်မြတ်သော စည်းရုံးရေးကို ကျင့်သုံးလျက် အကြံဉာဏ်ယူခြင်း၊ အကြံပြုခြင်း၊ သတိဝိရိယထားခြင်းဖြင့် သွားလာလှုပ်ရှားရန် မြောက်ပိုင်းအဖွဲ့ဝင် (၃) ဖွဲ့မှ ခေါင်းဆောင်များနှင့် ကော်မတီဝင်များက ဆုံးဖြတ်ချက်နှင့်အတူ ချပြ ရှင်းလင်းခဲ့သည်။

စစ်ကြောင်းအဖွဲ့ KIO, PSLO, SSPP သုံးပွင့်ဆိုင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ခဲ့သည်။ ကြေညာချက် အပြည့်အစုံမှာ

| လေးစားအပ်ပါသော မိဘပြည်သူတို့ခင်ဗျား_ |
| --- |
| ရှမ်းပြည်တိုးတက်ရေးပါတီ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေး အဖွဲ့နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ အပါအဝင် အားလုံးပေါင်း (၃) ပါတီ ပါဝင်သည့် မဒတ ကိုယ်စားလှယ်အစည်းအဝေးကို ကချင်ပြည်လွတ်လပ်ရေး အဖွဲ့၊ ဗဟိုဌာနချုပ်တွင် ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့မှ ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်သည်။ |
| မဒတကိုယ်စားလှယ်အစည်းအဝေး ပြီးဆုံးပြီးနောက် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့တို့သည် သုံးပွင့်ဆိုင်ပြီး သီးသန့်ဆွေးနွေးပွဲ ပြုလုပ်သည်။ ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ပွင့်လင်းရင်းနှီးစွာဖြင့် အမျိုးသားလက်နက်ကိုင် တော်လှန်ရေး၏ လုပ်ငန်းစဉ်များ၊ ပြဿနာများနှင့် ရှမ်းအမျိုးသားများ၊ တအာင်းအမျိုးသားများနှင့် ကချင်အမျိုးသားတို့၏ အရေးတို့ကို အလေး အနက် ဆွေးနွေးခဲ့ကြသည်။ |

ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲ၏ ကောင်းကျိုးရလဒ်မှ အရေးကြီးသော အချက်အလက်အချို့ကို မိဘပြည်သူများ သိသာရန် ကျွန်ုပ်တို့၏ သုံးပွင့်ဆိုင် ပါတီ အဖွဲ့အစည်းများတို့သည် ခိုင်မာစွာလက်တွဲပြီး လက်နက်ကိုင် တော်လှန်ရေးကို အောင်ပွဲရသည်အထိ တစည်းတလုံးတည်း အတူကကွ ဆင်နွဲသွားရန် ဤပူးတွဲကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။

၁။ ရှမ်းပြည်တိုးတက်ရေးပါတီနှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ တို့သည် ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့က ထုတ်ပြန် လိုက်သည့် ပူးတွဲကြေညာချက်၏ စိတ်ဓာတ်တစ်ခုလုံးနှင့် အနှစ် သာရတစ်ခုလုံးကို ခိုင်မြဲစွာဆုပ်ကိုင်လျက် ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့နှင့်လည်း တစ်ဆင့်တိုး၍ (၃) ပွင့်ပါတီ တိုးချဲ့ တည်ဆောက်လိုက်ကြသည်။

ဤ (၃) ပါတီညီညွတ်ရေးကို တည်ဆောက်နိုင်ကြခြင်းသည် ရှမ်းအမျိုးသား၊ တအာင်းအမျိုးသားနှင့် ကချင်အမျိုးသားတို့၏ လက်နက်ကိုင်တော်လှန်ရေးသမိုင်းတို့တွင် အကြီးမားဆုံးသော အောင်မြင်မှုတစ်ရပ်နှင့် ဘုံရန်သူကို ကျဆုံးအောင် ထိုးနှက် တိုက်ခိုက်ရေးအတွက် ခိုင်မာသည့်အာမခံချက်တစ်ရပ် ဖြစ်ကြောင်း ပါတီအဖွဲ့အစည်း သုံးရပ်စလုံးမှ လေးနက်စွာ မှတ်ယူကြသည်။

၂။ ကျွန်ုပ်တို့ ပါတီအဖွဲ့အစည်းသုံးရပ်သည် ရှမ်းပြည်ရှိ အမျိုးသားများ အားလုံး သွေးစည်းညီညွတ်လာနိုင်ရေး အတွက်သော်လည်း ကောင်း၊ ရှမ်း-တအာင်း-ကချင်အမျိုးသားများ၏ သွေးစည်းညီညွတ် ရေးကို ထာဝစဉ် ခိုင်မာတိုးတက်ရေး အတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံရှိ တော်လှန်ရေးအဖွဲ့အစည်းအားလုံးသည်လည်း တစည်းတလုံးတည်း ဖြစ်ပေါ်လာနိုင်ရေးအတွက် သော်လည်း ကောင်း မလျော့သော ဇွဲလုံ့လဖြင့် အတူလက်တွဲ အားထုတ် ကြိုးပမ်းသွားကြမည်။

၃။ ကျွန်ုပ်တို့ ပါတီအဖွဲ့အစည်းသုံးရပ်တို့သည် မျက်မှောက် တော်လှန်ရေးကာလတွင် သွေးစည်းညီညွတ်စွာဖြင့် အတူလက်တွဲ တိုက်ပွဲဝင်ရောက်နေကြမည်သာမက ရေရှည်ကာလတွင်လည်း ကျွန်ုပ်တို့၏ နောင်လာနောင်သား အဆက်ဆက်တို့ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူယှဉ်တွဲနေထိုင်သွားနိုင်ကြရန် ခိုင်မာသည့် အခြေခံအုတ်မြစ်ကို ချသွားကြမည်။

၄။ ကျွန်ုပ်တို့ အဖွဲ့အစည်းသုံးရပ်စလုံးသည် တန်းတူရေး၊ သွေးစည်းညီညွတ်ရေးနှင့် စစ်မှန်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးမှုတို့ကို ခိုင်မာစွာဆုပ်ကိုင်သွားကြရမည်။ ကိုယ့်ဒူးကိုယ်ချွန်ရေးမူကို အဓိကထားကာ လက်တွေ့အကျိုးတူ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန် ကူညီရေးတို့ဖြင့် အားဖြည့်ဆုပ်ကိုင် သွားကြမည်။ ဟူ၍ ပါရှိပြီး အောက်တွင် SSPP အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်မှူးကြီး စိုင်းလိတ်၊ PSLO ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခေးဆငိုက်၊ KIO ဥက္ကဋ္ဌ မရန်ဘရန်ဆိုင်း တို့ အသီးသီး လက်မှတ်ထိုးကြသည်။

## ၄.၁၅။ ငေါ့ဆဝိတ်စာချုပ်အရ ယာယီအပ်နှံထားသော နယ်မြေများ ပြန်လည်လွှဲအပ်ခြင်း

မဒတ (ဗဟို)နှင့် မဒတမြောက်ပိုင်း စစ်နယ်မြေစစ်ကြောင်း (မစခ) ဖွဲ့စည်းရေး အစည်းအဝေး ပြီးသည်နောက် SSPP/SSA နှင့် PSLO/PSLA ကိုယ်စားလှယ်တို့သည် KIO ဗဟိုဌာနချုပ်၊ ဗကပမြောက်ပိုင်းဗျူရို၊ မုံးကိုးဌာနချုပ်တွင် ထပ်မံတွေ့ဆုံ၍ နယ်မြေကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ SSPP/SSA တပ်ဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်မှူးကြီးစိုင်းလိတ် ဦးဆောင်ပြီး PSLO/PSLA တပ်ဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူး

ခေးဆင်ုက် ဦးဆောင်ကာ နှစ်ဖက်သော ကိုယ်စားလှယ်များအားလုံး စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်ဖက်သော ကိုယ်စားလှယ်များ၏ သဘောထားကြီးမှုဖြင့် လူမျိုးနှစ်မျိုး၏ ချစ်ကြည်ရင်းနှီးမှုကို အရှည်သဖြင့် ထောက်ရှုကာ အောက်ပါအတိုင်း အရေးကြီးသော အချက်များကို လျှို့ဝှက်စွာ သဘောတူဆုံးဖြတ်ကြသည်။

ဆုံးဖြတ်ချက်မှာ

၁။ ငေါ့ဆပိတ်စာချုပ်အရ အခန်း (ဃ)၊ အပိုဒ် (၁) နှင့် အပိုဒ် (၃) ပါ PSLO/ PSLA မှ SSPP/SSA ထံသို့ ယာယီလွှဲအပ်ပေးထားသော နယ်မြေအားလုံးကို PSLO/PSLA သို့ ပြန်လည်လွှဲအပ်ပေးရန်နှင့် အခန်း (ဃ)၊ အပိုဒ် (၄) ပါ နယ်မြေများကို PSLO/PSLA ၏ အုပ်ချုပ်မှုအောက်ကို အပြည့်အဝ ထားရှိရန်။

၂။ ထိုနယ်မြေများအစား မိုင်းရင်နှင့် မိုင်းပါးနယ်မြေများကို SSPP/SSA အား လှုပ်ရှားစည်းရုံးခွင့်ပြုရန် ဟူ၍ ပါရှိသည်။

ဤအစည်းအဝေးဆုံးဖြတ်ချက်ကြောင့် SSPP/SSA ဗဟိုဌာနချုပ်ရှိ ဗဟိုကော်မတီဝင်အချို့ မကျေနပ်ကြ၍ နောက်ပိုင်းတွင် SSPP/SSA တပ်ဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်မှူးကြီးစိုင်းလိတ်ကို ဗိုလ်မှူးဆေထင်က ဦးဆောင်၍ ဖယ်ရှားလိုက်ပြီး စစ်အစိုးရနှင့် ငြိမ်းချမ်းရေးကို အရင်ဦးစွာ ယူရသည့်အဆင့်အထိ ဖြစ်ခဲ့ရသည်။

၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် PSLO ဗဟိုဌာနချုပ်ကို ထိုးစစ်ဆင်တိုက်ခိုက်ခံနေရသဖြင့် လှုပ်ရှားဌာနချုပ်ကို ဆမ်ငမ်ရွာတွင် ပြောင်းရွှေ့အခြေစိုက်ခဲ့သည်။

ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (KIO) ဗဟိုဌာနချုပ်၊ ပါဂျောင်တွင် ကျင်းပခဲ့သော မဒတအစည်းအဝေးအပြီး PSLO ဌာနချုပ်သို့ ပြန်ရောက်သောအခါ ၁၉၈၆ ခုနှစ်တွင် PSLO ဥက္ကဋ္ဌ အဖြစ် တားခေးဆင်ုက်ခေါ် တားကျော်လှမှ ပြောင်းလဲ တာဝန်ယူ

သည်။ ၁၉၈၈ ခုနှစ် မတ်လ ၅ ရက်တွင် တားအိုက်မုန်း ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး အတွင်းရေးမှူး အဖြစ် ဦးကျော်ရင်၊ စစ်ဦးစီးချုပ်အဖြစ် တားညီလုံတို့ တာဝန်ယူခဲ့၏။

၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် နမ့်ဆန်မြို့နယ်၊ ဟူမန်းကျေးရွာ၌ လူထုရှင်း လင်းပွဲတစ်ရပ် ကျင်းပပြုလုပ်ပြီး (၁၉) ရက်မှ (၂၁) ရက်နေ့အထိ ဗဟိုကော်မတီ နှင့် ဌာနဆိုင်ရာစုံညီအစည်းအဝေး ပြုလုပ်ကျင်းပရာ အုပ်ချုပ်ရေးဌာနကို ပြန်လည် ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး မြို့သစ်မြို့နယ်နှင့် မိုင်းလုံမြို့နယ်ကို မိုးမိတ်ခရိုင်အဖြစ် သတ်မှတ်ဖွဲ့စည်းလိုက်သည်။ ရွှေလီခရိုင်၊ နမ့်ဆန်ခရိုင် နှင့် မိုးမိတ်ခရိုင် ဟူ၍ အုပ်ချုပ်ရေး ဌာနကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၈၇ ခုနှစ်၊ ဇွန်လတွင် KIO ဗဟိုဌာနချုပ် ပါဂျောင်ကို မဆလစစ်အစိုးရက အင်အားအလုံးအရင်းဖြင့် စစ်ဆင်တိုက်ခိုက်မှုကြောင့် KIA တပ်မဟာ (၃) ဌာနချုပ်ကို ဇူလိုင်လကုန်ပိုင်းတွင် လက်လွှတ်လိုက်ရသည်။ KIA တပ်မဟာ (၃) ဌာနချုပ်သည်လည်း ဇူလိုင်လကုန်ပိုင်းက လက်လွှတ်လိုက်ကြောင်းနှင့် တပ်မဟာ (၄) နှင့် မုံးကိုးကို ဆက်လက် ထိုးစစ်ဆင်တိုက်ခိုက်ခံနေရကြောင်းကို တပ်မဟာ (၄) တပ်မှူးထံမှ ကြေးနန်းစာ ရရှိ ခဲ့သည်။ ၁၉၈၇ ခုနှစ်၊ သြဂုတ်လ (၁၈) ရက်နေ့တွင် ဗဟိုစစ်ကော်မရှင်၏ အရေးပေါ် အစည်းအဝေးဆုံးဖြတ်ချက်အရ ပူးတွဲစစ်ဆင်ရေးလုပ်ဆောင်ရန် ညှိနှိုင်း ရေးဆွဲချမှတ်ခဲ့ ကြသည်။ ပူးတွဲစစ်ဆင်ရေးတွင် PSLO ဌာနချုပ်နယ်တပ်၊ PSLA တပ်ရင်း (၁၂၃)၊ KIA တပ်ရင်း (၈)၊ SSA တပ်မဟာ (၃) တို့ ပါဝင်မည်ဖြစ်ပြီး PSLA နှင့် KIA တပ်ရင်း (၈) နယ်မြေအတွင်း လုပ်ဆောင်မည်ဖြစ်သည်။

၁၉၈၇ ခုနှစ်၊ သြဂုတ်လ (၃၀) ရက်နေ့တွင် KIO နမ့်ဖတ်ကာခရိုင်မှူး ပေးပို့သော ကြေးနန်းစာအရ PSLO အတွင်းရေးမှူး ဗိုလ်မှူးကျော်ရင်၊ SSPP ဗိုလ်မှူးလာဝ်ခေး ဦးဆောင်သည့် PKS (ပလောင်၊ ကချင်၊ရှမ်း) စစ်ကြောင်းသည် သြဂုတ်လ (၂၇) ရက်နေ့ တွင် ပန်လောတပ် စခန်းကို တိုက်ခိုက်ထိန်းသိမ်းရပြီးဖြစ်ကြောင်း၊ KIA တပ်ရင်း (၈) သို့ ရောက်ရှိလာသည့် PSLO အတွင်းရေးမှူး ဗိုလ်မှူးကျော်ရင်၊ ဗိုလ်အိုက်လူတို့နှင့် ဇူလိုင် (၁၃) ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးကြကြောင်း၊ အရေးကြီး လိုအပ်ချက်များကို ညှိနှိုင်း

ကြပြီး ပူးတွဲစစ်ဆင်ရေးစီမံချက် ရေးဆွဲကြကြောင်း၊ ယင်းပူးတွဲစစ်ဆင်ရေးတွင် အတွေ့အကြုံ နုနယ်သေးသည့် ရဲဘော်များ ပါဝင်လာ၍ ၎င်းတို့ လိုအပ်ချက်များကို လမ်းညွှန်ထိန်းကျောင်းပေးရန် ပါရှိလေသည်။

၁၉၈၇ - ၈၈ ခုနှစ်များတွင် မဆလအစိုးရတပ်သည် ရွှေလီခရိုင်နှင့် နမ့်ဆန်ခရိုင်ကို ဖြတ်လေးဖြတ်၊ ပိတ်ဆို့ရေး၊ ချေမှုန်းရေးတို့ကို အပြင်းအထန် လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် PSLO ရွှေလီခရိုင်နှင့် KIA တပ်ရင်း (၈) နယ်မြေအတွင်း ပူးတွဲစစ်ဆင်ရေးလုပ်ဆောင်ရန်၊ မိုးမိတ်ခရိုင် အတွင်း မဆလစစ်တပ်၏ အခြေစိုက်တပ်စခန်းများ တိုးချဲ့တည်ဆောက်နေသည်ကို တိုက်ဖျက်ချေမှုန်းရန်၊ မန်တုန်ဒေသအတွင်း စစ်ရေးလှုပ်ရှားမှုကို တိုးမြှင့်လုပ်ဆောင်ရန် တို့အတွက် နဂါးစစ်ဆင်ရေးကို ပူးတွဲလုပ်ဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ် မတ်လ (၅) ရက်နေ့တွင် ဗဟိုကော်မတီ၊ တပ်မှူးများ၊ ကေဒါများ တို့၏ စုံညီအစည်းအဝေးကို ကျင်းပပြီး PSLO ကို ပြန်လည်ရွေးချယ် တင်မြှောက်ခဲ့ရာတွင် ဗိုလ်မှူးကြီးခေးဆိုင်က်ကို နယကကြီးအဖြစ် တင်မြှောက်ပြီး ဒုတိယဗိုလ်မှူးကြီးအိုက်မုန်း - ဥက္ကဋ္ဌ၊ တားစံမောင် - ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်မှူးကျော်ရင်- အတွင်းရေးမှူး၊ ဗိုလ်မှူးညီလုံ- စစ်ဦးစီးချုပ်၊ ဗိုလ်ကြီးအိုက်လိတ်- ဗဟိုကော်မတီဝင် အဖြစ် ရွေးချယ်ခဲ့ကြသည်။

စက်တင်ဘာလ (၁၆) ရက်နေ့တွင် ပါတီဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခေးဆိုင်က် ဦးဆောင်၍အစည်းအဝေး ပြုလုပ်ကြရာ လက်ရှိဒေသတွင်း အခြေအနေ၊ စစ်ရေးအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ အုပ်ချုပ်ရေး အခြေအနေများကို ဆွေးနွေးသုံးသပ်ကြသည်။ ပူးတွဲစစ်ဆင်ရေးကို ယာယီရပ်ဆိုင်းထားရန် ဆုံးဖြတ်ကြသည်။

# အခန်း (၅)

# ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) မွေးဖွားလာခြင်း

## ၅.၁။ တအာင်းအမျိုးသားတော်လှန်ရေးနှင့် အပစ်ရပ်ခြင်း

ဗိုလ်နေဝင်း၏ တစ်ပါတီအာဏာရှင်စနစ်အောက်တွင် နေထိုင်ကြရသော ပြည်သူတို့၏ ဆင်းရဲကျပ်တည်းမှုသည် တဖြည်းဖြည်းဆိုးရွားလာခဲ့ပြီး မခံရပ်နိုင်သည့် အဆုံး၌ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတရပ်လုံး၏ အုံကြွမှုကြီး ပေါက်ကွဲထွက်လာကာ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ဖြစ်ပေါ်လာပြီး ဒီမိုကရေစီတောင်းဆိုမှု လူထုတိုက်ပွဲအသွင်သို့ ကူးပြောင်းဖြစ်ပေါ်လာခဲ့သည်။ တစ်နိုင်ငံလုံးတွင် ဒီမိုကရေစီတောင်းဆိုမှု တိုက်ပွဲကြီးကို မဆလအစိုးရက စစ်အင်အားဖြင့် အကြမ်းဖက် တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံဖြစ်ပွားမှုကိုအခြေပြုပြီး ထပ်ဆင့် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ပြည်တွင်းနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေသည် အလျင်အမြန် ဆိုးရွားပြင်းထန် ပြောင်းလဲလာပြီး ထိုအရေးတော်ပုံသည် PSLO အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများဆီသို့လည်း ရိုက်ခတ်လာခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဇွန်လ၊ ဇူလိုင်လမှစတင်ကာ တအာင်းဒေသများကို နဝတအစိုးရမှ ထိုးစစ်ဆင်ခဲ့သည်။ ထို့ပြင် ဖြတ်လေးဖြတ်နည်းဗျူဟာဖြင့် စုစည်းကျေးရွာများကိုပါ ပြုလုပ်ခဲ့ခြင်းကြောင့် တအာင်းလူထုတို့ အတိဒုက္ခ ရောက်ခဲ့ရသည်။ စစ်ဘေးရှောင်ကြ ရသော တအာင်းပြည်သူတို့သည် စားသောက်ရေးကိစ္စအတွက် မိမိကျေးရွာသို့ စပါးနှင့် ဆန်များကို လျှို့ဝှက်စွာ သွားရောက်ယူလိုသောအခါတွင် လမ်း၌ နဝတစစ်တပ်တို့ တွေ့ရှိ ပါက ပစ်သတ်ခြင်း ခံရသည်။ ထို့ပြင် ကျွဲ၊ နွားနှင့် မြင်းများကိုလည်း နဝတစစ်တပ်မှ ပစ်သတ်စားသောက်ခဲ့သည်။ ထို့ပြင် ဝမ်းစာရေးအတွက် လက်ဖက်လုပ်ငန်းတစ်ခု

တည်းကို အားကိုးသော တအာင်းလူမျိုးတို့သည် လက်ဖက်လှိုင်လှိုင်ပေါ်ချိန် ရောက်သော်လည်း လက်ဖက်ခူးခွင့် မပေးသဖြင့် အလုပ်လက်မဲ့ဖြစ်ပြီး ဝင်ငွေမရှိ၊ စားစရာ မရှိနှင့် တအာင်းလူမျိုးတို့၏ ဘဝအခြေအနေသည် အကူအညီမဲ့ကာ အဆိုးရွားဆုံး ဖြစ်ခဲ့သည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးကာလအတွင်း သက်တမ်းအရှည်ဆုံး တော်လှန်ရေးအဖွဲ့အစည်းဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း ပဋိပက္ခ ပိုမိုကြီးမားလာပြီး ၁၉၈၉ ခုနှစ် မတ်လ (၁၂) ရက်နေ့တွင် ပုန်ကန်ခွဲထွက်မှုများစတင်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ ကိုးကန့်(ဖုန်ကြားရှင်)၊ (ကျောက်ညီလိုင်)၊ ကန်ပိုက် တီး (၁၀၁) စစ်ဒေသ၊ မရူ (ခ) လောင်ပေါ်ကချင် (စခုန်တိန့်ယိန်း)နှင့် မိုင်းလား (၈၀၅) စစ်ဒေသ၊ ရှမ်းနှင့် အာခါ (စိုင်းလင်း) တို့အပြင် SSPP/SSA စိုင်းဆေထင် နှင့် KIA (တပ်မဟာ-၄၊ မထုနော်) စသည့်အဖွဲ့များ ခွဲထွက်ပြီး သီးခြားတော်လှန်ရေးအဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့သည်။

နောက်ဆုံးတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်လာသော အဖွဲ့အသီးသီးတို့သည် မိမိတို့တပ်များအား ပြန်လည်တည်ဆောက်ပြုပြင်ရန် လိုအပ်နေသဖြင့် နဝတစစ်အစိုးရနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အဆင်သင့်မဖြစ်သေးသည့်အတွက် ၁၉၈၉ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ကိုးကန့် (MNDAA) တပ်ဖွဲ့၊ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ဝ (UWSA) တပ်ဖွဲ့၊ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် မရူ (ခ) လောင်ဝေါ်ကချင် (NDA- K) တပ်ဖွဲ့တို့သည် နဝတစစ်အစိုးရ၏ ကမ်းလှမ်းချက်ကို အလျင်အမြန်လက်ခံပြီး ရှေ့ဆင့်နောက်ဆင့် အပစ်အခတ် ရပ်စဲလိုက်ကြသည်။

ကွန်မြူနစ်ပါတီထဲမှ တအာင်းလူမျိုးအရာရှိတပ်မှူးများသည် PSLA တပ်ဖွဲ့ထံသို့ လာရောက်ပူးပေါင်းကြသည်။ ၁၉၈၉ ခုနှစ်၊ မေလကုန်တွင် ဗကပ (၂၀၂) စစ်ဒေသ ခရိုင်မှူး တားအိုက်ညီ (ပိန်းပြစ်) က PSLA တပ်ဖွဲ့ထဲသို့ ကူးပြောင်းလိုကြောင်း စာရေးလာသဖြင့် ဗိုလ်မှူးညီလုံ၊ ဗိုလ်အိုက်လူနှင့် မြို့နယ်မှူးရွှေလှ (ခ) ထီးဆိုင်တို့က တားအိုက်ညီ ရှိသည့်နေရာကို သွားရောက်ပြီး လိုအပ်သည့် ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

ကာ ၎င်းထံ၌ ရှိသော လက်နက်ကြီး (၆၀) မမ နှင့် M-၂၃ စက်ကလေး အပါအဝင်လက်နက် မျိုးစုံ (၁၂) လက် အပ်နှံခဲ့သည်။ နောက်ပိုင်းတွင် အိုက်ပေါင်း ဦးဆောင်အဖွဲ့က M-၂၂ (၅) လက် နှင့် အိုက်ထိပ် ဦးဆောင်အဖွဲ့က M-၂၂ (၅) လက် အသီးသီး လာရောက်အပ်နှံ ခဲ့သည်။

အထက်ပါ ရှမ်းပြည်နယ်ရှိ PSLA တပ်ဖွဲ့နယ်မြေနှင့် ထိစပ်သော တော်လှန်ရေး တပ်ဖွဲ့ အသီးသီးအပြင် ရှမ်းပြည်နယ်အတွင်းရှိ တော်လှန်ရေးတပ်ဖွဲ့ အားလုံးနီးပါးမှာ နဝတစစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲလိုက်ကြသဖြင့် အင်အားအနည်းဆုံး ဖြစ်သော တအာင်းဒေသတွင် ထိုးစစ် ပို၍ပြင်းထန်လာသည်။ တစ်ဖက်မှာတွင်လည်း လူပုဂ္ဂိုလ်ဖြင့် တမျိုး၊ ရဟန်းဖြင့်တဖုံ စေလွှတ်ပြီး အပစ်အခတ်ရပ်စဲ (ငြိမ်းချမ်းရေး) ယူရန် စည်းရုံး သိမ်းသွင်းခဲ့သည်။ မြန်မာ့အသံ၌လည်း PSLO/PSLA တပ်ဖွဲ့၏ မကောင်းကြောင်းကို ခပ်စိတ်စိတ်ဖြင့် ဝါဒဖြန့်အသံလွှင့်လာနေသကဲ့သို့ ဦးဆောင်သော ခေါင်းဆောင်တို့၏ ခေါင်းမာသည့်အကြောင်း၊ ပြည်သူလူထုကို သက်ညှာသနားခြင်းမရှိသည့်အကြောင်း စသည်ဖြင့် ဝါဒဖြန့်ဆောင်းပါးများကို နေ့စဉ်လိုလို ထုတ်လွှင့်လာသည်။ ဤကာလတွင် နဝတစစ်အစိုးရ၏ တိုက်တွန်းချက်အရ နမ့်ခမ်းမြို့နယ်၊ နမ့်ဆန်မြို့နယ်မှ ဆရာတော်ကြီး များနှင့် ပြည်သူလူထုထံတွင်လည်းကောင်း ငြိမ်းချမ်းရေးယူရန် တိုက်တွန်းသောစာများ အသီးသီး ပေးပို့လာကြသည်။

PSLO/PSLA အနေဖြင့် မဒတအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ စစ်အစိုးရမှ ကမ်း လှမ်းလာသော ငြိမ်းချမ်းရေးသည် အတုအယောင် ငြိမ်းချမ်းရေးဟုဆိုကာ မဒတ၏ ဦးဆောင်မှုအောက်တွင်သာ ငြိမ်းချမ်းရေးဆွေးနွေးမည်ဟု သဘောထားကြေညာချက် ထုတ်ပြန်ကြေညာခဲ့သည်။ မဒတဗဟိုဌာနချုပ် (မာနယ်ပလော) သို့ ဤအကျပ်အတည်း နှင့်ပတ်သက်၍ ကြေးနန်းဖြင့် အကြောင်းကြားခဲ့သည်။

၁၉၈၉/၁၉၉၀ ခုနှစ် အရှေ့မြောက်ရှိ အဖွဲ့အစည်းများဖြစ်သည့် KIO တပ်မဟာ (၄) နှင့် SSPP/SSA တို့ အပစ်ရပ်ရပ်စဲရေးယူပြီးနောက် ၁၉၉၀ ခုနှစ် ဒီဇင်ဘာလတွင်

PSLO အတွင်းရေးမှူး ဦးကျော်ရင်နှင့်အဖွဲ့သည် နဝတနှင့် ချိတ်ဆက်ပြီး လက်နက်ချခဲ့သည်။

သို့သော် PSLO အနေဖြင့် ဆက်လက်ရပ်တည်ရန် အကျပ်အတည်းဆိုက်နေသဖြင့် တားကျော်ရင်၊ ကားအိုက်ခွက်နှင့်အတူ ဦးထွန်းဝ ဇယန်းကြီးကျောင်းမှ ကိုယ်တော်တစ်ပါးဖြစ်သူ ဦးတေဇနိယတို့ လိုက်ပါလျက် နဝတကိုယ်စားလှယ် အမှတ် (၉) ထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ရေးဗိုလ် ဗိုလ်ကြီးသုတဆွေနှင့် PSLO/PSLA အဖွဲ့ဘက်မှ ဗိုလ်ကြီးလွယ်ဆိုင် (အဖွဲ့ခေါင်းဆောင်)၊ ဗိုလ်အိုက်လူ၊ ဗိုလ်အောင်ဆွေ၊ ဗိုလ်နော်ဆိုင်နှင့် တားဆာအောင် တို့အဖွဲ့သည် ၁၉၉၁ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် ဟူးခင်ကျေးရွာ၌ ပဏာမ တွေ့ဆုံဆွေးနွေးခဲ့သည်။

ပဏာမ တွေ့ဆုံဆွေးနွေးမှု၏ ရလဒ်သည်

(၁) PSLA တပ်ဖွဲ့တို့ ထောင်ထားသော မိုင်းများကိုရှင်းလင်းနိုင်ရန် မြန်မာစစ်တပ်၏ လှုပ်ရှားစစ်ကြောင်းများ ရပ်ဆိုင်းရန်၊

(၂) PSLO ဗဟိုကော်မတီများအချိန်မီ စုစည်းနိုင်ရန် စစ်ရေးလှုပ်ရှားမှု ခေတ္တရပ်ဆိုင်းရန်နှင့်

(၃) စုစည်းခံကျေးရွာများအားလုံးကို မိမိနေရပ်သို့ ပြန်ခိုင်းရန်

ဟု ယာယီအားဖြင့် သဘောတူထားကြသည်။

၁၉၉၁ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် နဝတအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် ဦးဆောင်သော နဝတစစ်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အစည်းဝေးခန်းမတွင် တွေ့ဆုံကာ ငြိမ်းချမ်းရေးကိစ္စ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဓိကဆွေးနွေးမှုတွင် အပစ်အခတ်ရပ်စဲရေး ဖြစ်ပြီး၊ နှစ်ဦးနှစ်ဖက်ကြား ငြိမ်းချမ်းရေးကိစ္စရပ်များကို တစုံတရာ သဘောတူထားသော စာချုပ်စာတမ်းများဖြင့်

ချုပ်ဆိုထားခြင်း မရှိဘဲ၊ Gentlemen Agreement အဆင့်၌ အစည်းအဝေးကို ရုတ်သိမ်းခဲ့သည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်ခင်ညွန့်မှ ရှင်းလင်းပြောကြားရာမှာ နဝတအဖွဲ့သည် အစိုးရမဟုတ်ဘဲ မလွဲမရှောင်သာ တိုင်းပြည်ကို ယာယီအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးကို နောက်တက်လာမည့် အစိုးရသစ်နှင့်သာ ဆွေးနွေးတင်ပြသွားရန်၊ ယခုအချိန်ခါတွင် အခြေအနေအရ အဖွဲ့အစည်း၏ စားဝတ်နေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။ PSLO/PSLA တပ်ဖွဲ့မှာ ရှမ်းပြည်နယ်တွင် (၇) ဖွဲ့မြောက် ငြိမ်းချမ်းရေး ယူသည့်အဖွဲ့ဖြစ်၍ ရှမ်းမြောက် အမှတ် (၇) အထူးဒေသ၊ PSLA (ငြိမ်းချမ်းရေးအဖွဲ့) ဟု သတ်မှတ်ကာ PSLO အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်ခဲ့သည်။ ငြိမ်းချမ်းရေး ယူစဉ်ကာလက PSLO အင်အားမှာ (၁,၄၀၄) ဦး ဟု နဝတ မှတ်တမ်းများတွင် ဖော်ပြသည်။







# ၅.၂။ PSLF တပ်ဦး စတင်သန္ဓေတည်ခြင်း

၁၉၉၁ ခုနှစ်၊ မေလ (၁) ရက် ည (၈) နာရီ မြန်မာ့အသံသတင်းတွင် PSLO/PSLA တပ်ဖွဲ့က အစိုးရနှင့် ငြိမ်းချမ်းရေးယူလိုက်ကြောင်း အကျယ်တဝင့် ကြေညာလာသည်။ ထိုအချိန်တွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ဌာနချုပ်၊ မာနယ်ပလောတွင် မိုင်းဂျူတ်ဂျား၊ မိုင်းအိုက်ပန်း၊ မိုင်းစိန်ထွန်း၊ မိုင်းစိန္ဒာ၊ မိုင်းဘအေး၊ မိုင်းအောင်ဆာနှင့် မိုင်းထွန်းယင်တို့ (၇) ဦးသာကျန်ပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ကြီးမိုင်းပန်းစိန်နှင့် အဖွဲ့ဝင် မိုင်းတင်မောင်(ခ) မိုင်းဒွယ်ပေါင်း တို့နှစ်ဦးမှာ ခရီးလွန်နေ၍ မရှိကြချေ။ မိုင်းအိုက်ဘုန်းလည်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ကြီးမိုင်းပန်းစိန်၏ အစီအစဉ်ဖြင့် ချင်းမိုင်မြို့၊ ထိုင်းထောက်လှမ်းရေးတပ်ဖွဲ့ ဗိုလ်မှူးဟိုနာ့ထုန်၏ နေအိမ်တွင် ထိုင်းစာသင်ကြားရန် ယမန်နှစ်ကတည်းက ရောက်ရှိနှင့်နေသည်။

နဝတအစိုးရနှင့် အပစ်ရပ်ကာ ငြိမ်းချမ်းရေးယူလိုက်ရသည့်အခြေအနေကို ထုတ်ပြန်ကြေညာချက် ထုတ်ပြန်ရန်အတွက် မိုင်းဂျူတ်ဂျားမှ ရေးသားပြီး မိုင်းအိုက်ပန်းက DAB ရုံးရှိ လက်နှိပ်စက်တစ်လုံးဖြင့် မိုးလင်းပေါက်အထိ စာရေးစာရိုက်ကြသည်။ ထုတ်ပြန်ကြေညာချက်ထဲတွင် PSLO/PSLA တပ်ဖွဲ့သည် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တစ်ဖွဲ့တည်းသာကျန်ပြီး အဖက်ဖက်မှ အကျဉ်းအကျပ်ကြားထဲ ရောက်ရှိနေကြောင်း၊ တအာင်းပြည်သူလူထုလည်း အတိဒုက္ခရောက်နေရကြောင်း ထိုအခက်အခဲများကို သက်ဆိုင်ရာ တပ်ပေါင်းစုဌာနချုပ် NDF ထံ ကြေးနန်းဖြင့် နေ့စဉ်နှင့်အမျှ တင်ပြအကူအညီတောင်းခံသော်လည်း NDF ဘက်မှ မည်သည့်အကူအညီကိုမှ မပေးနိုင်သဖြင့် မလွဲမရှောင်သာ၍ စစ်အစိုးရနှင့် ငြိမ်းချမ်းရေးယူရခြင်း ဖြစ်ကြောင်း ပါရှိသည်။

ထို့ပြင် လက်ရှိ NDF ဌာနချုပ်တွင် ရောက်ရှိ နေသော PSLO/PSLA ရဲဘော်များသည် ဤငြိမ်းချမ်းရေးကို ကန့်ကွက်ကြောင်း၊ အတုအယောင်ငြိမ်းချမ်းရေးသာ ဖြစ်ကြောင်း၊ အမျိုးသားလွတ်မြောက်ရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတိုက်ပွဲကို အဖိနှိပ်ခံဘဝတူတိုင်းရင်းသားနှင့် လက်တွဲ၍ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

နောက်နှစ်ရက် မေလ (၃) ရက်နေ့ ညနေပိုင်းတွင် မိုင်းတင်မောင် ရောက်လာပြီး မေလ (၄) ရက်နေ့တွင် ဖွဲ့စည်းမည့် PSLF ၏ အမြုတေကော်မတီတစ်ရပ် ဖွဲ့စည်းရန်နှင့် ကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ကြေညာချက်တစ်စောင် ထုတ်ပြန်နိုင်ရန် ဝိုင်းဝန်း၍ ဆွေးနွေးတိုင်ပင်ကြသည်။ ၁၉၉၁ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် KNU မာနယ်ပလောဌာနချုပ်၊ သောင်းရင်းမြစ်ကမ်းပေါ်ရှိ PSLO/PSLA တပ်ဖွဲ့ကိုယ်စားလှယ်ရုံး၌ ဦးဆောင်ကော်မတီ (၅) ဦး ပါဝင်သော ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) အဖွဲ့ကို စတင်ဖွဲ့စည်းလိုက်သည်။ ကော်မတီအဖွဲ့ ခေါင်းဆောင်အဖြစ် မိုင်းတင်မောင်ကို တညီတညွတ်တည်း ထောက်ခံတင်မြှောက်ပြီး အဖွဲ့ဝင်များအဖြစ် မိုင်းဂျူတ်ဂျား၊ မိုင်းစိန္ဒာ၊ မိုင်းစိန်ထွန်းနှင့် မိုင်းဘအေး အပါအဝင် မာနယ်ပလောရောက် ရဲဘော်များအားလုံး ပူးပေါင်းပါဝင်ဖွဲ့စည်းလိုက်သည်။

PSLF သည် အခြေအနေအရ ကော်မတီအဆင့်ဖြင့် ဆက်သွားရန် မသင့်လျော်တော့ဘဲ နိုင်ငံရေးအဖွဲ့အစည်းတစ်ရက်ကဲ့သို့ ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်းရန် လိုအပ်သည့်အတွက် ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် မာနယ်ပလောရှိ PSLF ကော်မတီရုံး၌ (၁) မိုင်းတင်မောင်၊ (၂) မိုင်းအိုက်ဘုန်း၊ (၃) မိုင်းအိုက်ပန်း၊ (၄) မိုင်းအောင်ဆာနှင့် (၅) မိုင်းထွန်းယင်တို့သည် အစည်းအဝေးတစ်ရပ် ကျင်းပပြု လုပ်ပြီး ဗဟိုကော်မတီ (၇) ဦး ပါဝင်သော ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦး (PSLF) ကို ဖွဲ့စည်းလိုက်သည်။

PSLF တပ်ဦး ၏ ဗဟိုကော်မတီဝင်များသည် -

(၁) မိုင်းတင်မောင် (ခ )မိုင်းဒွယ်ဝေါင်း - ဥက္ကဌ

(၂) မိုင်းဂျူတ်ဂျား - အတွင်းရေးမှူး

(၃) မိုင်းအိုက်ဘုန်း - အဖွဲ့ဝင်


(၄) မိုင်းအိုက်ပန်း - အဖွဲ့ဝင်

(၅) မိုင်းအောင်ဆာ - အဖွဲ့ဝင်

(၆) မိုင်းဘအေး - အဖွဲ့ဝင်

(၇) မိုင်းစိန်ထွန်း -အဖွဲ့ဝင် စသည်တို့ ဖြစ်သည်။

ထို့နောက် ငြိမ်းချမ်းရေး ယူထားသည့် PSLO အတွင်းမှ ၎င်းတို့အား ထောက်ခံသူများနှင့် ဆက်သွယ်လှုပ်ရှားခြင်း၊ ရှမ်းမြောက်မှ တအာင်းလူငယ်များအား စည်းရုံး၍ ထိုင်းနယ်စပ်သို့ ခေါ်ယူလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့၏။




**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF ၏**
**ပထမ ဦးဆုံး ဥက္ကဋ္ဌ**

PSLF တပ်ဦး၏လမ်းစဉ်သည် လက်တလောအခြေအနေအရ လက်နက်ကိုင်လမ်းစဉ်ကို ချမှတ်ဆောင်ရွက်သွားရန် မရှိသေးဘဲ နိုင်ငံခြားရေးနှင့် မဟာမိတ်ရေးရာ ကိုဦးစားပေးလုပ်ကိုင် ဆောင်ရွက်ကာ လူငယ်လူရွယ်များကို နိုင်ငံရေးအသိအမြင် ကြွယ်ဝစေရန် နိုင်ငံရေးသင်တန်းများ၊ သတင်းမီဒီယာသင်တန်းများ၊ လူ့အခွင့်အရေး ပညာပေးသင်တန်းများ၊ အမျိုးသမီးရေးရာဆိုင်ရာ သင်တန်းများ၊ အခြေခံဆေးပညာ သင်တန်းများ၊ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြော သင်တန်းများကို ထိုင်းနယ်စပ်ဒေသသို့ စေလွှတ်၍ ပညာသင်ပေးရေးပင် ဖြစ်သည်။

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) အဖွဲ့ထဲကို ၁၉၉၃ ခုနှစ်အတွင်း ပြန်လည်ဝင်ရောက်ကာ နိုင်ငံရေးကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ခဲ့သည်။ ဥက္ကဋ္ဌ မိုင်းတင်မောင်သည် မာနယ်ပလော၊ PSLF တပ်ဦးရုံး၌ ၁၉၉၄ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်သောအခါ ၁၉၉၄ ခုနှစ်အတွင်းတွင် တရုတ်နယ်စပ်တစ်နေရာ၌ တပ်ဦး၏အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ပြီး ယာယီဥက္ကဋ္ဌအဖြစ် မိုင်းဂျုတ်ဂျားကိုလည်းကောင်း၊ ယာယီအတွင်းရေးမှူးအဖြစ် မိုင်းအိုက်ဘုန်းကိုလည်းကောင်း အသီးသီး ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

နိုင်ငံရေးနှင့်ပတ်သက်၍ ၁၉၉၂ ခုနှစ်မှ စတင်ခဲ့သော (၁၅) နှစ်ကြာ ညောင်နှစ်ပင်အမျိုးသားညီလာခံကို အခြားဖိတ်ကြားသင့်သော အစုအဖွဲ့အနေနှင့် ကိုယ်စားလှယ် (၅) ဦး တက်ရောက်ရန်ဖိတ်ကြားခံရခဲ့သော်လည်း ကိုယ်စားလှယ်များသည် အခြားတိုင်းရင်းသားကိုယ်းစားလှယ်များနည်းတူ တအာင်းအမျိုးသားရေး ကိစ္စများကို တင်ပြဆွေးနွေးခွင့် မရကြချေ။

သဘောထား ပျော့ပျောင်းသော နိုင်ငံရေးစာတမ်းအချို့ကို တင်ပြဖတ်ကြား၊ တင်သွင်းခွင့် ရကြသော်လည်း၊ အတည်ပြုပေးခြင်း၊ မှတ်တမ်းတင်ထားခြင်းအဆင့်၌ သာထားရှိပြီး အရေးယူဆွေးနွေး လုံးဝမရှိချေ။ ထိုအမျိုးသားညီလာခံသည် နဝတ/ နအဖ အစိုးရမှ စိစစ်ရွေးချယ်ခန့်ထားသော အမျိုးသားညီလာခံ၏ ဥပဒေ အထောက်အကူပြုရေး ကော်မတီမှ ရေးဆွဲတင်သွင်းသော ဥပဒေဆိုင်ရာစာတမ်းကို တက်ရောက်ထောက်ခံရသည့် ညီလာခံသာ ဖြစ်သည်။

## ၅.၃။ PSLF တပ်ဦး၏ ပထမအကြိမ် ညီလာခံ

PSLF ၏ ပထမအကြိမ် ညီလာခံအား ၂၀၀၀ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ထိုင်းနိုင်ငံနယ်စပ် မယ်အောဒေသ လွယ်ဝလင်းဟောတောင် WNO/WNA တပ်စခန်းတွင် ကျင်းပခဲ့သည်။ ထိုညီလာခံတွင်

(၁)မိုင်းဂျုတ်ဂျား - ဥက္ကဋ္ဌ

(၂) မိုင်းအိုက်ဘုန်း - အထွေထွေအတွင်းရေးမှူး

(၃) မိုင်းအိုက်ပန်း - တွဲဖက်အတွင်းရေးမှူး

အသီးသီးအတည်ပြု ရွေးချယ်တင်မြှောက်သည့်အပြင် လူငယ်လူရွယ်များကို ပညာတော်သင် ပို့မိုစေလွှတ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့ ပြန်လည်ဖွဲ့စည်းရေးတို့ကို အဓိကဆွေးနွေးခဲ့ကြသည်။ လူငယ် လူရွယ်များကို ပညာတော်သင်စေလွှတ်ရာတွင် PSLA (ငြိမ်းချမ်းရေးအဖွဲ့)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးညီလုံမှာ ပုဂ္ဂိုလ်ရေးအနေဖြင့် များစွာ ကူညီပံ့ပိုး ကြည့်ရှုစောင့်ရှောက်ပေးခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ရှမ်းမြောက်ရှိ စိုင်းရီ ခေါင်းဆောင်သော SNA နှင့် တားအိုက်မုန်း ခေါင်းဆောင်သော PSLO အား နအဖမှ ဖိအားပေးပြီး လက်နက်အပ်ခိုင်းရာ စိုင်းရီအဖွဲ့က လက်မခံဘဲ ထိုင်းနယ်စပ်သို့ ထွက်ခွာခဲ့၏။ ၂၀၀၅ ခုနှစ် ဧပြီလ ၂၉ ရက်တွင် PSLO/PSLA အဖွဲ့သည် မန်တုံမြို့တွင် နအဖ ခေါင်းဆောင်များထံ လက်နက်အပ်ခဲ့ရသည်။ ထိုစဉ် စာရင်းအရ PSLO အင်အား (၅၀၀) ခန့်ဟု ဖော်ပြသော်လည်း လက်တွေ့တွင် (၃၀၀) ခန့်သာ ရှိတော့သည်ဟု ဆိုကြပါသည်။ PSLO ဥက္ကဋ္ဌ တားအိုက်မုန်းသည် ၂၀၁၀ မှစ၍ တအာင်းအမျိုးသားပါတီ (TNP) ဖွဲ့စည်းပြီး ရွေးကောက်ပွဲ ဝင်ခဲ့သည်။

PSLO/PSLA တပ်ဖွဲ့က လက်နက်အပ်ပြီးနောက်ပိုင်းတွင် ပြည်တွင်း၌ တအာင်း တော်လှန်ရေးအင်အား မရှိတော့သဖြင့် တအာင်းအမျိုးသားတို့မှာ မျောက်သစ်ကိုင်း လွှတ် မိသကဲ့သို့ ၂၀၀၅ ခုနှစ်၊ ဧပြီလမှစ၍ မရေရာသည့်ကာလကို ဖြတ်သန်းခဲ့ရသည်။

လက်နက်အပ်နှံသောနေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင်က "ခင်ဗျားတို့ ဘာမှပူပန်ကြောင့်ကြနေစရာမလိုပါဘူး၊ ခင်ဗျားတို့ဒေသရဲ့ ဖွံ့ဖြိုးရေးကို ဒီထက်မက ပိုပြီးတော့ လုပ်ပေးမယ့်အပြင် ခင်ဗျားတို့ရဲ့ တစ်ဦးချင်းစီ၏ လုံခြုံရေးကိုပါ နိုင်ငံတော်မှ အပြည့်အဝ တာဝန်ယူပေးသွားမယ်ဆိုတာ ကျွန်တော် နိုင်ငံတော်ဝန်ကြီးချုပ် တစ်ဦးအနေနဲ့ ကတိပေးပါတယ်" ဆိုပြီး အတိအလင်းပြောသွားခဲ့သည်။

သို့သော်လည်း တအာင်းအမျိုးသားတို့၏လက်ထဲမှာ လက်နက်မရှိတော့သည့် အနေအထားတွင် ပေးထားသည့်ကတိကို အကောင်အထည်ဖော်ရန်မဆိုထားနှင့် စစ်အစိုးရကိုယ်တိုင်က တအာင်းဒေသအတွင်း၌ တရားဥပဒေစိုးမိုးမှုကို မှန်ကန်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောကြောင့် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် လူကုန်ကူးမှုတို့သည် တရိပ်ရိပ်မြင့်တက်လာကာ နောက်ဆုံးတွင် တအာင်းဒေသတစ်ခုလုံးမှာ (၅) နှစ်၊ (၆) နှစ်အတွင်း အဆိုးဝါးဆုံး အခြေအနေသို့ ရောက်ရှိလေတော့သည်။

## ၅.၄။ ပထမအကြိမ် တအာင်းညီလာခံ

PSLA (ငြိမ်းချမ်းရေးအဖွဲ့) လက်နက်အပ်ပြီး ပထမကြိမ် တအာင်းညီလာခံ ကို ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့မှ (၅) ရက်နေ့အထိ တရုတ်နိုင်ငံ၊ ရွှေလီမြို့တွင် PSLF တပ်ဦးက ဦးဆောင်ကျင်းပပြုလုပ်ပြီး လက်နက်ကိုင်ပေါင်းစုံအကြားတွင် ကျရောက်နေသော တအာင်းလူမျိုးတို့၏ ရှေ့ကံကြမ္မာကို ဘယ်ပုံဘယ်နည်းဖြင့် ကာကွယ်စောင့်ရှောက်ရမည်ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။ ထိုညီလာခံကို PSLO/PSLA ဒုတိယဥက္ကဋ္ဌဟောင်း တားညီလုံ၊ PSLO/PSLA အုပ်ချုပ်ရေးမှူးဟောင်း အပါအဝင် သံဃာတော်များနှင့် အနယ်နယ်အရပ်ရပ်က ကိုယ်စားလှယ်ပေါင်း (၁၀၀) ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံတွင် တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ တပ်ပြန်လည်ဖွဲ့စည်းရန် လူထုအားကို ယူခဲ့သည်ဟု ဆိုရမည်။ တပ်ဖွဲ့စည်းရန် PSLA စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့သူ တားညီလုံက ကူညီခဲ့သည်။ သို့သော်လည်း တပ်ဖွဲ့စည်းခြင်း မပြုရသေးမီ တားညီလုံ ကွယ်လွန်ခဲ့၏။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၊ ဥက္ကဋ္ဌ မိုင်းဂျုတ်ဂျားသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအတွက် တအန်း (ပလောင်) အမျိုးသားပါတီ၏ တာဝန်ပေးချက် အရ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမတ်လောင်းနေရာကို ဝင်ရောက်ရွေးချယ်ရန် အမည်တင်သွင်းခြင်း ခံရသည့်အတွက် ၂၀၀၉

ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့မှ (၂၂) ရက်နေ့အထိတွင် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၏ တတိယအကြိမ်ညီလာခံကို တရုတ်နယ်စပ်တစ်နေရာ၌ ခေါ်ယူကျင်းပခဲ့သည်။

ညီလာခံတွင် ဥက္ကဋ္ဌတာဝန်ယူထားသူ မိုင်းဂျုတ်ဂျားက လာမည့် ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲအတွက် TNP ပါတီ၏ တာဝန်ပေးချက်အရ ဝင်ရောက်ယှဉ်ပြိုင်ရမည့်အပြင် တပ်ဦးကိုလည်း အချိန်ပြည့်ဦးမဆောင်နိုင်သည့်အတွက် PSLF ဗဟိုကော်မတီ အဖွဲ့ဝင်ပါ နုတ်ထွက်ရမည်ဖြစ်ကြောင်းနှင့် ဥက္ကဋ္ဌနေရာကို အတွင်းရေးမှူး မိုင်းအိုက်ဘုန်းအား တင်မြှောက်ကြောင်း ညီလာခံမှ အဓိကဆွေးနွေး ဆုံးဖြတ်ခဲ့သည်။

ထိုညီလာခံမှ ဥက္ကဋ္ဌအဖြစ် မိုင်းအိုက်ဘုန်းကို လည်းကောင်း၊ အတွင်းရေးမှူး အဖြစ် မိုင်းဘုန်းကျော်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် မိုင်းအောင်ကြည် ကို လည်းကောင်း ရွေးချယ်တင်မြှောက်ကြပြီးစုစုပေါင်း ဗဟိုကော်မတီဝင် (၁၁) ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ ထိုနှစ်မှာပင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ၏ သတ္တမအကြိမ်မြောက် ညီလာခံတွင် PSLF တပ်ဖွဲ့အတွင်းရေးမှူး မိုင်းဘုန်းကျော်ကို အမျိုး သားဒီမိုကရေစီတပ်ပေါင်းစု (NDF) အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ရာ NDF အတွင်းရေးမှူးတာဝန်ကို ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၃) နှစ်ကြာ တာဝန်ယူခဲ့ သည်။

# အခန်း(၆)

# PSLF/TNLA မွေးဖွားလာခြင်း

## ၆.၁။ TNLA စတင်ဖွဲ့စည်းခြင်း

၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၁ ရက်၊ တရုတ်နိုင်ငံ ရွှေလီမြို့ ဟိုတယ်တစ်ခုတွင် ကျင်းပပြုလုပ်ခဲ့သည့် PSLF တတိယအကြိမ် ညီလာခံတွင် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (Ta'ang National Liberation Army-TNLA) ကို သတ်မှတ်ဖွဲ့စည်းခဲ့သည်။



တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)

**PSLF ၏ နိုင်ငံရေးရည်မှန်းချက်**

၁။ တအာင်းအမျိုးသားအားလုံး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး။

၂။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံသည့် တအာင်းပြည်နယ် တည်ဆောက်ရေး။

၃။ အမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတည်ဆောက်ရေး။

### TNLA ၏ ဦးတည်ရည်ရွယ်ချက်များ

၁။ တအာင်းပြည်နယ်နှင့် တအာင်းပြည်သူလူထုများအား ကာကွယ်စောင့် ရှောက်ရန်။

၂။ စစ်အာဏာရှင်စနစ်၊ မဟာလူမျိုးကြီးဝါဒအား တိုက်ဖျက်ရန်။

၃။ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၏ နိုင်ငံရေးဦးတည်ချက် အောင်မြင်ရေးအတွက် အဓိက အင်အားတစ်ရပ် ဖြစ်စေရန်။

### TNLA ၏ လုပ်ငန်းစဉ်များ

၁။ တအာင်းနယ်မြေဒေသ ကာကွယ်ရေးလုပ်ငန်းစဉ်။

၂။ တအာင်းလူမျိုးအပေါ် ဖိနှိပ်ချုပ်ချယ်သူများအား ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ်။

၃။ တအာင်းတပ်မတော် ဖွံ့ဖြိုးတိုးတက် ခိုင်မာကြီးထွားရေး လုပ်ငန်းစဉ်။

၄။ မဟာမိတ် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် လက်တွဲပြီး ဘုံရန်သူကို တိုက်ခိုက်ချေမှုန်းရေး လုပ်ငန်းစဉ်။

၅။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်။

တို့ကို တိုးချဲ့ချမှတ်ထားခဲ့၏။

## ၆.၂။ UNFC ဖွဲ့စည်းခြင်း

၂၀၀၉ ခုနှစ်တွင် နအဖ အစိုးရက တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့များကို နယ်ခြားစောင့်တပ် (BGF) နှင့် ပြည်သူ့စစ်အသွင်ပြောင်း ဖွဲ့စည်းရန် ဖိအားပေးလာသော အခါ အပစ်ရပ်ထားသည့် တိုင်းရင်းသားအင်အားစုများ ဖြစ်ကြသည့် KIO-ကချင်ပြည် လွတ်လပ်ရေးအဖွဲ့၊ NMSP-မွန်ပြည်သစ်ပါတီ၊ SSPP-ရှမ်းပြည် တိုးတက်ရေးပါတီနှင့် တိုက်ပွဲဝင်နေဆဲ ပါတီများဖြစ်ကြသည့် KNU-ကရင်အမျိုးသား အစည်းအရုံး၊ KNPP-ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၊ CNF-ချင်းအမျိုးသားတပ်ဦးမှ ခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းကြပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ (၄) ရက်တွင် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးကော်မတီ (Committee for Emergence of Federal Union-CEFU) ကို ဖွဲ့စည်းခဲ့၏။

CEFU သည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ တိုင်းရင်းသား လူမျိုးများ ညီလာခံတစ်ရပ် ခေါ်ဆိုကျင်းပခဲ့သည်။ ထိုညီလာခံတွင် တိုင်းရင်းသားလူမျိုး များဖက်ဒရယ်ကောင်စီ (United Nationalities Federal Council-UNFC)ကို ဖွဲ့စည်းခဲ့ပြီး CEFU ကို ဖျက်သိမ်းခဲ့သည်။

**UNFC ၏ ရည်မှန်းချက်မှာ**

၁။ စစ်မှန်သော တိုင်းရင်းသား ညီညွတ်ရေးတည်ဆောက်ရန်။

၂။ အစွန့်ရှည် တည်တန့်ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရန်။

၃။ စစ်မှန်သော ပါတီစုံစနစ် တည်ဆောက်ရန်။

၄။ တိုင်းရင်းသား လူမျိုးများအားလုံး ထာဝစဉ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ပူးပေါင်းနေထိုင်သွားနိုင်ရန်အတွက် လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်သွားရန် ဖြစ်၏။

UNFC ၏ မဟာဗျူဟာလမ်းစဉ်သည် နိုင်ငံရေးနှင့် စစ်ရေးကို ဟန်ချက်ညီညီ ကျင့်သုံးသွားမည်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ထားသည် ဟူ၍ ဖြစ်သည်။ UNFC တွင် KIO, KNU, KNPP, CNF, NMSP, SSPP, ANC-ရခိုင်အမျိုးသားကောင်စီ၊ PNLO-ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်၊ LDU-လားဟူ ဒီမိုကရက်တစ်သမဂ္ဂ၊ WNO-ဝအမျိုးသားအဖွဲ့ချုပ်၊ MNDAA- မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်တို့နှင့် အတူ PSLF လည်း ပါဝင်ခဲ့သည်။

## ၆.၃။ မြန်မာ့နိုင်ငံရေးအပြောင်းအလဲ

၂၀၁၀ ခုနှစ်သည် မြန်မာနိုင်ငံ၏ အရေးကြီးသော နိုင်ငံရေးအပြောင်းအလဲတစ်ခု ဖြစ်သည့် ၁၉၉၀ ခုနှစ်နောက်ပိုင်း ပထမဆုံးရွေးကောက်ပွဲကို ပြန်လည်ကျင်းပသည့်နှစ် ဖြစ်ပေသည်။ ယင်းနှစ် လွတ်လပ်ရေးနေ့မိန့်ခွန်းတွင် ဗိုလ်သန်းရွှေက ၂၀၀၈ ဖွဲ့စည်းပုံကို ပြည်သူများ တခဲနက်ထောက်ခံခဲ့ကြပြီဖြစ်၍ ရွေးကောက်ပွဲကို ပြုလုပ်မည်ဖြစ်ကြောင်း ထပ်မံဖော်ပြခဲ့သည်။ မတ်လတွင်မူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော် ဥပဒေများ ပြဋ္ဌာန်းပြီး အဖွဲ့ဝင် (၁၈) ဦး ပါဝင်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

၂၀၁၀ ခုနှစ် မေလ (၆) ရက်တွင် NLD ပါတီသည် တရားဝင်ပါတီအဖြစ် လျှောက်ထားခြင်းမရှိသဖြင့် တရားမဝင်ပါတီဟု စစ်အစိုးရမှ ကြေညာခဲ့သည်။ ဩဂုတ်လ တွင် ပါတီစုံရွေးကောက်ပွဲ ကျင်းပမည့်ရက်မှာ နိုဝင်ဘာလ (၇) ရက်နေ့ ဖြစ်ကြောင်းကို

ထုတ်ပြန်ကြေငြာသည်။ နိုဝင်ဘာလ (၄) ရက်တွင် ဗိုလ်သန်းရွှေမှာ အောက်ပါအမိန့်များ ကို လက်မှတ်ထိုးကာ ထုတ်ပြန်သည်။

- ၁၉၄၈ ခုနှစ် လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး) အက်ဥပဒေ၊ ပြင်ဆင်သည့် ဥပဒေ၊
- တပ်မတော်အက်ဥပဒေ (၁၉၅၉ ခုနှစ်) ပြင်ဆင်သည့်ဥပဒေ၊
- တပ်မတော်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အသုံးပြုခြင်းဥပဒေ၊
- တပ်မြို့စည်ပင်သာယာရေးဥပဒေ၊
- နိုင်ငံတော်ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများဥပဒေ၊
- ပြည်သူ့စစ်မှုထမ်းဥပဒေ၊
- ရေယာဉ်များ လက်နက်တပ် ဆင်မှုတားမြစ်ရေးဥပဒေ
- အရန်တပ်ဖွဲ့ဥပဒေ

## ၆.၄။ တအာင်းအမျိုးသားပါတီ - TNP ဖွဲ့စည်းခြင်း

၂၀၁၀ ခုနှစ် မေလ ၂၄ ရက်နေ့တွင် တအာင်းအမျိုးသားပါတီ - TNP ကို စတင်ဖွဲ့စည်းခဲ့သည်။ TNP ကို တည်ထောင်သူများနှင့် ပါဝင်ကြသူများသည် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ - PSLO/PSLA ထဲမှ ခေါင်းဆောင် အများစု ဖြစ်ကြသည်။

TNP ပါတီ၏ ပထမအကြိမ် ညီလာခံအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက တအာင်းဒေသ မန်တုံမြို့တွင် ကျင်းပခဲ့ပြီး၊ ဒုတိယအကြိမ် ပါတီညီလာခံအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၌ နမ့်ဆန်မြို့တွင် ကျင်းပခဲ့သည်။

TNP ပါတီသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပြီး (၆) နေရာ အနိုင်ရရှိခဲ့သည်။ အနိုင်ရရှိခဲ့သည့် မြို့နယ်များမှာ မန်တုံမြို့နယ် နှင့် နမ့်ဆန်မြို့နယ်တို့ ဖြစ်ကြပြီး ပြည်နယ်လွှတ်တော် - ၄ ဦး၊ ပြည်သူ့လွှတ်တော် - ၁ ဦးနှင့် အမျိုးသားလွှတ်တော် - ၁ ဦး ရရှိခဲ့ကြသည်။

TNP ပါတီသည် ရှမ်းပြည်မြောက်ပိုင်း နမ္မတူ၊ ကျောက်မဲ၊ လားရှိုးမြို့နယ် နှင့် မန္တလေးတိုင်း မိုးကုတ်မြို့နယ်တို့တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင် မရခဲ့ပေ။ TNP ထဲတွင် အမျိုးသမီးနှင့် လူငယ်ပါဝင်မှု နည်းနေဆဲဖြစ်ပြီး ၁၀ ရာခိုင်နှုန်းပင် မပြည့်ပေ။

ယင်းနောက် နိုဝင်ဘာ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပသည်။ တပတ်ခန့် အကြာတွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သည်။ စစ်တပ် နောက်ခံရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အနိုင်ရခဲ့သည်။ NLD ပါတီ၊ SNLD ပါတီ နှင့် အခြားသော တိုင်းရင်းသားပါတီ အများအပြား ယင်းရွေးကောက်ပွဲ တွင် ဝင်မပြိုင်ကြပေ။ မြန်မာ့သမိုင်းတွင် စတုတ္ထအကြိမ်မြောက် ရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်သည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းသည်လည်း နအဖ မှ ၂၀၀၃ ခုနှစ်တွင် အဆိုပြုခဲ့သည့် 'ဒီမိုကရေစီ လမ်းပြမြေပုံ'ပါ အဆင့် ၇ ဆင့်တွင် ပဥ္စမမြောက် အဆင့်ဖြစ်သည်။

၂၀၁၁ ဇန်နဝါရီလတွင် ဒေါ်အောင်ဆန်းစုကြည်အတွက် အင်တာနက် သုံးစွဲခွင့် ကို ပေးခဲ့သည်။ NLD အင်တာနက် စာမျက်နှာကို လွှတ်တင်သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အက်စ်အက်စ်အေ-အက်စ် (ဝမ်သီန်း)အဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေးပွဲ ကျင်းပခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ညီလာခံကို စတင်ကျင်းပသည်။ ဖေဖော်ဝါရီလတွင်မူ ဦးသိန်းစိန်ကို သမ္မတအဖြစ် တင်မြှောက်ကာ မတ်လတွင် ယင်းအစိုးရ တက်လာခဲ့သည်။ ယင်းနှစ် မေလတွင် အကျဉ်းသား ၅၀၀၀ ကို လွှတ်ပေးခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား အများအပြား ကျန်ခဲ့သည်။

ဩဂုတ်လ ၁၉ တွင်မှ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အောက်တိုဘာလတွင် နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော် လွှတ်ခဲ့သည်။ စက်တင်ဘာလကုန်တွင် မြစ်ဆုံဆည်စီမံကိန်းအား မိမိအစိုးရလက်ထက်တွင် ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဦးသိန်းစိန်မှ လွှတ်တော်များသို့ သဝဏ်လွှာ ပေးပို့ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် NLD ပါတီအနေဖြင့် မှတ်ပုံပြန် တင်ခဲ့သည်။

## ၆.၅။ တအာင်းလက်နက်ကိုင်တော်လှန်ရေး တဖန်ပြန်အသက်ဝင်လာခြင်း

TNLA ၏ ပထမဆုံး စစ်သင်တန်းအား KIA ၏ အကူအညီဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ကေအိုင်အေ၊ တပ်မဟာ ၃၊ ဗန်းမော်ဒေသ၊ ဝါရာဘွမ်တွင် ဖွင့်လှစ်ခဲ့၏။ တအာင်းလူငယ် (၅၀) ကျော် စစ်ပညာ သင်ယူခဲ့သည်။ စစ်သင်တန်းပြီးနောက် အသားတင် ကျန်ခဲ့သူ တအာင်းလူငယ် (၄၂) ယောက်သည် KIA တပ်ဆင်ပေးသည့် သေနတ် (၂၂) လက်နှင့် တော်လှန်ရေးခရီး စတင်ခဲ့၏။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် နမ့်ခမ်းမြို့၏ တောင်ဖက်မှ ရွှေလီမြစ်အား ဖြတ်သန်းပြီး တအာင်းဒေသ ရွှေလီချိုင့်ဝှမ်းဂွင်သို့ ပြန်လည် ဝင်ရောက်ခဲ့ပြီး တအာင်း ဒုတိယအကြိမ် လက်နက်ကိုင်တော်လှန်ရေး (ဝါ) တကျော့ပြန် တအာင်းလက်နက်ကိုင် တော်လှန်ရေးအား စတင်ခဲ့တော့သည်။

သို့နှင့် ၂၀၁၂ ခုနှစ်မှစ၍ တိုက်ပွဲများစွာကို ရင်ဆိုင်တိုက်ခိုက်ခဲ့ပြီး TNLA သည် သူ၏ တပ်ဖွဲ့နှင့် အခြေခံဒေသကို တည်ဆောက်ခဲ့သည်။ MNDAA/ AA/ KIA တို့နှင့် စစ်ရေးမဟာမိတ်ဖွဲ့ပြီး စစ်ရေး တိုက်ပွဲများစွာ တိုက်ခိုက်ခဲ့သည်။၂၀၁၃ ခုနှစ်တွင် SSPP နှင့် TNLA ကြား သီးခြားညီနောင်မဟာမိတ် စာချုပ်တစ်ရပ်လည်း ချုပ်ဆိုခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း ကျင်းပခဲ့သည့် လိုင်ဇာညီလာခံ၊ လော်ခီးလာညီလာခံတွင် PSLF ကိုယ်စားလှယ်များ တက်ရောက်ပါဝင်ခဲ့ပြီး သဘောတူညီချက်များတွင် PSLF ဥက္ကဌ တားအိုက်ဘုန်း ပါဝင်လက်မှတ် ရေးထိုးခဲ့သည်။

UNFC တွင် တားအိုက်ဘုန်းနဲ့ မိုင်းပန်လတို့သည် ဗဟိုကော်မတီအနေနဲ့ ပါဝင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ တွင် မိုင်းပန်လ (တားပန်လ) သည် UNFC တွဲဖက်အထွေထွေ အတွင်းရေးမှူး ၂ အဖြစ် တာဝန်ယူခဲ့သည်။ UNFC က ဖွဲ့စည်းသည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းမှုကော်မတီ-NCCT တွင် တားအိုက်ဘုန်း၊ တားဝိုင်းခရိုနှင့် တားပန်လတို့ တာဝန်ယူခဲ့ကြ၏။

## ၆.၆။ TNLA နှင့် မြန်မာအစိုးရအကြားတွေ့ဆုံဆွေးနွေးမှုများ

TNLA နှင့် မြန်မာအစိုးရအကြား ပထမအကြိမ် တွေ့ဆုံမှုအား ၂၀၁၃ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ရှမ်းမြောက်ဒေသ မူဆယ်မြို့နယ် ရွှေလီခန်းမတွင် ပြုလုပ်ခဲ့၏။ PSLF/TNLA ကိုယ်စားလှယ်များအဖြစ် တားဘုန်းကျော် ခေါင်းဆောင်သည့် အဖွဲ့ဝင် ၉ ဦး တက်ရောက် ခဲ့ပြီး အစိုးရကိုယ်စားလှယ်များအား ဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်ပြီး အဖွဲ့ဝင် ၉ ဦး ပါဝင်၏။

<table><tr><td>

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA နှင့် မြန်မာအစိုးရအကြား ပြည်နယ်အဆင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေး တင်ပြဆွေးနွေးချက်နှင့် သဘောတူညီမှုများ**

ဇူလိုင်လ ၂၀၁၃

**PSLF နှင့် မြန်မာအစိုးရတွေ့ဆုံဆွေးနွေးမှုတွင် ဖြေရှင်းရမည့် PSLF တင်ပြသည့် အချက် (၉) ချက်**

</td></tr></table>

၁။ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည့် တိကျသောအချိန်ဇယား လုပ်ငန်းစဉ်များ ပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲ ပြုလုပ်ရန်

၂။ နှစ်ဘက်လက်နက်ကိုင်ပဋိပက္ခ ထိတွေ့ မှု လျှော့ချရန်

၃။ တအာင်းတပ်ဖွဲ့၏ အုပ်ချုပ်ရေးနယ်မြေ၊ စည်းရုံးရေးနယ်မြေများ (နမ့်ဆန်၊ မန်တုံ၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူ မိုးမိတ်၊ မိုးကုတ်မြို့နယ်နှင့် ကျောက်မဲ မြို့နယ်ခွဲ) တွင်ရှိသော မြန်မာတပ်ဖွဲ့များ မူလတပ်ရင်းနေရာသို့ ရုပ်သိမ်းပေးရန်

၄။ စစ်ဘေးဒဏ်သင့် တအာင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခွင့်။

၅။ တအာင်းဒေသအတွင်း နိုင်ငံရေးလွတ်လပ်ခွင့် (နိုင်ငံရေးပါတီ၊ လက်နက်ကိုင် အဖွဲ့အစည်း၊ လူထုအဖွဲ့အစည်း)

၆။ တအာင်းဒေသအတွင်းရှိ မူးယစ်ဆေးဝါး ပြဿနာများကို မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပွင့်လင်းမြင်သာမှုရှိစွာ ပူးပေါင်း ဖြေရှင်းသွားရန်

၇။ တအာင်းဒေသထွက် သယံဇာတများ၊ ထိန်းသိမ်းကာကွယ်ခွင့် အကျိုးခံစားခွင့်

၈။ တအာင်းနိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်ပေးရန်

၉။ ၂၀၀၅ ခုနှစ်တွင် မိမိတို့၏မိဘများဖြစ်သည့် ပလောင်ပြည်နယ်လွတ်မြောက် ရေးတပ်မတော်- PSLA အား လက်နက်ဖြုတ်သိမ်းခဲ့သည်မှာ မှားယွင်းကြောင်း တပြည်လုံးသိရှိစေရန်အတွက် ကြေညာပေးရန်

**ဦးအောင်မင်း ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ပြည်နယ်အဆင့်တွေ့ ဆုံဆွေးနွေးပွဲသို့ တင်သွင်းသည့် အချက်လေးချက်**

(က) အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးရန်

(ခ) နယ်မြေသတ်မှတ်ရေး

(ဂ) ဆက်ဆံရေးရုံးဖွင့်လှစ်ရန်

(ဃ) နောက်တကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးရန်

## PSLF/TNLA နှင့် ပထမဦးဆုံးအကြိမ် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲရလဒ်

(က) အောင်မြင်သော တွေ့ဆုံဆွေးနွေးပွဲတခုဖြစ်

(ခ) နောက်တကြိမ်တွေ့ ဆုံဆွေးနွေးပွဲကို အမြန်ဆုံး ကျင်းပဆောင်ရွက်သွားနိုင်ရန် နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရန်

(ဂ) အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးပါက အားလုံးပါဝင်သည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ Political Dialogue လုပ်ဆောင်သွားရန်

မှတ်ချက်။ ။ တိုင်းရင်းသားအများပြည်သူ မီဒီယာ တို့အားထုတ်ဖော်ပြောဆိုမည့် နှစ်ဦးနှစ်ဖက် နှုတ်အရ သဘောတူညီချက် ဖြစ်သည်။ လက်မှတ်ရေးထိုး သဘောတူခြင်းမရှိပါ။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.LF

တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA

၃၁ ရက်၊ ဇူလိုင်လ ၂၀၁၃ ခုနှစ်။

ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ရွှေလီမြို့၌ တားဘုန်းကျော် ခေါင်းဆောင်သော TNLA ကိုယ်စားလှယ်အဖွဲ့နှင့် ဦးလှမောင်ရွှေ ခေါင်းဆောင်သော MPC ကိုယ်စားလှယ်အဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေး ခဲ့သည်။

ဤသို့ သီးခြားတွေ့ဆုံမှု ရှိသကဲ့သို့ UNFC ၏ NCCT အဖွဲ့ဝင်အဖြစ် အစိုးရ ကိုယ်စားလှယ် ဦးအောင်မင်း ခေါင်းဆောင်သော အဖွဲ့နှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄၊ ၅ ရက် မြစ်ကြီးနားတွင် ကျင်းပသော ဆွေးနွေးပွဲတွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြုလုပ်သော ဆွေးနွေးပွဲတွင် လည်းကောင်း PSLF မှ တားအိုက်ဘုန်း ပါဝင်ဆွေးနွေးခဲ့၏။

ထို့အပြင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် သမ္မတ ဦးသိန်းစိန်အား လိပ်မူ၍ PSLF ၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ပတ်သက်သည့် သဘောထားအား PSLF ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အရ အတွင်းရေးမှူး တားဘုန်းကျော် လက်မှတ် ရေးထိုးပို့ပေးခဲ့သည်။

သို့သော် ဦးသိန်းစိန်အစိုးရက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် NCA လက်မှတ်ရေးထိုးရာတွင် TNLA/ AA/ MNDAA တို့အား ပါဝင်ခွင့်ပြုရန် ငြင်းပယ်ရာမှ UNFC အတွင်း သဘောထား ကွဲလွဲပြီး UNFC လည်ပတ်မှု ရပ်ဆိုင်းသွားသည်။

၂၀၁၅ ခု နိုဝင်ဘာ ၈ ရက်နေ့တွင်မူ ပြည်လုံးကျွတ် ရွေးကောက်ပွဲ ကျင်းပခဲ့ပြီး NLD မှ သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မိုင်ဂျာယန်၌ UNFC အဖွဲ့ဝင်ဟောင်းများ ညီလာခံတစ်ရပ် ထပ်မံပြုလုပ်ခဲ့သော်လည်း PSLF နှင့် MNDAA တို့ တက်ရောက်ခြင်း မရှိပေ။ TNLA နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်များကြား မဟာမိတ်ဖွဲ့မှု ရှိသကဲ့သို့ ပဋိပက္ခလည်း ရှိသည်။ အထူးသဖြင့် နယ်မြေစိုးမိုး ထိန်းချုပ်ရေးအတွက် ကြိုးပမ်းရာ ဖြစ်ပွားလာသော ပဋိပက္ခများ ဖြစ်သည်။ TNLA နှင့် RCSS အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။

[illegible]

**Palaung State Liberation Front**

"၂၀၁၅ အထွေထွေရွေးကောက်ပွဲ တွင် အစိုးရဖွဲ့စည်းနိုင်သည့်အထိ အနိုင်ရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD ၏ ပြည်သူ့အတွက်အောင်ပွဲကို လှိုက်လှဲစွာကြိုဆိုပါသည်။"

သဘောထားထုတ်ပြန်ချက်အမှတ် (၈/၂၀၁၅)

၁၁ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်

၁။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အစိုးရဖွဲ့စည်းနိုင်သည့်အထိ တိုင်းရင်းသားပြည်သူလူထုတို့၏ ဆန္ဒမဲကိုသိမ်းကြုံးရယူနိုင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ၏ သမိုင်းဝင် ပြည်သူ့အောင်ပွဲကြီးအား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A က လှိုက်လှဲစွာကြိုဆိုပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ငြိမ်းချမ်းတိုးတက်စွာအတူယှဉ်တွဲနေထိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံကို လက်တွေ့ဦးဆောင်တည်ဆောက်နိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD ၏ အောင်မြင်မှုခြေလှမ်းအဖြစ် ကြိုဆိုမျှော်လင့်ပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ၏ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်းတွင် ကတိပြုထားသည့် "တိုင်းရင်းသားအရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး၊ ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး နှင့် လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး" ဟူသော ပြည်ထောင်စုမြန်မာနိုင်ငံအတွက်မွန်မြတ်သည့်ရည်ရွယ်ချက် ကတိကဝတ်များအတိုင်း အစိုးရတစ်ရပ်ဖွဲ့စည်းကာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု အထူးယုံကြည်မျှော်လင့်ပါသည်။

၃။ မြန်မာ့နိုင်ငံရေးဖြေရှင်းရာတွင် အဓိကကျသည့် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၆၀ ကျော်ကြာပြည်တွင်းစစ်မီး ကို အပြီးသပ်ငြိမ်းသတ်ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးတွေ့ဆုံပွဲစကားဝိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-NLD ဖွဲ့စည်းမည့်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဖြေရှင်းရန် အဆင်သင့်ဖြစ်ကြောင်း မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A ၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ<br>
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)<br>
တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည်။ NLD ပါတီမှ အမတ်နေရာ ၃၃၇ နေရာနှင့် အများဆုံး အနိုင်ရရှိခဲ့သည်။ တအာင်းအမျိုးသားပါတီ (TNP) မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (၁၂) နေရာအထိ အနိုင်ရရှိခဲ့သည်။ မန်တုံ၊ နမ့်ဆန်၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း စသည့် မြို့နယ် (၆) ခုမှ ပြည်နယ်လွှတ်တော်အတွက် အမတ်အရေအတွက် ၇ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်- ၃ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် -၂ ဦး အနိုင်ရရှိခဲ့ကြသည်။

NLD အစိုးရလက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ပင်လုံ အဖြစ် အမည်သမုဒ်ကာ ဆက်လက်ကျင်းပခဲ့သည်။ ထိုညီလာခံအတွက် တအာင်းအမျိုးသားသဘောတူချက်ကို ဖော်ထုတ်နိုင်ရန် တအာင်းအမျိုးသား နီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ကြသည်။ ထိုနီးနှောဖလှယ်ပွဲအား PSLF/ TNLA မှ ကိုယ်တိုင်မတက်ရောက်ခဲ့သော်လည်း နိုင်ငံရေးစာတမ်း ပေးပို့ခဲ့သည်။

**၂၁ ရာစုပင်လုံညီလာခံ ဆိုင်ရာ တအာင်းအမျိုးသား နီးနှောဖလှယ်ပွဲသို့ ပေးပို့သည့်**

**PSLF/TNLA ၏ နိုင်ငံရေးစာတမ်း**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် ၂၁ ရာစု ပင်လုံညီလာခံ မတိုင်မီ မိမိတို့ တအာင်းလူမျိုးများအကြား အရေးကြီးသည့် နိုင်ငံရေးပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် တအာင်းအမျိုးသားနီးနှောဖလှယ်ပွဲကို ကမကထ ပြုလုပ်ကြသည့် ရဟန်းသံဃာအရှင်သူမြတ်များ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ လူငယ်နှင့် အမျိုးသမီး ခေါင်းဆောင်များတို့အား အထူးကျေးဇူးတင်ကြောင်း ဦးစွာနှုတ်ခွန်းဆက်သလိုပါသည်။

တအာင်းအမျိုးသားနိုင်ငံရေးရပ်တည်ချက်အတွက် ကြိုတင်ပြင်ဆင်ရမည့် အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်သဖြင့် တက်ရောက်လာကြသော သံဃာတော်များ

အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ အစည်းအဝေး ကိုယ်စားလှယ်များ အားလုံးတို့အား တအာင်းတမျိုးသားလုံး၏ လွတ်လပ်သည့် အနာဂတ်ဖန်တီးရေးကို ဦးထိပ်ထားကာ တအာင်းလူမျိုးအတွက် ပွင့်ပွင့်လင်းလင်း၊ ရဲရဲဝံ့ဝံ့ ဆွေးနွေးပြင်ဆင် ကြပါရန် အနူးအညွတ် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

ယခုကဲ့သို့ တအာင်းအမျိုးသားအတွက် အရေးကြီးသည့်ဆွေးနွေးပွဲတွင် နိုင်ငံရေးအခြေအနေ ကန့်သတ်မှုအချို့ကြောင့် မိမိတို့ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး - PSLF/TNLA တက်ရောက်နိုင်ခွင့်မရှိသော်လည်း မိမိတို့၏ လက်ရှိနိုင်ငံရေးအခြေအနေနှင့်ပတ်သက်သည့် နိုင်ငံရေးစာတမ်းကို ယခုဆွေးနွေး ပွဲသို့ တင်သွင်းခွင့်ပြုသည့်အတွက် အလေးအနက် ဝမ်းမြောက် အားတက်မိပါ သည်။ မိမိတို့တင်ပြသည့် နိုင်ငံရေးရပ်တည်ချက် သဘောထားများကိုလည်း အစည်းအဝေးကြီးမှ အလေးအနက်ထား သုံးသပ်ဆွေးနွေးပြီး အရေးကြီးသည့် နိုင်ငံရေးရပ်တည်ချက် ပြင်ဆင်မှုများတွင် ပါဝင်ထည့်သွင်းကြလိမ့်မည်ဟု အထူး ယုံကြည်မျှော်လင့်ပါသည်။

## ၂၁ ရာစုပင်လုံညီလာခံအပေါ်အမြင်သဘောထား

၂၁ ရာစုပင်လုံညီလာခံသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးနိုင်မည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ဆုံချက် တခုဖြစ်လာလိမ့်မည်ဟု မျှော်လင့်သုံးသပ်ပါသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်သူလူထုဆန္ဒအရ ပေါ်ပေါက်လာသည့် NLD ဦးဆောင်သော မြန်မာအစိုးရနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လာသည့် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှု တွင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာ ခွင့် ရရှိလာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

မြန်မာစစ်အာဏာရှင်အဆက်ဆက်တွင် ကြိုတင်သတ်မှတ်ချက်၊ မူဘောင်များ ချမှတ်ထားသည့် ဟန်ပြတွေ့ဆုံရေးသာ ပြုလုပ်ခဲ့ကြသည်။ ၁၉၄၇ ပင်လုံစာချုပ်ပါ

ကတိကဝတ်များကိုဖောက်ဖျက်ပြီး မြန်မာ့နည်းမြန်မာ့ဟန် ပါလီမန်ဒီမိုကရေစီခေတ်ကို ဖန်တီးခဲ့သည်။ တိုင်းရင်းသားများက ပြည်ထောင်စုမှုကို အသက်သွင်းရန် ကြိုးပမ်းစဉ် ၁၉၆၂ ခုနှစ်တွင် ဗိုလ်နေဝင်း အာဏာသိမ်းခဲ့သည်။ စစ်အာဏာရှင်စနစ်မှ ၁၉၇၄ ဖွဲ့စည်းပုံဥပဒေဖြင့် မဆလ တပါတီအာဏာရှင်စနစ်ဆိုးနှင့် ကြုံခဲ့ရသည်။ ၁၉၈၈ လူထုအရေးတော်ပုံကြောင့် မဆလ အာဏာရှင်စနစ်ကျဆုံးခဲ့ပြီး တကျော့ပြန် စစ်တပ်အာဏာသိမ်းခဲ့သည်။ မြန်မာစစ်အာဏာရှင်လက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အတော်များများ အပစ်အခတ်ရပ်စဲခဲ့ကြပြီးနောက် သက်တမ်းအရှည်ကြာဆုံး အမျိုးသားညီလာခံကို ၁၉၉၃ တွင် စတင်ခဲ့ပြီး ၂၀၀၇ တွင် အဆုံးသတ်ခဲ့သည်။ ထိုညောင်နှစ်ပင် ညီလာခံမှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖက်သတ်အတည်ပြုခဲ့ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီခေတ်သို့ ကူးပြောင်းခဲ့သည်။

ဦးသိန်းစိန် အစိုးရလက်ထက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်များ ရေးထိုးခဲ့ကြသည်။ နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်မည် ဟူသော ကတိကဝတ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် NCA ရရှိရန်အတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အစိုးရကိုယ်စားလှယ်တို့ အကြိမ်ပေါင်းများစွာတွေ့ ဆုံညှိနှိုင်းခဲ့ကြပါသည်။

၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့တွင် ထိုအပစ်ရပ်စာချုပ် NCA ကို တိုင်းရင်းသားအဖွဲ့အစည်း ၈ ဖွဲ့ဖြင့်သာ လက်မှတ်ရေးထိုးခဲ့ပြီး အားလုံးပါဝင်ရေးမူကို မြန်မာ့တပ်မတော်က လက်မခံခဲ့သဖြင့် UNFC တိုင်းရင်းသားတပ်ပေါင်းစု အဖွဲ့ဝင်များ ပါဝင်ခြင်း မပြုခဲ့ချေ။ ဦးသိန်းစိန် အစိုးရလက်ထက် ထိုတခြမ်းပဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှ ယခု NLD ဦးဆောင်သည့် မြန်မာအစိုးရသစ်တွင် ၂၁ ရာစု ပင်လုံညီလာခံကို အမြန်ဆုံးကျင်းပမည်ဟု ပြောဆိုဆောင်ရွက်လာခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ငြိမ်းချမ်းရေးအလုပ်အဖွဲ့နှင့် ကော်မတီအဆင့်ဆင့်တွင် ဦးသိန်းစိန် အစိုးရလက်ထက်က အလုပ်အဖွဲ့ဝင်များနှင့်

မြန်မာ့စစ်တပ်ကိုယ်စားလှယ်များကိုပါ ပေါင်းစပ်ဖွဲ့စည်းတာဝန်ပေးထားပါသည်။ မြန်မာ့စစ်တပ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို NCA အပစ်ရပ်စာချုပ်အပေါ် အခြေခံပြီးမှသာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူ ၆ ရပ်ကို လက်ကိုင်စွဲထားပါသည်။ ထို့ပြင် တအာင်း TNLA ကိုးကန့် MNDAA နှင့် ရခိုင် AA တို့အား လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်မည်ဟူသော ကြေညာချက်ထုတ်ပြန်မှသာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ခွင့်ပြုမည်ဟု မြန်မာ့တပ်မတော်မှ သဘောထားထုတ်ပြန်ထားပါသည်။

မည်သို့ပင်ဖြစ်စေကာမူ နှစ်ပေါင်း ၆၀ ကျော်ရှည်ကြာလာခဲ့သည့် ပြည်တွင်းစစ်ကို အပြီးတိုင်ရပ်စဲပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်မှာ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ လိုလားတောင်းတချက်ပင် ဖြစ်ပါသည်။ ယနေ့ ဖြစ်ပေါ်လာသည့် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် စစ်မှန်သည့် နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ကာ နိုင်ငံရေးပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်ရန် အားလုံးဆန္ဒရှိကြပါသည်။

ဒေါ်အောင်ဆန်းစုကြည် မှ ၂၁ ရာစုပင်လုံကို အမြန်ဆုံးကျင်းပလိုပြီး၊ ကျင်းပချိန်ကိုလည်း အတတ်နိုင်ဆုံး အချိန်မဆွဲပဲ ဆွေးနွေးအဖြေညှိလိုသည်ဟု ပြောဆိုထားပါသည်။ ထိုညီလာခံတွင် နိုင်ငံရေးပြဿနာကိုဖြေရှင်းရန်နှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာကိစ္စရပ်ကိုသာ အဓိကဦးစားပေးဆွေးနွေးမည်ဖြစ်ပြီး၊ ပါဝင်သင့်ပါဝင်ထိုက်သည့်ကိုယ်စားလှယ်များ အားလုံးပါဝင်ရန်လိုအပ်သည်ဟု သဘောထားထုတ်ပြန်ပြီး ဖြစ်ပါသည်။

မြန်မာ့စစ်တပ်နှင့် ညှိနှိုင်းမှုမပြေလည်နိုင်သေးသည့် မိမိတို့ PSLF/TNLA အနေဖြင့် ၂၁ ရာစုပင်လုံညီလာခံတွင် ပါဝင်ခွင့်ရရှိရေးမှာ သေချာရေရာမှု မရှိသေးပေ။ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် တအာင်းအမျိုးသားပါတီမှာ တအာင်းအမျိုးသားကိုယ်စားပြု တက်ရောက်နိုင်မည် ဖြစ်သည်။

တအာင်းတမျိုးသားလုံးကိုယ်စားပြုနိုင်သည့် နိုင်ငံရေးရပ်တည်ချက်များကို တင်ပြဆွေးနွေးနိုင်ရန်အတွက် ထိုညီလာခံတွင် ပါဝင်တက်ရောက်နိုင်ရေးသည် လည်း အရေးကြီးသည့် စိန်ခေါ်မှုတခု ဖြစ်ပါသည်။

အကယ်၍သာ မိမိတို့ PSLF/TNLA အပါအဝင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအချို့ ပါဝင်ခွင့် မရရှိခဲ့ပါက ၂၀ ရာစုပင်လုံညီလာခံသည်လည်း ယခင် မြန်မာအစိုးရအဆက်ဆက်ကဲ့သို့ အဆုံးသတ်အဖြေမရှိသည့် နိုင်ငံရေးဆွေးနွေးပွဲ ပင်ဖြစ်လာပါလိမ့်မည်။ တနည်းအားဖြင့်ဆိုသော် မြန်မာ့စစ်တပ်စစ်ခေါင်းဆောင် များ လက်ခံဆောင်ရွက်လိုသည့် နိုင်ငံရေးဆွေးနွေးပွဲပင် ဖြစ်သည်။ ပြည်တွင်း စစ်မီးကို ဆက်လက်မွေးထားမည့် လမ်းစဥ်ဖြစ်သည်။

ထိုကဲ့သို့ မဖြစ်ပေါ်ရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်း စုကြည်၏ နိုင်ငံရေးအရ ကိုင်တွယ်ဆောင်ရွက်မှုကို စောင့်ကြည်ရင်း မိမိတို့၏ နိုင်ငံရေးအား၊ လူထုအား၊ စစ်အင်အား အဖက်ဖက်စုစည်းညီညွတ်မှုရှိရန် ပြင်ဆင် ထားခြင်းသည်သာ အကောင်းဆုံးဖြစ်လိမ့်မည်ဟု ရှုမြင်သုံးသပ်ပါသည်။

## ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းတည်ဆောက်ရေး နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာရာတွင် အပြန်အလှန်ရရှိထားသည့် သဘောတူညီမှုများကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ တွင် ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ကြရပါသည်။ ထို့ ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရန်၊ နိုင်ငံသားများအခွင့်အရေး အာမခံချက် ရှိစေရန်နှင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာရေးဆွဲရန် လိုအပ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုနှင့် ဒီမိုကရေစီ အတိုက်အခံအင်အားစုတို့သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာရာတွင် အထောက်အကူပြုရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို စုပေါင်းဆွေးနွေးရေးဆွဲခဲ့ကြပြီး အချိန်ပြောင်းလဲမှုနှင့်အညီ တပ်ပေါင်းစုအဆက်ဆက်က မွမ်းမံပြင်ဆင်ခဲ့ကြပါသည်။

တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းများနှင့် ဒီမိုကရေစီအင်အားစုတို့ ၁၉၉၂ ခုနှစ် မာနယ်ပလောစာချုပ်၊ မယ်သရောထာစာချုပ်များ ချုပ်ဆိုပြီးနောက်ပိုင်း ဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု DAB က ဦးဆောင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်ပြီး ရေးဆွဲခဲ့ပါသည်။ ထို့နောက် တော်လှန်ရေးအင်အားစုအားလုံးနီးပါး ပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB မှ ထို အခြေခံဥပဒေမူကြမ်းကို ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အဖြစ် ဆက်လက်ရေးဆွဲခဲ့ပါသည်။

ထို့နောက် တိုင်းရင်းသားတော်လှန်ရေးအင်အားစု၊ ဒီမိုကရေစီအင်အားစု၊ လူငယ်၊ အမျိုးသမီးအင်အားစု၊ လူထုအခြေပြုအခြေခံအင်အားစုများ အစရှိသည့် အလွှာပေါင်းစုံပါဝင်သည့် FCDCC ကော်မတီက ၂၀၀၆ ခုနှစ်တွင် ထိုအခြေခံဥပဒေကို ထပ်မံဆွေးနွေးအတည်ပြုခဲ့ပါသည်။ ထို့နောက် တိုင်းရင်းသားလူမျိုးများကောင်စီ UNFC က ထိုအခြေခံဥပဒေကို ထပ်မံပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ် FCDCC နှင့် UNFC မွမ်းမံဖြည့်စွက်သည့် မူကြမ်းတွင် ပြည်နယ်သစ်ဖွဲ့စည်းခြင်း အခန်းကဏ္ဍပါဝင်လာပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းရာတွင် အမျိုးသားကိုယ်စားပြုပြည်နယ်နှင့် အမျိုးသားများကိုယ်စားပြုပြည်နယ် ဟူ၍ ဖွဲ့စည်းရန် ရေးဆွဲထားပါသည်။ ထို့ပြင် ပြည်နယ်တိုင်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။

ဖက်ဒရယ်ပြည်ထောင်စုဖွဲ့ စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူ (၈) ချက်ကိုလည်း ချမှတ်သဘောတူကာ ယခုနောက်ထုံး ၂၀၀၆

မိုင်ဂျာယန် မျက်နှာစုံညီအစည်းအဝေးတွင်ပါ ထပ်မံအတည်ပြုခဲ့သည်။ ထိုမူ (၈) ချက်မှာ

(၁) အချုပ်အခြာအာဏာ (Sovereign Power)

(၂) တန်းတူရေး (Equality)

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

(၄) ဖက်ဒရယ်ပြည်ထောင်စုများ (Federal Principles)

(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)

(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး၊ ကျား/မဆိုင်ရာတန်းတူညီမျှရေး (Democracy, Human Rights and Gender Equality)

(၇) ဘာသာရေးကိုအခြေမခံသော နိုင်ငံ (Secular State)

(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy System) တို့ဖြစ်သည်။

PSLF/TNLA သည် ဤကဲ့သို့ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခဲ့သည့် ကြိုးပမ်းမှုအဆင့်ဆင့်တိုင်းတွင် ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ သဘောတူ အဆိုပြုထားသည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို PSLF/TNLA က ထောက်ခံသဘောတူပြီး ဖြစ်ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖွဲ့စည်းရာတွင် ရှစ်ပြည်နယ်အခြေခံမှုကို လက်မခံနိုင်ပါ။ အမျိုးသားနှင့်အမျိုးသားများကို ကိုယ်စားပြုမှုကို အခြေခံမည့် ပြည်နယ်ဖွဲ့စည်းခြင်းကိုသာ လက်ခံပါသည်။ ထို့ပြင် ပြည်နယ်သစ်ဖွဲ့စည်းနိုင်ရန် အရည်အချင်း သတ်မှတ်ချက်ပြည့်မီသည့် လူမျိုးများကိုလည်း ပြည်နယ်သစ်ဖွဲ့စည်းရန် လိုအပ်ပါသည်။

မြန်မာပြည်၏ နိုင်ငံရေးနှင့် တိုင်းရင်းသားရေးရာပြဿနာရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်နယ်များကို ပုံသေအရေအတွက်ဖြင့် တရားသေဖွဲ့စည်းခြင်းမဟုတ်ပဲ၊ အကြေအလည်ဆွေးနွေးညှိနှိုင်းပြီး ပြည်နယ်သစ်များ လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်ရန် လိုအပ်သည်ဟု အခိုင်အမာယုံကြည်ပါသည်။

## တအာင်းလူမျိုးတို့အတွက် တအာင်းပြည်နယ်

မွန်-ခမာအနွယ်ဖြစ်သည့် တအာင်း(ပလောင်)၊ မွန်၊ ဝ လူမျိုးတို့သည် ယခုမြန်မာနိုင်ငံဟု ခေါ်ဝေါ်သတ်မှတ်ထားသည့် နေရာဒေသတွင် အစောဆုံးအခြေချနေထိုင်သည့် လူမျိုးများဖြစ်ကြပါသည်။ သို့သော်လည်း တအာင်းလူမျိုးတို့သည် ရှမ်းလူမျိုး၊ ဗမာလူမျိုးတို့၏ နယ်မြေအင်ပါယာချဲ့ထွင်မှုကို တွန်းလှန်စစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် ကုန်းမြင့်၊ တောတောင်များဆီသို့ ထောင်စုနှစ်ချီ အချိန်ကာလကြာမြင့်စွာ ရွှေ့ပြောင်းနေထိုင်လာခဲ့ကြသည်။

စုစည်းမှုတစုံတရာအားကောင်းခဲ့သည့် မွန်လူမျိုးများနည်းတူ တအာင်းလူမျိုးတို့တွင်လည်း စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ဦးဆောင်သူ ဘုရင်/စော်ဘွားများ၊ အုပ်ချုပ်ရေးသမိုင်းအစဉ်အဆက်များ အခိုင်အမာ ရှိခဲ့ပါသည်။ သို့သော် သမိုင်း၏ဆိုးဝါးသည့်ချေမှုန်းဝါးမျိုခံရမှုတို့ကြောင့် အရာရာအားလုံး ပျက်သုဉ်း ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။ အုပ်ချုပ်မှုရုံးမှတ်တမ်းများ၊ နေထိုင်စားသောက်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ အထောက်အထားများ ရှာဖွေရန် ခက်ခဲခဲ့ရပါသည်။ အင်ပါယာ တောင့်တင်းခဲ့ဖူးသော ပျူလူမျိုးတို့၏ တိမ်ကောပပျောက်မှုကဲ့သို့ မကျရောက်ပဲ တအာင်းလူမျိုးတည်ရှိနေသည်ကိုပင် ဂုဏ်ယူအံ့သြဖွယ်ဖြစ်ရပါသည်။

သို့သော်လည်း တိုးတက်ပြောင်းလဲမှု မြန်ဆန်နေသည့် ယနေ့နည်းပညာခေတ်ကာလတွင် မိမိတို့၏ လူမျိုး၊ နယ်မြေဒေသ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ တို့ကို

စုစည်းညီညွတ်စွာ မထိန်းသိမ်းနိုင်ပါက အလျင်အမြန် တိမ်ကောပပျောက် သွားတော့မည်ဖြစ်သည်။ ယဉ်ကျေးမှု၊ ဘာသာစကား ကူးစက်ပေါင်းစည်းရန် လွယ်ကူလျင်မြန်သည့်ကာလတွင် နိုင်ငံရေးနိမ့်ကျနေသော လူမျိုးများမှာ လူမျိုးကြီးတို့၏ ဝါးမျိုကူးလူးပေါင်းစပ်မှုကို မလွဲမသွေခံကြရတော့မည် ဖြစ်သည်။

ဤကဲ့သို့ မိမိတို့လူမျိုး ပျောက်လျော့နည်းခြင်း မဖြစ်စေရန်အတွက် နိုင်ငံရေးအသိအမြင်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့်ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါသည်။ လူကြီး၊ လူငယ်၊ အမျိုးသမီး အလွှာပေါင်းစုံမှ နိုင်ငံရေးနိုးကြားမှုများ မြင့်တက်ပြီး အားကောင်းသည့် စုစည်းညီညွတ်မှု ရှိရပါမည်။

ထိုကဲ့သို့ ဘက်ပေါင်းစုံတိုးတက်ပြီး နိုင်ငံရေးစုစည်းညီညွတ်မှုမှတဆင့် ကံကြမ္မာများကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့် လိုအပ်ပါသည်။ မိမိတို့၏ နယ်မြေဒေသ၊ လူမျိုး၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစရှိသည့် ကိစ္စရပ်များကို မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရပြည်နယ် ရရှိမှသာလျှင် မိမိတို့လူမျိုး ပျောက်လျော့နည်းခြင်းရန်ကို ကာကွယ်ဖြေရှင်းနိုင်မည် ဖြစ်သည်။

တအာင်းလူမျိုးတို့သည် ပြည်နယ်တခု ရရှိထိုက်သည့် သတ်မှတ်ချက်များ ဖြစ်သည့် -

(က) သင့်တင့်သည့် လူဦးရေ၊

(ခ) တဆက်စပ်တည်းရှိသည့် ပထဝီနယ်မြေဒေသ၊

(ဂ) မျှတသည့် စီးပွားရေး၊

(ဃ) အခြားလူမျိုးနှင့်မတူကွဲပြားသည့် ဘာသာစကားနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ၊

(င) နိုးကြားသည့်နိုင်ငံရေးအသိအမြင်များ

(စ) ရှည်ကြာခိုင်မာသည့် လူမျိုးသမိုင်းနောက်ခံများ - အစရှိသည့်ကိုနှင့် ပြည့်စုံသည့် လူမျိုးတမျိုးဖြစ်သည်။

လွန်ခဲ့သည့် နှစ်တရာခန့် က ပြုလုပ်ခဲ့သည့် “The ethnological survey of Burma 1917” ဗမာလူမျိုးစုရေးရာစစ်တမ်းအရ မြန်မာပြည်တွင် တအာင်းလူမျိုး၏ လူဦးရေမှာ (၁၇၆,၁၂၄) ဦးရှိပြီး ကချင်လူမျိုးထက် (၂၂.၂၇၇) ဦး ပိုများခဲ့ပါသည်။ သို့သော်ယနေ့ အချိန်အထိ တအာင်းလူမျိုးမှာ ပြည်နယ်မရ ဖြစ်နေခဲ့ပြီး၊ လူဦးရေစာရင်းအရ ကချင်လူမျိုးထက်သိသာစွာလျော့နည်းကာ လူနည်းစုအဖြစ်သာ သတ်မှတ်ထားခံနေရသေးသည်။ ယနေ့အထိ တအာင်းလူမျိုးသည် ရှမ်းလူမျိုး၏ ရှမ်းမျိုးနွယ်လက်အောက်ခံ မျိုးနွယ်စုအဖြစ် တရားဝင်သက်မှတ်ထားခြင်းခံနေရဆဲ ဖြစ်သည်။

ယနေ့ တအာင်းလူမျိုးအများစုသည် PSLF/TNLA အခြေစိုက်လှုပ်ရှားရာ ကျောက်မဲ၊ မိုးမိတ်၊ မိုးကုတ်၊ မန်တုံ၊ နမ့်ဆန်၊ နမ္မတူ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း အစရှိသည့် မြို့နယ်များတွင် တဆက်တစပ်တည်းနေထိုင်လျက် ရှိကြသည်။ ထိုဒေသ၏ လူဦးရေထက်ဝက်ကျော်မှာ မိမိတို့ တအာင်း - ပလောင်လူမျိုးများ ဖြစ်ကြပါသည်။

ထို့ကြောင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA အနေဖြင့် တအာင်းလူမျိုးတို့အတွက် တအာင်းပြည်နယ် ရရှိရေးကို တော်လှန်ရေးရည်မှန်းချက်ပန်းတိုင်တစ်ရပ်အဖြစ် ဦးတည်တိုက်ပွဲဝင်နေရခြင်း ဖြစ်ပါသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် တအာင်းပြည်နယ် ရရှိနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ အစရှိသည့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်သင့်သူများနှင့် တွေ့ဆုံဆွေးနွေးကာ နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တအာင်းပြည်နယ်ရရှိရေးအတွက် ရင်ဆိုင်ဖြတ်သန်းရမည့်

စိန်ခေါ်မှုများအမြောက်အများရှိသော်လည်း ငြိမ်းချမ်းသည့် နိုင်ငံရေးနည်းလမ်းဖြင့် အတက်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်သွားပါမည်။

ထို့ကြောင့် မကြာမီခေါ်ယူကျင်းပတော့မည့် ၂၁ ရာစုပင်လုံညီလာခံတွင် နိုင်ငံရေးပြဿနာကို တွေ့ဆုံဖြေရှင်းရာ၌ မိမိတို့လည်း တအာင်းပြည်နယ်ရရှိရေး ကို တောင်းဆိုတင်ပြကြရမည် ဖြစ်သည်။ ၁၉၄၇ ပင်လုံညီလာခံကဲ့သို့ မိမိတို့ လူမျိုး၏ နိုင်ငံရေးရပိုင်ခွင့်ကို တင်ပြတောင်းဆိုနိုင်ခဲ့ခြင်း မရှိခဲ့သဖြင့် ရာစုနှစ်ဝက် ကျော်ကြာ ဖိနှိပ်မှုမျိုးစုံ ခံစားနေရသည့် နိုင်ငံရေးဒုက္ခဆင်းရဲကို အဆုံးသတ်နိုင်ရန် လိုအပ်ပါသည်။ ထိုအတွက် နိုင်ငံရေးအရသော်လည်းကောင်း၊ ဥပဒေအကြောင်း အရသော်လည်းကောင်း ဆွေးနွေးပြင်ဆင်ကာ အကောင်းဆုံးကြိုးပမ်းကြရပါ သည်။

သို့သော်လည်း အဖွဲ့အစည်းတခုခုမှ မိမိတို့ တအာင်းပြည်နယ်ရရှိရေးကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် ဟန့်တားပိတ်ပင်တားဆီးလာပါက နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း၍မရလျှင် မိမိတို့ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA မှ ခုခံဆန့်ကျင်တော်လှန်တိုက်ခိုက်ဖြေရှင်း သွားမည် ဖြစ်ပါသည်။

## နိုင်ငံနှင့်ပြည်နယ်လုံခြုံရေး/ကာကွယ်ရေးအခန်းကဏ္ဍ

နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာ ပြည်တွင်းစစ်ကိုရပ်စဲပြီး နိုင်ငံ/ပြည်နယ် ကာကွယ်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး လက်နက်ဖျက်သိမ်းရေး DDR နှင့် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေး SSR တို့ကို ပြုလုပ်မှသာလျှင် အမှန်တကယ် စစ်မှန်သောငြိမ်းချမ်းရေးကို ရရှိမည်ဖြစ်ပါသည်။ သို့သော်လည်း ထိုကဲ့သို့ ပြုလုပ် ရာတွင် ဘက်တဖက်တည်းကိုသာ ဖိအားပေးလုပ်ဆောင်၍ မရပေ။ မြန်မာ့ တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး နိုင်ငံရေး သဘောတူညီ

ချက် တစုံတခုရရှိပြီးမှ ထိုကဲ့သို့ လက်နက်ဖျက်သိမ်းရေး DDR နှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး SSR တို့ကို အကြေအလည် ညှိနှိုင်းပြုလုပ်ကြရပါမည်။

မြန်မာစစ်ခေါင်းဆောင်တို့သည် နိုင်ငံနှင့်ပြည်နယ်များ၏ လုံခြုံရေး၊ ကာကွယ်ရေးအခန်းကဏ္ဍနှင့် ပတ်သက်လျှင် မြန်မာ့စစ်တပ်တခုတည်းသာ တာဝန်ရှိသည်။ မိမိတို့ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင် အဖွဲ့အစည်း များကို တိုက်ခိုက် ချေမှုန်းရာတွင်ပင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သည်ဟု မြန်မာ့တပ်မတော်က ခံယူထားပါသည်။

မြန်မာစစ်ခေါင်းဆောင်အဆက်ဆက်တို့သည် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအား လက်နက်ချရန်၊ လက်နက်စွန့်ရန် ဥပဒေ ဘောင်တွင်းဝင်ရောက်ရန် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ရန်၊ လက်နက် နှင့် ဒီမိုကရေစီလဲလှယ်ရန် စသည့် အားပေးလုပ်ဆောင်မှုများကို မက်လုံး ပရိယာယ် အမျိုးမျိုး သုံးပြီးလုပ်ဆောင်ခဲ့ကြသည်။ အချို့တိုင်းရင်းသားအဖွဲ့အစည်းများမှာ ထိုပရိယာယ်အောက် ပြားပြားမှောက်ခဲ့သော်လည်း နိုင်ငံရေးဖြေရှင်းမှု မရှိသော ကြောင့် ပိုမိုအားကောင်းသည့် လက်နက်ကိုင်တော်လှန်ရေးများ ပြန်လည် ပေါ်ပေါက်လာကြပါသည်။

တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် NCA ကို လက်မှတ်ရေးထိုးရန် နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးပါဝင်ရေး ကိစ္စရပ်များအပေါ် ယနေ့ထိ ဟန့်တားကာဆီးနေသည်မှာ မြန်မာ့စစ်တပ်က တိုင်းရင်းသားအဖွဲ့များအပေါ် ထားရှိသည့် လက်နက်စွန့်ရေးပေါ်လစီကြောင့် ဖြစ်သည်။ ယခုလည်း မြန်မာ စစ်ခေါင်းဆောင်များ၏ ဒီမိုကရေစီလမ်းပြမြေပုံနှင့် စိတ်တိုင်းကျရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအရ ပြောင်းလဲမှုတချို့ ပြုလုပ်ရာ ပြည်သူလူထုတရပ်လုံးက စစ်မှန်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်မည့် နိုင်ငံပြုပြင်ပြောင်းလဲရေး ပြုလုပ်လိုသော်လည်း မြန်မာ့စစ်တပ်က တိုင်းရင်းသားအဖွဲ့အစည်းအချို့ကို လက်နက်စွန့်ရန် ဖိအားပေးနေလျက်ရှိသည်။

မိမိတို့ တအာင်းလူမျိုးတို့၏ တအာင်းတပ်မတော် PSLA သည် ၂၀၀၅ ခုနှစ်တွင် အတင်းအကျပ်လက်နက် ဖြုတ်သိမ်းခံခဲ့ရပါသည်။ ထိုကဲ့သို့ လက်နက်အားလုံးစွန့်ခဲ့သော်လည်း တအာင်းဒေသတွင်း အမှန်တကယ် ငြိမ်းချမ်းရေး မရရှိခဲ့ပါ။ တအာင်းလူမျိုးကို အကာကွယ်ပေးမည့် လက်နက်ကိုင်တပ်ဖွဲ့ မရှိသည့်နောက်ပိုင်း မြန်မာ့စစ်တပ်၏စစ်ရေးကြီးစိုးမှု၊ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏လက်နက်ကိုင်ဖိနှိပ်မှု နှင့် မူးယစ်ဆေးဝါးပြဿနာ ဆိုးရွားစွာကြီးထွားလာမှုတို့ကြောင့် တအာင်းလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် PSLF/TNLA ကို ဖွဲ့စည်းလှုပ်ရှားခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA သည် မည်သည့်အချိန်အခါ အခြေအနေမှ လက်နက်ချခြင်း၊ လက်နက်စွန့်ခြင်း ပြုလုပ်မည် မဟုတ်ပေ။ တအာင်းလူမျိုး၏ အမျိုးသားလုံခြုံရေးဖြစ်သည့် နိုင်ငံရေးအရ လုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေး၊ စီးပွားရေးအရလုံခြုံရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုအရ လုံခြုံရေး အစရှိသည်တို့အတွက် မိမိတို့ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် PSLF/TNLA မှ အခိုင်အမာ ရပ်တည်ကာကွယ်သွားရမည် ဖြစ်ပါသည်။

## ၂၁ ရာစုပင်လုံညီလာခံအတွက် ကြိုတင်ပြင်ဆင်ထားလိုသည့်အချက်များ

တအာင်းလူမျိုးတို့သည် ခိုင်မာသည့် လူမျိုးသမိုင်းနောက်ခံ၊ သင့်တင့်သည့် လူဦးရေ၊ တိကျသည့် စာပေ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် တဆက်စပ်တည်း နေထိုင်သည့်နယ်မြေဒေသများ ရှိခဲ့သော်လည်း လက်နက်အင်အားအရ ဖိနှိပ်ကြီးစိုးမှု၊ လူမျိုးကြီး အင်ပါယာချဲ့ထွင်မှုတို့ကြောင့် နိုင်ငံရေးအရ များစွာနိမ့်ကျခဲ့ရပါသည်။

တအာင်းပြည်နယ်ရရှိရေးအတွက် တင်ပြဆွေးနွေးပါက ပြည်ထောင်စုဖြိုခွဲသူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖျက်ဆီးသူအဖြစ် ကြည့်မြင်ဝေဖန်ခံနေရဆဲ ဖြစ်သည်။ ပြည်နယ်သစ်တင်ပြမှု အချိန်မကျရောက်သေးဟု ဆွေးနွေးမှု ပိတ်ပင် ဟန့်တားခံနေရဆဲဖြစ်ပါသည်။

ယနေ့ တအာင်းလူမျိုးတို့သည် ပြည်နယ်နှင့်ထိုက်တန်သည့် နိုင်ငံရေးအသိ နိုးကြားမှုများရှိနေပြီဟု ထပ်မံဖော်ပြလိုပါသည်။ တအာင်းလူထု၏ နိုင်ငံရေး နိုးကြားမှုမှာ သိသာထင်ရှားစွာမြင့်တက်လာသကဲ့သို့ ရဟန်းသံဃာ၊ တအာင်း လူငယ်၊ အမျိုးသမီးအဖွဲ့အစည်းများ၏ နိုင်ငံရေးလှုပ်ရှားမှုများမှာ အားရကျေနပ် ဖွယ် ဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် တအာင်းအမျိုးသားပါတီ TNP မှာ အခြားတိုင်းရင်းသားများကို ကျော်လွန်ကာ ပြည်သူလူထုဆန္ဒ ရရှိအောင်မြင်ခဲ့ခြင်း မှာ TNP ပါတီတိုးတက်မှုနှင့် တအာင်းပြည်သူလူထုတို့၏ နိုင်ငံရေးအသိနိုးကြားမှု ရလဒ် ဖြစ်ပါသည်။

ထို့အတူ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှ လူထုအင်အားဖြင့် ပြန်လည်ရုန်းကန် တည်ဆောက်ခဲ့သည့် မိမိတို့၏ PSLF/TNLA သည်လည်း နိုင်ငံရေး၊ စစ်ရေး အဖွဲ့အစည်းတည်ဆောက်ရေး လုပ်ငန်းများအပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး အစရှိသည့် တအာင်းပြည်သူလူထု တိုက်ရိုက်အကျိုးပြု လုပ်ငန်းများကိုလုပ်ငန်းဌာနများစုဖွဲ့ကာ တာဝန်ခွဲဝေ အကောင်အထည်ဖော်လျက် ရှိပါသည်။ ငါးနှစ်နီးပါးကာလအတွင်း အမျိုးသားလွတ်မြောက်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမှာ တအာင်းပြည်သူလူထုတို့၏ နိုင်ငံရေးအသိနိုးကြားမှု အသီး ပွင့်များပင် ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကာလသည် တအာင်းလူမျိုးတို့၏ နိုင်ငံရေးရေချိန် အမြင့် ဆုံးတက်လှမ်းနေချိန် ဖြစ်သည်ဟု ရိုးသားစွာ ထောက်ပြလိုပါသည်။ ထိုကဲ့သို့ နိုင်ငံရေးရေချိန် အကောင်းဆုံးရောက်ရှိနေသည့် အခြေအနေတွင် မိမိတို့ တအာင်း လူမျိုးအတွက် နိုင်ငံရေးအာမခံမှုရှိသည့် တောင်းဆိုချက်၊ ပြင်ဆင်ချက်များ အမိအရ ပြုလုပ်ကြရပါမည်။

ထို့ကြောင့် ယခုအစည်းအဝေးကြီးတွင် အောက်ပါအရေးကြီးသည့် နိုင်ငံရေးပြင်ဆင်မှုများ ဆွေးနွေးညှိနှိုင်း ပြင်ဆင်ထားသင့်ကြောင်း၊ တောင်းဆိုတိုက်ပွဲဝင်သင့်ကြောင်း အကြံပြု နိဂုံးချုပ် အပ်ပါသည်။

(က)ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် တအာင်းပြည်နယ် ရရှိရေး ပြင်ဆင်ချက်များ

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမှုများ

(ဂ) နိုင်ငံကာကွယ်ရေး နှင့် လုံခြုံရေးကိစ္စရပ်များ၊ တအာင်းတပ်မတော် လက်နက်ကိုင်ထားရှိရေးမှု

တော်လှန်ရေးသစ္စာဖြင့်-

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး

PSLF/TNLA

၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်

တံဝ်ခွံနိုင့်နှိဲဗေဒဘိုတ်ကာငီနှိဘဲဗခေင်း

**Palaung State Liberation Front**

"၂၁ - ရာစု ပင်လုံညီလာခံဆိုင်ရာ တအာင်း(ပလောင်)နီးနှောဖလှယ်ပွဲ ရလဒ်"အား ကြိုဆိုထောက်ခံကြောင်း

PSLF/TNLA သဘောထားထုတ်ပြန်ချက်

ထုတ်ပြန်ချက် အမှတ် (၀၁၀/၂၀၁၆)

ရက်စွဲ၊ ။ ဩဂုတ်လ (၉) ရက်၊ ၂၀၁၆

ဩဂုတ်လ (၄ - ၆) ရက်နေ့အထိ ကျင်းပခဲ့သော ၂၁ - ရာစု ပင်လုံညီလာခံဆိုင်ရာ တအာင်း (ပလောင်) နီးနှောဖလှယ်ပွဲရလဒ်အား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-P.S.L.F/တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်-T.N.L.A မှ ထောက်ခံကြိုဆိုကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

တအာင်းဒေသ၊ ကျောက်မဲမြို့တွင် ဒေသအသီးသီးရှိ တအာင်းနိုင်ငံရေးပါတီအဖွဲ့အစည်း၊ လူထုအခြေပြု လူ့အဖွဲ့အစည်းများ၊ တအာင်းသံဃာတော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူထုကိုယ်စားလှယ်များ၊ တအာင်းပညာရှင်များ စုစုပေါင်း (၂၇၀) ဦး တို့တက်ရောက်ကြပြီး ၂၁ - ရာစု ပင်လုံညီလာခံတွင်တင်သွင်းမည့် တအာင်းအမျိုးသားတို့၏ နိုင်ငံရေး ရပ်တည်ချက်များကို စုစည်းညီညွတ်စွာ ဆွေးနွေးသဘောတူညီခဲ့သည်ဟုသိရသည်။

PSLF/TNLA အနေဖြင့် အဆိုပါ ဆွေးနွေးပွဲသို့ မတက်ရောက်ခဲ့သော်လည်း ဆွေးနွေးနီးနှောဖလှယ်ပွဲ၏ သဘောတူညီချက်ရလဒ်များဖြစ်သည့် " တအာင်းပြည်နယ် သတ်မှတ်ပေးရေး၊ ပြည်နယ်သစ်များ ဖော်ဆောင် ပေးရေး၊ (၃) ပွင့်ဆိုင် ၂၁ - ရာစုပင်လုံ ညီလာခံ ဖြစ်မြောက်ကျင်းပရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူ(၈)ချက်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး လူ့အခွင့်အရေးနှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် ရေးဆွဲရေး" သဘောတူညီချက်များကို PSLF/TNLA မှ အပြည့်အဝ ထောက်ခံပါသည်။

တအာင်း(ပလောင်) နီးနှောဖလှယ်ပွဲ၏ သဘောတူညီချက်များသည် တအာင်းအမျိုးသားတရပ်လုံးအတွက် အရေးကြီးသည့် နိုင်ငံရေးဘုံသဘောတူညီချက်များဖြစ်ပါသည်။

ထို့ကြောင့် တအာင်း (ပလောင်) လူမျိုးကို ကိုယ်စားပြု၍ ၂၁ ရာစုပင်လုံညီလာခံ သို့တက်ရောက်မည့် တအာင်း အဖွဲ့အစည်းများ၊ ခေါင်းဆောင်များအနေဖြင့် ကျောက်မဲ - နီးနှောဖလှယ်ပွဲတွင် ရရှိခဲ့သည် သဘောတူညီချက် များအတိုင်း ရပ်တည်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း မိမိတို့၏ ရပ်တည်ချက်သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

"ဘုပ်ဘို့န် တုင်တအာင်း"

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - P.S.L.F
တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် - T.N.L.A

PSLF © 2016 Peace - Equality - Justice - Prosperity www.pslftnla.org

၂၀၁၅ ခုနှစ် NCA ရေးထိုးရာတွင် AA/MNDAA/TNLA ၃ ဖွဲ့အား ပါဝင်ခွင့်မပြုဟု ဆိုသည့် မြန်မာစစ်တပ်၏ သဘောထားကြောင့် တွေ့ဆုံဆွေးနွေးရေးများမှ မည်သည့် ရလဒ်မှ မထွက်ခဲ့ပေ။ ထို့အပြင် ၂၀၁၆ ခုနှစ် နှစ်ဆန်းတွင်လည်း AA/MNDAA/TNLA အဖွဲ့ ၃ ဖွဲ့အပြင် ရှမ်းမြောက်ရှိ KIA တပ်ဖွဲ့များပါ လက်နက်စွန့်ရမည်ဟု မြန်မာစစ်တပ်က ထုတ်ပြန်ခဲ့သည့် သဘောထားကြောင့် တွေ့ဆုံဆွေးနွေး အဖြေရှာရေးသည် ပို၍ဝေးခဲ့ရ သည်။

၂၀၁၆ ခုနှစ် NLD အစိုးရ တက်ခဲ့ပြီးနောက် ပထမအကြိမ် ပင်လုံညီလာခံတွင် AA/MNDAA/TNLA အဖွဲ့ ၃ ဖွဲ့ တက်နိုင်ရေးအတွက် NLD အစိုးရမှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေး ကော်မရှင်နှင့် AA/MNDAA/TNLA ခေါင်းဆောင်များ ၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက်တွင် မိုင်းလားတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ TNLA မှ ဥက္ကဋ္ဌ တားအိုက်ဘုန်းနှင့် ဒုဥက္ကဋ္ဌ တားခူးလာန်းတို့ တက်ရောက်ခဲ့သည်။

ထိုဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်က တောင်းဆိုသည့် AA/MNDAA/ TNLA အဖွဲ့ ၃ ဖွဲ့သည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်လိုပါက လက်နက်ကိုင် လမ်းစဉ်ကို အပြီးတိုင် စွန့်လွှတ်ရမည်အဓိပ္ပာယ်ပါသည့် ကြေညာချက် ထုတ်ပြန်ရမည် ဆိုသည့်အချက်နှင့် ပတ်သက်ပြီး မည်သည့်သဘောတူညီချက်မှ မရရှိခဲ့ပေ။ TNLA အပါ မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့လည်း ပထမအကြိမ် ၂၁- ပင်လုံညီလာခံသို့ တက်ရောက်ခြင်း မရှိခဲ့ပေ။ ထို ၂၁ ပင်လုံညီလာခံသို့ ပေးပို့သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/ TNLA ၏ နိုင်ငံရေးဆိုင်ရာ အိတ်ဖွင့်ပေးစာကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ဖြင့် ပေးပို့ခဲ့သည်။

## လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်များအပေါ်
## MNTJP/MNDAA ၊ PSLF/TNLA ၊ ULA/AA တို့၏ သဘောထားထုတ်ပြန်ချက်

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်

၁။ လက်ရှိမြန်မာနိုင်ငံအစိုးရမှ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အပြုသဘောဆောင်သည့် နိုင်ငံရေးပြောင်းလဲမှု ခြေလှမ်းတစ်ရပ်အနေဖြင့် ကြိုဆိုထောက်ခံကြောင်း မိမိတို့ မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ ( MNTJP/MNDAA )၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ( PSLF/TNLA ) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် ( ULA/AA ) တို့က သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

၂။ ဩဂုတ်လ (၁၅) ရက်နေ့၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် UPDJC အစည်းအဝေးက ၂၁ ရာစု ပင်လုံညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံးပါဝင်နိုင်မည့်အားလုံးပါဝင်ရေးမူကို ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ဟု ကြားသိရသည့်အတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်တိုးတက်မှုကို မိမိတို့ ဝမ်းမြောက်အားတက်မိပါသည်။ ၂၁ ရာစု ပင်လုံညီလာခံကိုလည်း ဩဂုတ်လ (၃၁) ရက်နေ့တွင် ကျင်းပမည်ဟု ဆုံးဖြတ်ခဲ့သည်ကို ကြိုဆိုလိုက်ပြီး မိမိတို့ တက်ရောက်နိုင်ရန် အဆင်သင့်ရှိကြောင်း ဖော်ပြအပ်ပါသည်။

၃။ မြန်မာစစ်အစိုးရအဆက်ဆက် နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအသီးသီးတို့သည် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး ပြဿနာများကို ဖြေရှင်းနိုင်ခဲ့ကြဘဲ လက်နက်ကိုင်ဖြေရှင်းခဲ့ကြသဖြင့် နှစ်ပေါင်း (၆၀) ကျော် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရပါသည်။

၄။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်ခဲ့သည့် အစိုးရလက်ထက်မှ ယခုလက်ရှိ မြန်မာအစိုးရအထိ အစိုးရ နှင့် မြန်မာ့တပ်မတော်ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်ကာ ပြည်တွင်းစစ်မီးငြိမ်းနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံ ရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာလာသည်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးနည်းဖြစ်ပါသည်။

၅။ ထို့ကြောင့် လက်ရှိမြန်မာအစိုးရ မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးအတူတကွ လုပ်ဆောင်နေသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မိမိတို့အနေဖြင့် ပူးပေါင်းပါဝင်ရန် အဆင်သင့်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်နှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများကို အပြန်အလှန်ရပ်စဲပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒအပြည့်အဝရှိကြောင်း မိမိတို့၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

| MNTJP/MNDAA | PSLF/TNLA | ULA/AA |
| --- | --- | --- |
| မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ/ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် | ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်မတော် |

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ) သို့ ပေးပို့သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ၏ နိုင်ငံရေးဆိုင်ရာအိတ်ဖွင့်ပေးစာ

သို့/

- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ရာပင်လုံ)

ရက်စွဲ(၃၁၊ ၀၈၊ ၂၀၁၆)

စာအမှတ်။ ။ ၀၁/ဦး-၅/ဌနခ-၂၀၁၆။

**အကြောင်းအရာ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နှစ် ၆၀ ကျော်ကြာ ပြည်တွင်းစစ်မီးကို အဆုံးသတ်နိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၍ ရရှိလာသည့် နိုင်ငံရေးသဘောတူညီချက်များဖြင့် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတည်ဆောက်နိုင်ရန် မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ၏ အမြင်သဘောထားများ ပေးပို့တင်ပြခြင်း။**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာပင်လုံ) သို့ တက်ရောက်လာကြသည့် အစိုးရ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ နှင့် နိုင်ငံတကာ မိသားစုများ အားလုံးတို့အား မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မီးအားလုံးတို့အား အဆုံးသတ်ပြီး တိုင်းရင်းသားပြည်သူတရပ်လုံးကို ကိုယ်စားပြုနိုင်သည့် နိုင်ငံရေးသဘောတူညီချက်များ ရရှိနိုင်ရန်အတွက် အစပျိုးဆောင်ရွက်နိုင်ပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါသည်။

မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကော်မရှင်မှ မြန်မာ့စစ်တပ်၏ ဆန္ဒအရ

ထုတ်ပြန်စေလိုသည့် သဘောထားထုတ်ပြန်ချက်ကို မထုတ်ပြန်နိုင်သဖြင့် ယခု ညီလာခံသို့ တက်ရောက်ခွင့်မရှိခဲ့ပါ။ သို့ပါသော်လည်း ၂၁ ရာစု ပင်လုံညီလာခံမှ မြန်မာ့နိုင်ငံရေးပြဿနာကို ဆွေးနွေးဖြေရှင်းနိုင်မည့် နိုင်ငံရေးရလဒ်ကောင်းများ ရရှိနိုင်လိမ့်မည်ဟု မိမိတို့ အဖွဲ့အစည်းမှ မျှော်လင့်မိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ နှစ် (၆၀) ကျော်ကြာ ပြည်တွင်းစစ်မီးကို အပြီးတိုင် ချုပ်ငြိမ်းစေပြီး၊ အားလုံးပါဝင်လက်ခံနိုင်မည့် နိုင်ငံရေး ဘုံသဘောတူညီချက်များ ရရှိနိုင်ရန်အတွက် မိမိတို့အဖွဲ့အစည်း၏ နိုင်ငံရေး သဘောထားများကို ၂၁ ရာစု ပင်လုံညီလာခံသို့ အောက်ပါအတိုင်း နိုင်ငံရေး အိတ်ဖွင့်ပေးစာ ပေးပို့အပ်ပါသည်။

## နှစ်(၆၀)ကျော်ကြာ ပြည်တွင်းစစ်မီးအပြီးတိုင် ချုပ်ငြိမ်းရေး နှင့် NCA စာချုပ်

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မီးကြီးသည် ရာစုနှစ်တစ်ခုဆီသို့ ချဉ်းကပ်လာပြီး ကမ္ဘာ့အရှည်ဆုံးသော ပြည်တွင်းစစ်နိုင်ငံ ဖြစ်လာနေသည်။ မြန်မာအစိုးရအဆက်ဆက်နှင့် မြန်မာ့စစ်တပ်ခေါင်းဆောင်အဆက်ဆက်တို့၏ မူဝါဒ မှန်ကန်မှုမရှိသည့် အပစ်ခတ်ရပ်စဲရေး ဆောင်ရွက်ချက်များကြောင့် တိုင်းရင်းသား ဒေသများတွင် စစ်မီးများ ဆက်လက်တောက်လောင်နေဆဲ ဖြစ်သည်။ ပြည်တွင်းစစ်မီး ဆက်လက်ဖြစ်ပွားခြင်းဖြင့် စစ်တပ်အာဏာကို နိုင်ငံ၏အရေးပါဆုံး အခန်းကဏ္ဍသို့ တွန်းပို့ထားပြီး၊ စစ်ခေါင်းဆောင်များ၏ အာဏာကြီးစိုးရေးကို တရားသေ စွဲကိုင်ထားလျက် ရှိသည်။

မြန်မာအစိုးရနှင့် စစ်ခေါင်းဆောင်အဆက်ဆက်တို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေး၊ လက်နက် နှင့် ငြိမ်းချမ်းရေးလဲလှယ်ရေး၊ လက်နက်စွန့်ပြီး ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်ရေး အစရှိသည့် ခေါင်းစဉ်အမျိုးမျိုးတပ်ကာ အပစ်ရပ်ရန် လုပ်ဆောင်ခဲ့ကြသည်။ ထိုကဲ့သို့သော ဆောင်ရွက်မှုမှန်သမျှသည် အဟောသိကံဖြစ်ကာ အချိန်တစ်ခုတွင် ယုံကြည်မှုများပျက်ပြားပြီး တိုက်ပွဲများသာ ပြန်လည်ဖြစ်ပွားခဲ့ကြသည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးများကို တိုင်းရင်းသားအဖွဲ့အစည်း အတော်များများနှင့် ပြုလုပ်နိုင်ခဲ့သည်။ ထိုမှတဆင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးပြုလုပ်နိုင်ရန် ၂၀၁၃ ခုနှစ်ကုန်ပိုင်းမှစတင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၅ခုနှစ်၊ မတ်လတွင် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ UPWC နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအကြား တစ်နိုင်လုံးအပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ် NCA ကို မူကြမ်းအဆင့်ထိ သဘောတူနိုင်ခဲ့သည်။

ထိုကဲ့သို့မြန်မာပြည်ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် NCA စာချုပ်မူကြမ်းကို ရရှိခဲ့ပါသော်လည်း မြန်မာ့စစ်တပ်၏ ပြည်တွင်းစစ်ကို ဆက်လက်ထားရှိလိုသော မူမမှန်သည့် ငြိမ်းချမ်းရေးသဘောထားကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးခွင့် မရရှိခဲ့ချေ။ ဦးသိန်းစိန်အစိုးရသည် တိုက်ပွဲဖြစ်ပွားနေသည့် အဖွဲ့အစည်းများကို ချန်လှပ်ထားခဲ့ပြီး၊ တိုက်ပွဲမဖြစ်ပွားသည့် တိုင်းရင်းသားအဖွဲ့အစည်း (၈) ဖွဲ့နှင့်သာ ၂၀၁၅၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့ကြောင့် NCAသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည်နှင့် မြန်မာ့တပ်မ တော်သည် ရှမ်းပြည်တောင်ပိုင်းတွင် အခြေချသည့် ရှမ်းပြည်ပြန်လည်ထူထောင် ရေးကောင်စီ RCSS/SSA အား ရှမ်းပြည်မြောက်ပိုင်းဒေသရှိ တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် PSLF/TNLA လှုပ်ရှားရာ တအာင်း (ပလောင်) ဒေသ ဆီသို့ အင်အားအလုံးအရင်းဖြင့် တိုးချဲ့နေရာယူစေကာ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခဖြစ်စေရန် တွန်းပို့ခဲ့သည်။ တစ်နိုင်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် NCA သည် တိုက်ခိုက်မှုများကို ရပ်တန့်စေမည့်အစား တိုက်ပွဲများ ပိုမိုပြင်းထန်လာစေကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ပိုမိုရှုပ်ထွေးစေခဲ့ပါ သည်။

မြန်မာအစိုးရနှင့် မြန်မာ့စစ်တပ်၏ NCA သဘောတူစာချုပ်ပါ အချက်များကို စိတ်ကြိုက်ဆောင်ရွက်လိုသည်များကိုသာ လုပ်ဆောင်ခဲ့ပြီး၊ မြန်မာခေါင်းဆောင်များအလိုကျ နိုင်ငံရေးမူဘောင်ရေးဆွဲကာ မည်သည့်ရလဒ်မှ မရှိခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့ကြသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းမှာ ရရှိပြီးခဲ့သည့် NCA သဘောစာချုပ်ကို ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆက်လက်မလိုက်ပါနိုင်စေရန်အတွက် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

မြန်မာ့စစ်တပ်၏ ငြိမ်းချမ်းရေးမူ (၆) ရပ်နှင့် လက်နက်စွန့် ငြိမ်းချမ်းရေးမူဝါဒမှာ ပြည်တွင်းစစ်ကို မည်သို့မျှ ရပ်တန့်နိုင်မည် မဟုတ်ဘဲ၊ NCA သဘောတူစာချုပ်မှာလည်း မြန်မာ့စစ်တပ်၏ လိုရာဆွဲပြင်ဆင်မှု၊ လုပ်ဆောင်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းချင်း မဖြစ်နိုင်တော့ပါ။

## နိုင်ငံတော်ကာကွယ်ရေးအခန်းကဏ္ဍနှင့် လက်နက်စွန့်ခြင်း

နှစ်ပေါင်း (၆၀) ကျော်ကြာ ပြည်တွင်းစစ်ကို ရပ်စဲပြီး၊ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး လက်နက်ဖျက်သိမ်းရေး DDR နှင့် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေး SSR တို့ကို ပြုလုပ်မှသာလျှင် အမှန်တကယ် စစ်မှန်သောငြိမ်းချမ်းရေးကို ရရှိမည် ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ ပြုလုပ်ရာတွင် ဘက်တစ်ဖက်တည်းကိုသာ ဖိအားပေးလုပ်ဆောင်၍ မရချေ။ မြန်မာ့စစ်တပ်အပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းအားလုံး နိုင်ငံရေးသဘောတူညီချက်အပြည့်အဝရရှိပြီးမှ ထိုကဲ့သို့လက်နက်ဖျက်သိမ်းရေး DDR နှင့် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေး SSR တို့ကို အကြေအလည် ညှိနှိုင်းပြုလုပ်ကြရပါမည်။

မြန်မာစစ်ခေါင်းဆောင်တို့သည် နိုင်ငံနှင့် ပြည်နယ်များ၏ လုံခြုံရေး၊ ကာကွယ်ရေး အခန်းကဏ္ဍနှင့် ပတ်သက်လျှင် မြန်မာ့စစ်တပ်တစ်ခုတည်းသာ

တာဝန်ရှိသည်။ မိမိတို့တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများကို တိုက်ခိုက်ချေမှုန်းရာတွင်ပင် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သည်ဟု မြန်မာ့စစ်တပ်က ခံယူထားပါသည်။

မြန်မာစစ်ခေါင်းဆောင်အဆက်ဆက်တို့သည် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအား လက်နက်ချရန်၊ လက်နက်စွန့်ရန်၊ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရန်၊ လက်နက်နှင့်ဒီမိုကရေစီလဲလှယ်ရန် စသည့် ဖိအားပေးလုပ်ဆောင်မှုများကို မက်လုံး၊ ပရိယာယ်အမျိုးမျိုးသုံးပြီး လုပ်ဆောင်ခဲ့ကြပါသည်။ အချို့သောတိုင်းရင်းသားအဖွဲ့အစည်းများမှာ ထိုပရိယာယ်အောက် ပြားပြားမှောက်ခဲ့သော်လည်း နိုင်ငံရေးဖြေရှင်းမှုမရှိသောကြောင့် ပိုမိုအားကောင်းသည့် လက်နက်ကိုင်တော်လှန်ရေးများ ပြန်လည်ပေါ်ပေါက်လာကြပါသည်။

မိမိတို့တအာင်းလူမျိုးတို့၏ တအာင်းတပ်မတော် PSLF သည် ၂၀၀၅ ခုနှစ်တွင် အတင်းအကြပ်လက်နက် ဖြုတ်သိမ်းခံခဲ့ရပါသည်။ ထိုကဲ့သို့ လက်နက်အားလုံး စွန့်ခဲ့သော်လည်း တအာင်းဒေသတွင်း အမှန်တကယ် ငြိမ်းချမ်းရေး မရှိခဲ့ပါ။ တအာင်းလူမျိုးကို အကာအကွယ်ပေးမည့် လက်နက်ကိုင်တပ်ဖွဲ့မရှိသည့် နောက်ပိုင်း မြန်မာ့စစ်တပ်၏ စစ်ရေးကြီးစိုးမှု၊ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လက်နက်ကိုင်ဖိနှိပ်မှုနှင့် မူးယစ်ဆေးဝါးပြဿနာ ဆိုးဝါးစွာကြီးထွားလာမှုတို့ကြောင့် တအာင်းလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA ကို ဖွဲ့စည်းလှုပ်ရှားခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) သည် မည်သည့်အချိန်အခါ၊ အခြေအနေမျှ လက်နက်ချခြင်း၊ လက်နက်စွန့်ခြင်း ပြုလုပ် မည်မဟုတ်ပေ။ တအာင်းလူမျိုးတို့၏ အမျိုးသားလုံခြုံရေးဖြစ်သည့် နိုင်ငံရေးအရ လုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေး၊ စီးပွားရေးအရ လုံခြုံရေး၊ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုအရ လုံခြုံရေး အစရှိသည်

တို့အတွက် မိမိတို့ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA မှ မဖြစ်မနေ အခိုင်အမာ ရပ်တည်ကာကွယ်သွားရမည် ဖြစ်ပါသည်။

မြန်မာ့စစ်တပ်၏ တိုင်းရင်းသားလူမျိုးများအား တိုက်ခိုက်ချေမှုန်း သည့် နိုင်ငံတော်ကာကွယ်ရေးအခန်းကဏ္ဍ နှင့် လက်နက်စွန့်ငြိမ်းချမ်းရေးမူဝါဒမှာ ပြည်တွင်းစစ်ပဋိပက္ခကိုသာ ကြီးထွားစေပါသည်။

## နိုင်ငံရေးဘုံသဘောတူညီချက်နှင့် ပြည်ထောင်စုနိုင်ငံဖွဲ့စည်းခြင်း

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာ ရာတွင် တိုင်းရင်းသားမိဘပြည်သူများအားလုံးကို လွှမ်းခြုံနိုင်မည့် နိုင်ငံရေး ဘုံသဘောတူညီချက်များရရှိရန် ညှိနှိုင်းကြိုးပမ်းကြရပါမည်။ ထိုရရှိလာမည့် နိုင်ငံရေးဘုံသဘောတူညီချက်များကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲ ပြဋ္ဌာန်းခြင်း ဖြင့် လက်တွေ့အကောင်အထည်ဖော်ကြရပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၃ ခုဖြင့် ပြည်ထောင်စုနိုင်ငံကို အုပ်ချုပ်ခဲ့သော်လည်း အားလုံးပါဝင်သည့် နိုင်ငံရေးသဘောတူညီချက်အပေါ် အခြေခံသည့် ဖွဲ့စည်းပုံ ဥပဒေ မဟုတ်သည့်အတွက် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးကာ တိုက်ပွဲသံများ ပြည့်နှက်၍ လာလျက် ရှိသည်။

တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီ အင်အားစု တို့သည် ၁၉၉၂ ခုနှစ် မာနယ်ပလောစာချုပ်၊ မယ်သရောထာစာချုပ်များအပေါ် အခြေခံပြီး ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း) ရေးဆွဲခဲ့ပါ သည်။ ထို့နောက် တိုင်းရင်းသားတော်လှန်ရေးအင်အားစု၊ ဒီမိုကရေစီအင်အားစု၊ လူငယ်၊ အမျိုးသမီးအင်အားစု၊ လူထုအခြေပြုအခြေခံအင်အားစုများ အစရှိသည့်

အလွှာပေါင်းစုံပါဝင်သည့် FCDCC ကော်မတီက ၂၀၀၆ ခုနှစ်တွင် ထိုအခြေခံဥပဒေကို ထပ်မံဆွေးနွေး အတည်ပြုခဲ့ပါသည်။ ၂၀၀၆ ခုနှစ် FCDCC နှင့် UNFC မွမ်းမံဖြည့်စွက်သည့် မူကြမ်းတွင် ပြည်နယ်သစ်ဖွဲ့စည်းခြင်း အခန်းကဏ္ဍပါဝင်လာပြီး၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းရာတွင် အမျိုးသားကိုယ်စားပြုပြည်နယ်နှင့် အမျိုးသားများ ကိုယ်စားပြုပြည်နယ်ဟူ၍ ဖွဲ့စည်းရန် ရေးဆွဲထားပါသည်။ ထို့ပြင် ပြည်နယ်တိုင်း ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။

ဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူ (၈) ချက်ကိုလည်း ချမှတ်သဘောတူကာ ယခုနောက်ဆုံး ၂၀၁၆ - မိုင်ဂျာယန် မျက်နှာစုံညီအစည်းအဝေးတွင်ပါ ထပ်မံအတည်ပြုခဲ့သည်။ ထိုမူ (၈)ချက်မှာ

(၁) အချုပ်အချာအာဏာ (Sovereign Power)

(၂) တန်းတူရေး (Equality)

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)

(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)

(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး၊ ကျား/မဆိုင်ရာ တန်းတူညီမျှရေး (Democracy, Human Rights and Gender Equality)

(၇) ဘာသာရေးကိုအခြေမခံသောနိုင်ငံ (Secular State)

(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy System)

တို့ ဖြစ်ပါသည်။

မိမိတို့ PSLF/TNLA သည် ဤကဲ့သို့ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲအတည်ပြုခဲ့သည့် ကြိုးပမ်းမှု အဆင့်ဆင့်တိုင်းတွင် ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ သဘောတူအဆိုပြုထားသည့် ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း)ကို မိမိတို့ PSLF/TNLA က ထောက်ခံသဘောတူပြီး ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖွဲ့စည်းရာတွင် ရှစ်ပြည်နယ် (သို့မဟုတ်) ပြည်နယ် (၇) နှင့် တိုင်းဒေသကြီး (၇) အခြေခံမှုကို လက်မခံနိုင်ဘဲ၊ အမျိုးသား နှင့် အမျိုးသားများကိုယ်စားပြုမှုကို အခြေခံမည့် ပြည်နယ်ဖွဲ့စည်းခြင်းများ ဖြစ်သင့်ပါသည်။ ပြည်နယ်သစ်ဖွဲ့စည်းရန် အရည်အချင်းသတ်မှတ်ချက် ပြည့်မီသည့် လူမျိုးများကိုလည်း ပြည်နယ်သစ်ဖွဲ့စည်းရန် လိုအပ်ပါသည်။ ပြည်ထောင်စုက အမြင့်ဆုံးအာဏာကိုရယူကျင့်သုံးပြီး ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုကာ အာဏာများလက်တွေ့ကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ပြည်နယ်တိုင်း ယင်းတို့၏နယ်မြေ၊ သဘာဝသယံဇာတ၊ လူမျိုး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်များ ပြည့်ပြည့်ဝဝ ရရှိသင့်ပါသည်။

## တိုင်းရင်းသားလူနည်းစုများနှင့် ပြည်နယ်သစ်ဖွဲ့စည်းခြင်း

မြန်မာပြည်၏နိုင်ငံရေးနှင့် တိုင်းရင်းသားရေးရာပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်နယ်များကို ပုံသေအရေအတွက်ဖြင့် တရားသေဖွဲ့စည်းခြင်း မဟုတ်ပဲ၊ အကြေအလည်ဆွေးနွေးညှိနှိုင်းပြီး ပြည်နယ်သစ်များ လိုအပ်သလို တိုးချဲ့ဖွဲ့စည်းရန် လိုအပ်သည်ဟု အခိုင်အမာယုံကြည်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုတစ်ခု ကျင့်သုံးခြင်း၏ အဓိကရည်ရွယ်ချက်တစ်ခုဖြစ်သည့် အောက်ခြေဒေသန္တရအထိ ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေး

များ ကျင့်သုံးနိုင်ရန်ဖြစ်သဖြင့် အာဏာများကို တတ်နိုင်သမျှအဆင့်ဆင့် ခွဲဝေကာ ပြည်နယ်၊ ခရိုင်များကို ဖွဲ့စည်းကြရပါသည်။ ထို့ကြောင့် ပြည်နယ်များဖွဲ့စည်းပြီး အာဏာများခွဲဝေကျင့်သုံးစေခြင်းသည် သက်ဆိုင်ရာလူမျိုးနှင့် ဒေသန္တရလူထုတို့အား ယင်းတို့၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ကျင့်သုံးစေခြင်းဖြစ်ပြီး၊ ဒီမိုကရေစီကို ခိုင်မာစေသည့်အပြင် တရားဥပဒေစိုးမိုးရေးကိုလည်း အထောက်အကူ ပြုစေပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူနည်းစုများအား နည်းလမ်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ်ခြင်း၊ အကာအကွယ်ပေးမှု မရှိခြင်းတို့ကြောင့် ပဋိပက္ခပြဿနာပေါင်းစုံပေါ်ပေါက်ပြီး ငြိမ်းချမ်းရေး ကင်းမဲ့ခဲ့ကြရပါသည်။ ထို့ကြောင့်တိုင်းရင်းသားလူနည်းစုတို့၏ အခွင့်အရေးကို အတတ်နိုင်ဆုံး ကာကွယ်နိုင်ရန် လိုအပ်ပြီး ပြည်နယ်တစ်ခုအဖြစ်ရပ်တည်နိုင်စွမ်းရှိသည့် လူမျိုးကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်သစ်ဖွဲ့စည်းပေးရန် လိုအပ်ပါသည်။

ထိုကဲ့သို့ ပြည်နယ်သစ်များဖွဲ့စည်းခြင်းဖြင့် တိုင်းပြည်ပြိုကွဲခြင်း၊ လူမျိုးရေးပဋိပက္ခဖြစ်ပွားခြင်းများ မဖြစ်ပွားနိုင်ပါ။ မြန်မာအာဏာရှင်များ ဝါဒဖြန့်ထားသည့်အတိုင်း သေးငယ်သောမြန်မာနိုင်ငံကို တိုင်းရင်းသား ၁၃၅ မျိုးအတွက် ၁၃၅ ပြည်နယ် ဖွဲ့စည်းရန် မလိုပါ။ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသား ၁၃၅ မျိုး မရှိပါ။ တိုင်းရင်းသားလူနည်းစုများကို ပိုမိုသေးငယ်ပပျောက်သွားစေရန် လူမျိုးစုအမည် အမျိုးမျိုးဖြင့် ခွဲခြားသတ်မှတ်ခြင်း မပြုလုပ်သင့်ပါ။

လူနည်းစုအခွင့်အရေးများကို ကာကွယ်မြှင့်တင်ခြင်း၊ နိုင်ငံရေးအရ အသိအမှတ်ပြုခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသော ပြည်နယ်များ ဖွဲ့စည်းပေးခြင်းတို့သည် လက်နက်ကိုင်ပဋိပက္ခများကိုရှောင်လွဲစေသည့်အပြင် ပြည်ထောင်စု၏ စုစည်းညီညွတ်မှုကိုလည်း အားကောင်းစေမည်ဖြစ်ပါသည်။

**တအာင်းလူမျိုးနှင့် PSLF/TNLA**

တအာင်း (ပလောင်) တိုင်းရင်းသားလူမျိုးတို့သည် ရှေးနှစ်ပေါင်း ထောင်ချီ ကတည်းကပင် ယူနန်ပြည်နယ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ ဒေသအရပ်ရပ် တွင်လည်းကောင်း ရှေးဦးကျစွာ အခြေချနေထိုင်ခဲ့ကြပါသည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် တအာင်းလူမျိုးစုလူဦးရေ ၃ သောင်းကျော်ရှိပြီး၊ မြန်မာနိုင်ငံ တွင် ၁ဝ သိန်း ကျော် ရှိပါသည်။ ထို့ကြောင့် တအာင်း (ပလောင်) လူမျိုးတို့သည် မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူမျိုးစုတစ်ခု ဖြစ်ပါသည်။

တအာင်းအမျိုးသားတို့သည် ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တအာင်းအမျိုးသားတပ်ဖွဲ့ PNF ကို ဖွဲ့စည်းလှုပ်ရှားခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ PSLO အဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်း ခဲ့သည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် PSLA သည် နဝတ စစ်တပ်၏ နည်းမျိုးစုံ ပြင်းထန်စွာ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ၁၉၉၁ မေလ (၁) ရက်တွင် နဝတနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့ရပါသည်။ ထို့နောက် နဝတ တဖြစ်လည်း နအဖစစ်အုပ်စုက ကောက်ကျစ်သည့် နည်းပရိယာယ် အမျိုးမျိုးဖြင့် အင်အားသုံးဖိအားပေးမှုကြောင့် ၂ဝဝ၅ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် လက်နက် ဖြုတ်သိမ်းခံခဲ့ရပါသည်။

PSLA အပစ်ခတ်ရပ်စဲပြီးနောက်ပိုင်းတွင် မာနယ်ပလောတွင် ကရင်အမျိုး သားအစည်းအရုံးနှင့် တော်လှန်ရေးအင်အားစုများ၏ အကူအညီဖြင့် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦး PSLF ကို ဖွဲ့စည်းကာ ပလောင်အမျိုးသားလွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင် ခဲ့ကြပါသည်။

တအာင်း (ပလောင်) ဒေသကို လက်တွေ့ကာကွယ်နိုင်ရန်အတွက် ပလောင်တပ်ဖွဲ့တစ်ဖွဲ့မှာ မဖြစ်မနေလိုအပ်လာသည့်အခြေအနေ ဖြစ်လာသော ကြောင့် ၂ဝဝ၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပသည့် တပ်ဦး၏ တတိယ

အကြိမ် ညီလာခံ၌ PSLF တပ်မှူးကြီးများအချို့ နှင့် စုစည်းကာ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (T.N.L.A)ကို အတည်ပြု ဖွဲ့စည်းခဲ့ကြပါသည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLAသည်

(၁) တအာင်းအမျိုးသားလုံး အဖိနှိပ်ခံဘဝမှလွတ်မြောက်ရေး၊

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံသည့် တအာင်းပြည်နယ် တည်ဆောက်ရေး၊

(၃) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဒီမိုကရက်တစ်ပြည်ထောင်စု နိုင်ငံတည်ဆောက်ရေး ဟူသော နိုင်ငံရေးရည်မှန်းချက်ကို ဦးတည်ကြိုးပမ်းနေပါသည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA သည် ချမှတ်ထားသည့် ဦးတည်ရည်မှန်းချက်များ ရရှိအောင်မြင်နိုင်ရန်အတွက် အဖွဲ့အစည်းတွင်း စုပေါင်းခေါင်းဆောင်မှုစနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ တအာင်းပြည်သူလူထုတို့၏ ထောက်ခံအားပေးမှုကြောင့် (၅) နှစ်တာကာလအတွင်း PSLF/TNLA တွင် လုပ်ငန်းဌာန (၁၂) ခုနှင့် လုပ်ငန်းကော်မတီ (၂) ခုဖွဲ့စည်းကာ လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်လျက် ရှိပါသည်။

ကာကွယ်ရေးဌာနလက်အောက်ရှိ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (T.N.L.A) သည် မိမိတို့ တအာင်းလူမျိုးများ အခြေချနေထိုင်သည့် တောင်ပေါ်ဒေသများတွင် (ယခုလက်ရှိ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ) တပ်ရင်း (၂၇) ရင်း ဖြင့် စုစည်းထားသည့် တပ်မဟာ (၅) ခု ဖြင့် အခြေစိုက်လှုပ်ရှားလျက် ရှိပါသည်။ လူထုထောက်ခံမှု ပိုမိုရရှိလာသဖြင့် တပ်ဖွဲ့ဝင်အင်အားများ နေ့စဉ်နှင့်အမျှ တိုးများလာလျက်ရှိပါသည်။

PSLF/TNLA ၏ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းကော်မတီသည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် မြန်မာအစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ UPWC နှင့် မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့ တွင် တစ်ကြိမ်သာ တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့သည်။ မြန်မာအစိုးရဖက်မှ မိမိတို့ ဒေသအတွင်း ထိုးစစ်များမရပ်ဘဲ မိမိတို့အား ယင်းတို့ချမှတ်ထားသည့် အပစ်အခတ် ရပ်စဲရေးကို သဘောတူလက်မှတ်ရေးထိုးရေး တဖက်သတ်ဖိအားပေးမှုများကြောင့် ဆက်လက်တွေ့ဆုံနိုင်ခြင်း မရှိသေးပါ။

သို့သော်လည်း PSLF/TNLA သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့-NCCT တွင် ပါဝင်ကာ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပါဝင်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် NCA ဖြစ်စဉ်တွင် အစဉ် တစိုက်ကြိုးပမ်းခဲ့ပါသည်။ မြန်မာအစိုးရအနေဖြင့် NCA စာချုပ်ရေးထိုးရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း အားလုံးပါဝင်ခွင့်ကို အမျိုးမျိုးကန့်သတ်ခဲ့သော်လည်း မိမိတို့မှ အားလုံးပါဝင်ခွင့်ရရှိရန် ဆက်လက်ကြိုးပမ်းနေပါသည်။

PSLF/TNLAအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို လက်ခံထားပြီး၊ နှစ်ဦးနှစ်ဖက်သဘောတူနိုင်သည့် အပစ်ရပ်ရေးမှတဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးအတွက် လိုက်ပါဆောင်ရွက် နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားပါသည်။

ယခုကျင်းပသော ၂၁ ရာစု ပင်လုံညီလာခံသို့ အခြားတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ တက်ရောက်လိုသော်လည်း၊ လက်နက်စွန့်ပါမည်ဟု သဘောဆောင်သော ကတိကဝတ်ပါ ထုတ်ပြန်ချက်ကို မထုတ်ပြန်နိုင် သဖြင့် ပါဝင်တက်ရောက်ခွင့်မရရှိခြင်း ဖြစ်ပါသည်။

**နိဂုံးချုပ်အကြံပြုချက်**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ နှစ် (၆၀) ကျော်ကြာ ပြည်တွင်းစစ်မီးကို အပြီးတိုင် ချုပ်ငြိမ်းရန် လိုအပ်ပါသည်။ ပြည်တွင်းစစ်မီးကြောင့် နိုင်ငံဖွံ့ဖြိုး တိုးတက်မှု ဆိုးရွားစွာထိခိုက်စေပြီး၊ တိုင်းရင်းသားလူမျိုးများအကြား စိတ်ဝမ်းကွဲမှု များ ပိုမိုနက်ရှိုင်းကာ ပြည်ထောင်စုစိတ်ဓာတ် အားနည်းပျက်စီးခဲ့ကြရပါသည်။ နိုင်ငံရေး နှင့် အမျိုးသားရေးဦးဆောင်သူများအကြား ယုံကြည်မှု မတည်ဆောက်နိုင် သေးသဖြင့် အားလုံးပါဝင်လက်ခံနိုင်မည့် နိုင်ငံရေးဘုံသဘောညီချက်များ ရရှိနိုင်ရန် အလှမ်းဝေးနေဆဲ ဖြစ်သည်။

၂၁ရာစုပင်လုံညီလာခံသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီး တိုက်ပွဲ များ လုံးဝရပ်တန့်စေရန် ဆွေးနွေးအဖြေရှာသင့်ပါသည်။ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေး အဖွဲ့တစ်ဖွဲ့ဖွဲ့နှင့် မြန်မာ့စစ်တပ်တိုက်ပွဲ ဖြစ်ပွားနေလျှင်လည်း ပြည်တွင်းစစ်မီး ဖြစ်ပွားနေခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးမရရှိနိုင်ပါ။

လူမျိုးရေးခွဲခြားဖိနှိပ်မှုနှင့် နိုင်ငံရေးသဘောထား ကွဲလွဲမှုများကြောင့် လက်နက်ကိုင်တော်လှန်ရေး လှုပ်ရှားမှုများ ပိုမိုအားကောင်းလာခြင်းဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခအပြီးတိုင်ချုပ်ငြိမ်းရန်မှာ အားလုံးပါဝင်လက်ခံနိုင်သည့် နိုင်ငံရေးသဘောတူညီချက်များရရှိရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိုကဲ့သို့ အားလုံးပါဝင်လက်ခံနိုင်သည့် နိုင်ငံရေးသဘောတူညီချက်များရရှိနိုင်ရန်အတွက် သက်ဆိုင်သူအဖွဲ့အစည်းအားလုံးပါဝင်သည့်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်လာရန် ၂၁ ရာစု ပင်လုံညီလာခံမှ ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြဿနာကို ဖြေရှင်းရာတွင် အဖွဲ့အစည်းတစ်ခုတည်း၊ လူပုဂ္ဂိုလ်တစ်ဦးတည်း မူပိုင်ပုံစံအဖြစ်ကိုင်တွယ်ချယ်လှယ်ခြင်းမပြုဘဲ အမှန်တကယ် ပြုပြင်ပြောင်းလဲမှု များကို ပြုလုပ်နိုင်ရန် တိုင်းရင်းသားပြည်သူလူထုများ၏ သဘောထားကို ရဲဝံ့ ပြတ်သားစွာ လက်ခံဆောင်ရွက်သင့်ပါသည်။

၁၉၄၇ ပင်လုံစာချုပ်သည် တောင်တန်း - ပြည်မစည်းလုံးညီညွတ်မှုကို ရရှိစေခဲ့ပြီး၊ လွတ်လပ်သည့်ပြည်ထောင်စု မြန်မာနိုင်ငံကို မွေးဖွားပေးခဲ့သည်။ သို့ပါသော်လည်း ပင်လုံကတိကဝတ်ကို ဖောက်ဖျက်ခဲ့သဖြင့် ရာစုနှစ်ဝက်ကျော်

ကြာ ပြည်တွင်းစစ်ကြီးမှ ရုန်းမထွက်နိုင်ခဲ့ပါ။ ယခုကျင်းပနေသည့် ၂၁ ရာစု ပင်လုံညီလာခံသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုအားလုံး ပါဝင်ခွင့်မရသည့်အပြင် မြန်မာ့စစ်တပ်၏ ငြိမ်းချမ်းမှုသတ်မှတ်ချက်များမှာ အမှန်တကယ်ရှေ့တိုးနိုင်ရန် အဟန့်အတားကြီးတရပ်ဖြစ်နေပါသည်။

ထို့ကြောင့် ထိုကဲ့သို့သော မြန်မာ့စစ်ခေါင်းဆောင်များအလိုကျ နိုင်ငံရေး အဖြေရှာမှုသည် ပြည်ထောင်စုပြိုကွဲကျဆုံးရေးဆီသို့ ဦးတည်နေခြင်းသာဖြစ်သောကြောင့် ၂၁ ရာစုပင်လုံညီလာခံမှ ပြုပြင်ပြောင်းလဲသင့်သည်များကို ရဲဝံ့ပြတ်သားစွာ ကိုင်တွယ်ရှေ့ဆောင်သွားရန် လိုအပ်ကြောင်း မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ နိုင်ငံရေးအမြင်သဘောထားကို လေးစားစွာ ပေးပို့လိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ<br>
ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦး<br>
PSLF/TNLA

၃၁ရက်၊ ဩဂုတ်လ၊ ၂၀၁၆ခုနှစ်။

**Palaung State Liberation Front**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ - ရာစု ပင်လုံ အား နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်လာရန် ခြေလှမ်းအစအဖြစ် ကြိုဆိုကြောင်း PSLF/TNLA သဘောထားထုတ်ပြန်ချက်**

ထုတ်ပြန်ချက် အမှတ် (၀၁၁/၂၀၁၆)

ရက်စွဲ၊ ၁၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်၊

၁။ ၂၁ ရာစု ပင်လုံညီလာခံကို ဩဂုတ်လ (၃၁) ရက်မှ စက်တင်ဘာလ (၃) ရက်ထိ နေပြည်တော်တွင် ကျင်းပနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ရှည်ကြာလှသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်လာရန် ခြေလှမ်းအဖြစ် ထောက်ခံကြိုဆိုကြောင်း ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-P.S.L.F/ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်-T.N.L.A ၏ သဘောထားကိုထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ ၂၁ ရာစုပင်လုံညီလာခံတွင် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီး၊ အစုအဖွဲ့အသီးသီး နှင့် လူပုဂ္ဂိုလ်အသီးသီးတို့၏ တင်ပြချက်စာတမ်းများသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ အစစ်အမှန် တည်ဆောက်နိုင်ရန် ပွင့်လင်းစွာတင်ပြခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။ ထိုတင်ပြချက်များကို လက်တွေ့ကျကျ သုံးသပ်ဆွေးနွေးပြီး နိုင်ငံရေးပြဿနာအတွက် ကြိုးပမ်းအဖြေရှာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၃။ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်သစ်များကိုပါ ပွင့်လင်းစွာတင်ပြခဲ့သည်ကို မိမိတို့ PSLF/TNLA အနေဖြင့် များစွာဝမ်းသာအားရမိပါသည်။

၄။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD မြန်မာအစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ တိုင်းရင်းသားပြည်သူများ၏လိုလားမှုအတိုင်း ဦးတည်လာသော်လည်း၊ တိုင်းရင်းသားဒေသများတွင် လုံခြုံမှုကင်းမဲ့ပြီး တိုက်ပွဲများဖြစ်နေသည့်အခြေအနေကို အထူးစိုးရိမ်မိပါသည်။ မိမိတို့အနေဖြင့် လက်ရှိမြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ပါဝင်ပံ့ပိုးသည့်အနေဖြင့် မိမိတို့ဒေသအတွင်းရှိ မြန်မာ့တပ်မတော်၏ ထိုးစစ်ကို အတတ်နိုင်ဆုံးဆက်လက်ရှောင်ရှားပြီး ထိတွေ့မှုများဆက်လက်လျော့ချသွားပါမည်ဟု အသိပေးဖော်ပြအပ်ပါသည်။

၅။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ငြိမ်းချမ်းစွာတွေ့ဆုံအဖြေရှာရန် အပြည့်အဝဆန္ဒရှိပါသည်။ ထို့ကြောင့် လက်ရှိ NLD ဦးဆောင်သည့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်နှင့် တွေ့ဆုံဆွေးနွေးရန်အဆင်သင့်ဖြစ်ကြောင်း မိမိတို့၏ ရပ်တည်ချက်သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

"ဘုပ်ဘိုန် ကုစ်တအောင်း"

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - P.S.L.F

တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် - T.N.L.A

PSLF © 2016 Peace - Equality - Justice - Prosperity www.pslftnla.org

## မြန်မာ့နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆီသို့ ဦးတည်လာသော (၂၁)ရာစု ပင်လုံညီလာခံအား ကြိုဆိုကြောင်း MNTJP/MNDAA ၊ PSLF/TNLA ၊ ULA/AA တို့၏ သဘောထားထုတ်ပြန်ချက်

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း(၃)ရက်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ပထမအကြိမ်အစည်းအဝေး) ကို ဩဂုတ်လ (၃၁)ရက်မှ စက်တင်ဘာလ(၃)ရက်ထိ ကျင်းပနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲဆီသို့ ဦးတည်လာသည့်အတွက် ထောက်ခံကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှု အမျိုးသားပါတီ - MNTJP/MNDAA ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - PSLF/TNLA နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် ULA/AA တို့၏ သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ (၂၁)ရာစုပင်လုံညီလာခံတွင် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီး၊ အစုအဖွဲ့အသီးသီး နှင့် လူပုဂ္ဂိုလ် အသီးသီးတို့၏ တင်ပြချက်စာတမ်းများသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ အစစ်အမှန်တည်ဆောက် နိုင်ရန် အပြုသဘောဆောင်သည့် တင်ပြချက်များဖြစ်သည်ဟု ရှုမြင်ပါသည်။

၃။ မြန်မာ့နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာရန်အတွက် ပွင့်လင်းမြင်သာစွာ တင်ပြခွင့် ပြုခဲ့သည့်အပြင် နိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားမိဘပြည်သူများ သိရှိစေပန်နိုင်ရန် တိုက်ရိုက်ထုတ်လွှင့်ပြသ ပေးခဲ့သည့် လက်ရှိမြန်မာအစိုးရ၏ ဖွင့်ပြတ်သားသည့် လုပ်ဆောင်ချက်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ထိုတင်ပြချက်များကို လက်တွေ့ကျကျသုံးသပ်ဆွေးနွေးပြီး နိုင်ငံရေး ပြဿနာအတွက်ကြိုပမ်းအဖြေရှာရာတွင် မှန်ကန်စွာအသုံးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၄။ သို့ပါသော်လည်း ငြိမ်းချမ်းရေးမှ (၆) ရပ် နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခိုင်အမာကိုင်စွဲတင်ပြသည့် မြန်မာ့တပ်မတော် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့၏ တင်ပြချက်မှာ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး ထိုသဘောထားရပ်တည်ချက်များ ပြုပြင်ပြောင်းလဲရန် အချိန်တန်ပြီဖြစ်ပါသည်။

၅။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD မြန်မာအစိုးရ၏ လက်ရှိငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းများ ပိုမို အောင်မြင်ဖြစ်ထွန်းပြီး၊ မြန်မာ့နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်သည်အထိ ပါဝင်သင့် ပါဝင်ထိုက် သူများ၊ အစုအဖွဲ့များ အားလုံးပါဝင်နိုင်သည့် ညီလာခံအစည်းအဝေးပွဲများ ဆက်လက်ပြုလုပ်ရန် မျှော်လင့်ကြောင်း မိမိတို့ မဟာမိတ်(၃)ဖွဲ့၏ သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

MNTJP/MNDAA
မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ/
မြန်မာအမျိုးသားဒီမိုကရက်တစ်
မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/
တအာင်းအမျိုးသား
လွတ်မြောက်ရေးတပ်မတော်

ULA/AA
ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/
ရက္ခိုင့်တပ်မတော်

## "ဝ"ပြည်နယ် UWSP အဖွဲ့အစည်းကိုယ်စားလှယ်များ ၂၁ ရာစုပင်လုံညီလာခံမှနုတ်ထွက်ခြင်း၊ နိုင်ငံရေးတောင်းဆိုချက်များနှင့်ပတ်သက်၍ MNTJP/MNDAA ၊ PSLF/TNLA ၊ ULA/AA တို့၏ သဘောထားအမြင်

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်

၁။ ၂၁ ရာစု ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သော UWSP ကိုယ်စားလှယ်များအား၊ တန်းတူရည်တူ ဆက်ဆံခြင်း မရှိသည့် ကိစ္စနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ (MNTJP/MNDAA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA) ၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA/AA) တို့မှများစွာ စိတ်မကောင်းဖြစ်ရပြီး၊ ၎င်းဖြစ်ရပ်အပေါ်ရှုတ်ချပါသည်။ ဤကဲ့သို့ တန်းတူမဆက်ဆံခြင်းသည် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့သည်ဟု သံသယဖြစ်မိပါသည်။

၂။ UWSP အနေဖြင့် ပင်လုံစိတ်ဓာတ်အပေါ် ကောင်းစွာသိရှိသဘောပေါက်ကြောင်း မိမိတို့အနေဖြင့် နားလည်ပါသည်။

၃။ UWSP ၏ မူဝါဒများထဲမှ ပင်လုံစိတ်ဓာတ်ကို ကျင့်သုံးဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ရန်မှုကို မိမိတို့ အနေဖြင့် ကြိုဆိုထောက်ခံပါသည်။

၄။ UWSP ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်သည့် တင်ပြချက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံစနစ်၊ ပြည်ထောင်စုသမ္မတတာဝန်များကို ထမ်းဆောင်ရန်လိုအပ်သော အရည်အချင်း၊ လွှတ်တော်အတွင်း လွှတ်တော် အမတ်များနေရာခွဲဝေမှု၊ ပြည်ထောင်စုတပ်မတော်ကို အစိုးရအုပ်ချုပ်မှုအောက်တွင် ထားရှိရေး၊ တိုင်းရင်းသား တန်းတူ ညီမျှရေးမူဝါဒ၊ တိုင်းရင်းသားပြည်သူများ၏ ဥပဒေပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားပြည်နယ်များ၏ တရားစီရင်ပိုင်ခွင့်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ဒေသအသီးသီးအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့ကိစ္စနှင့် အခြားအထွေထွေမူဝါဒနှင့် အသေးစိပ်တောင်းဆိုချက်များကို မိမိတို့(၃)ဖွဲ့အနေဖြင့် အားပေးထောက်ခံပါသည်။

၅။ အထက်ပါမူဝါဒများသည် "ဝ"ပြည်နယ်အစိုးရ နှင့် "ဝ"ပြည်သူတစ်ရပ်လုံးသာမက မိမိတို့ မဟာမိတ်(၃)ဖွဲ့နှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ အခြေခံရပ်တည်ချက်များလည်း ဖြစ်ပေသည်။

| MNTJP/MNDAA | PSLF/TNLA | ULA/AA |
|---|---|---|
| မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ/ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် | ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်မတော် |

**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းခေါင်းဆောင်များ**
**တတိယအကြိမ်မျက်နှာစုံညီပန်ခမ်းအစည်းအဝေး**
**ထုတ်ပြန်ကြေညာချက်**
**၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်**
**ပန်ခမ်းမြို့**

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တောင်းဆိုချက် အရ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ခေါင်းဆောင်များ တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ အထူးဒေသ (၂) “ဝ” ပြည်နယ် အစိုးရ၊ ပန်ခမ်းဌာနချုပ်၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။ ဤအစည်း အဝေးကို “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ/ “ဝ” ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA) မှ ကမကထပြုလုပ်ပြီး ငြိမ်းချမ်းရေး နှင့် စည်းလုံးရေးကော်မတီ/ ရှမ်းပြည်နယ် အရှေ့ပိုင်းအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့ (PSC/NDAA) မှ အထောက်အကူပြု၍ ကျင်းပပြုလုပ်ခဲ့သည်။

ဤအစည်းအဝေးသို့ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော် (ULA/AA) ကချင်လွတ်လပ်ရေးအဖွဲ့/ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ မြန်မာနိုင်ငံ အမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ/ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မ တော် (MNTJP/MNDAA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ/ ရှမ်းပြည် နယ်အရှေ့ပိုင်းအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့(PSC/NDAA)၊ “ဝ”ပြည်သွေးစည်း ညီညွတ်ရေးပါတီ/“ဝ”ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA) စသည့် (၇)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားသည့်ပုဂ္ဂိုလ် ၂ ဦး အပါအဝင် စုစုပေါင်း

၃၇ ဦး တက်ရောက်ခဲ့ပါသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့သည် စာတမ်းပေးပို့တင်သွင်းခြင်းဖြင့် ပါဝင်ခဲ့ပါသည်။

မျက်မှောက်ကာလတွင် ဖြစ်ပွားနေသော မြန်မာ့စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပဋိပက္ခများသည် ယခင်ကထက် ပိုမိုပြင်းထန် လာပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း၊ မြန်မာ-တရုတ်နယ်စပ်တလျှောက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၏ ပြည်တွင်းစစ်ပွဲသည် တစ်နေ့ ထက်တစ်နေ့ ပိုမိုဆိုးရွားလာပါသည်။ အချို့သော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် မြန်မာအစိုးရတို့ ဆွေးနွေးနေသော တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) သည် ယနေ့ထိ အဖြေမပေါ်ခဲ့ပါ။ ပြည်တွင်းနေရာအနှံ့အပြား၌ ဖြစ်ပွားနေသော စစ်ပွဲများသည် NCA ဆွေးနွေးခြင်းကြောင့် ရပ်စဲသွားခြင်းမရှိပါ။ ပြည်ထောင်စုအစိုးရ သစ်မှ NCA နှင့် ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံမကျင်းပမီ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးခရီးစဉ် အခက်အခဲများနှင့်ပြည့်နှက်နေသည့် အချိန်ကာလတွင် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ နိုင်ငံရေး လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်အတွက် တတိယအကြိမ်မျက်နှာစုံညီ အစည်းအဝေးကို ၃ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါသဘောတူညီချက် များရရှိခဲ့ပါသည်။

၁။ အစည်းအဝေးတက်ရောက်သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် ပင်လုံစိတ်ဓာတ်၏ "နိုင်ငံရေးဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆို ချက်နှင့်ပတ်သက်၍ နိုင်ငံရေးဆွေးနွေးမှုအပေါ် "ဝ"ပြည်နယ်၏ အထွေထွေ မူဝါဒနှင့် အသေးစိတ်တောင်းဆိုချက်များ"စာတမ်းပါ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဘုံသဘောထားအဖြစ် မှတ်ယူကြသည်။

၂။ ရှမ်းပြည်နယ်လွှတ်တော်က ပြည်သူလူထု၏ သဘောဆန္ဒနှင့် ဆန့်ကျင်ကာ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် MNDAA၊ TNLA နှင့် KIA တို့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ခြင်းကို ချက်ချင်း ရုတ်သိမ်း ပေးရန် ဤအစည်းအဝေးမှ တောင်းဆိုလိုက်သည်။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသား ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းများကို စတင်နိုင်ရန်အတွက် မြန်မာ့စစ်တပ်မှ တိုင်းရင်းသား ဒေသများတွင် ထိုးစစ်ဆင်တိုက်ခိုက်နေသော စစ်ဆင်ရေးများအားလုံးကို ချက်ချင်း ရပ်ဆိုင်းရန်တောင်းဆိုလိုက်သည်။

၄။ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးမှုတွင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအားလုံးပါဝင်ရေးမူကို ဖော်ဆောင်ပြီး တန်းတူညီမျှမှုရှိသည့် ဆွေးနွေးခြင်းပုံစံဖြင့် ဖော်ဆောင်ရန် တိုက်တွန်းသည်။ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးပြဿနာဖြေရှင်းရာတွင် စစ်ရေးနည်းဖြင့် ခြိမ်းခြောက်တိုက်ခိုက်ခြင်းကို ကန့်ကွက်သည်။

၅။ NCA မရေးထိုးဘဲ နိုင်ငံရေးဆွေးနွေးမှုအပေါ် “ဝ”ပြည်နယ်၏ အထွေထွေမူဝါဒနှင့် အသေးစိတ် တောင်းဆိုချက်များကို လက်ခံသည့် အခြေအနေအောက်တွင် “ဝ”ပြည်နယ်မှ ကမကထပြုပြီး မြန်မာအစိုးရနှင့် ညှိနှိုင်းဆွေးနွေးရေးအတွက် နိုင်ငံရေးဆွေးနွေးရေးအဖွဲ့ ဖွဲ့စည်းရန် သဘောတူသည်။

၆။ ဖြစ်ပေါ်လာသည့် အခြေအနေပေါ်မူတည်၍ နိုင်ငံရေးဆွေးနွေးမှုအပေါ် “ဝ”ပြည်နယ်၏ အထွေထွေမူဝါဒနှင့် အသေးစိတ်တောင်းဆိုချက်များကို အစည်းအဝေးသို့တက်ရောက်ကြသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းကာ နိုင်ငံရေးဆွေးနွေးမှုအပေါ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အထွေထွေမူဝါဒနှင့် အသေးစိတ် တောင်းဆိုချက်များအဖြစ် သတ်မှတ်သွားမည်။

၇။ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် NCA နှင့်ပတ်သက်ပြီး အောက်ပါအတိုင်း သဘောထားချမှတ်သည်။

(က) မြန်မာအစိုးရက သမိုင်းဝင်ပင်လုံစာချုပ်အား NCA စာချုပ်ဖြင့် အစားထိုးရန် ရည်ရွယ်ချင်းကို လုံးဝလက်မခံပါ။

(ခ) အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများသည် တရားမျှတမှုရှိသော အပစ်အခတ်ရပ်စဲရေး စာချုပ်ဖြင့် NCA ကို အစားထိုးရန် တောင်းဆိုကြသည်။

၈။ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် ကုလသဂ္ဂအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြီးကြပ်သူအဖြစ် ကြားဝင်ဆောင်ရွက်ပေးရန် တောင်းဆိုကြသည်။

(က) မြန်မာအစိုးရနှင့် အပစ်ခတ်မရပ်စဲရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် အသစ် ချုပ်ဆိုနိုင်ရေးအတွက် တွန်းအားပေးရန် တောင်းဆိုသည်။

(ခ) မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အကြား အဆင့်ဆင့်ချုပ်ဆိုထားပြီးဖြစ်သော အပစ်အခတ်ရပ်စဲရေးသဘောတူ စာချုပ်များကို အခြေခံကာ နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံးဖော်ဆောင်ပြီး စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တွန်းအား ပေးရန် တောင်းဆိုသည်။

၉။ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် ပတ်သက်၍သဘောထားမှာ-

(က) တရုတ်နိုင်ငံ၏ One Belt One Road (OBOR) ပေါ်လစီသည် အိမ်နီးချင်းနိုင်ငံအား ငြိမ်းချမ်းစွာ တပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဖြစ်သည်။ ယင်းပေါ်လစီသည်

မြန်မာနိုင်ငံ၏ စီးပွားဖွံ့ဖြိုးရေး၊ လုံခြုံရေး၏လိုအပ်ချက်ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ အကျိုးအမြတ်ရည်မှန်းချက် နှင့်လည်း ကိုက်ညီသည်။

(ခ) တရုတ်နိုင်ငံ၏ One Belt One Road (OBOR) ပေါ်လစီသည် မြန်မာနိုင်ငံအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ပြီး တိုင်းရင်းသားဒေသများ အတွက် အကျိုးဖြစ်ထွန်းနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

(ဂ) တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတို့သည် မိမိဒေသတွင်းရှိ ပြင်ပမှလာရောက် ရင်းနှီးမြှုပ်နှံမှုများ လုံခြုံမှုရှိစေရန်အတွက် အာမခံပေးကြရန် သဘောတူသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းခေါင်းဆောင်များ

တတိယအကြိမ်မျက်နှာစုံညီပန်ခမ်းအစည်းအဝေး

**ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ**

**Federal Political Negotiation and Consultative Committee(FPNCC)**

**FPNCC၏ ပထမအကြိမ် အမြဲတမ်းကော်မတီအစည်းအဝေး**

**ထုတ်ပြန်ကြေညာချက်**

ရက်စွဲ-၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ၏ ပထမအကြိမ် အမြဲတမ်းကော်မတီအစည်းအဝေးအား ၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်မှ (၂၄) ရက်နေ့အထိ ပန်ခမ်းမြို့တွင် အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သော

(၁) ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)

(၂) ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA)

(၃) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)

(၄) မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတမှု အမျိုးသားပါတီ(MNTJP/MNDAA)

(၅) ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)

(၆) ရှမ်းပြည်အရှေ့ပိုင်းငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ(PSC)

(၇)“ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)

မှ ကိုယ်စားလှယ်စုစုပေါင်း (၂၈) ဦး တက်ရောက်ကာ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ဤအစည်းအဝေးမှ အောက်ပါအချက်များအား ထုတ်ပြန်ကြေညာလိုက်သည်။

၁။ ဤအစည်းအဝေးက မျက်မှောက်ပြည်တွင်းနိုင်ငံရေးကိစ္စ၊ ၂၁ ရာစု ပင်လုံအစည်းအဝေးကိစ္စ၊ အစိုးရနှင့် ဆွေးနွေးညှိနှိုင်းရေးမူကိစ္စ၊ FPNCC အနေဖြင့် ဘဝတူညီနောင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဆက်စပ်လုပ်ဆောင်နိုင်ရေးကိစ္စ၊ FPNCC ၏ဖွဲ့စည်းမှု၊ ဌာနနှင့်ရုံး ဖွဲ့စည်းတာဝန်ပေးအပ်မှု ဆိုင်ရာကိစ္စရပ်များအပေါ် ပွင့်ပွင့်လင်းလင်း သုံးသပ်ဆွေးနွေး ညှိနှိုင်းနိုင်ခဲ့ကြပါသည်။

၂။ ဤအစည်းအဝေးမှ FPNCC ၏ ဥက္ကဋ္ဌ-၂ အဖြစ် ကေအိုင်အိုဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးအင်ဘန်လအား တညီတညွတ်တည်း ရွေးချယ်တင်မြှောက်နိုင်ခဲ့ပါသည်။

၃။ FPNCC ၏ နိုင်ငံရေးလုပ်ငန်းအရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၄။ FPNCC ၏ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုဆိုင်ရာမူဝါဒနှင့် နည်းလမ်းများကို အတည်ပြုနိုင်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးညှိနှိုင်းရာတွင် FPNCC အမည်ဖြင့်သာ တစုတစည်းတည်း ဆွေးနွေးသွားရန် မူဝါဒများအား ချမှတ်နိုင်ခဲ့ပါသည်။

UNFC လည်ပတ်မှု ရပ်တန့်သွားပြီးနောက် မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့် UWSA /NDAA /KIA /SSPP /AA /MNDAA /TNLA (၇) ဖွဲ့ သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း "ဝ"နယ် ပန်ဆန်းတွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

၂၀၁၇ ခုနှစ် ဧပြီလအတွင်း ပြုလုပ်သည့် အစည်းအဝေးမှ FPNCC-Federal Political Negotiation and Consultative Committee ဖက်ဒရယ်နိုင်ငံရေး တွေ့ဆုံညှိနှိုင်းမှုနှင့် အတိုင်ပင်ခံကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ဧပြီ ၁၉ ရက်တွင် ၎င်းတို့သဘောထားအား ထုတ်ပြန်အလွတ်သဘောအားဖြင့် FPNCC သည် နိုင်ငံရေးမဟာမိတ်ဖွဲ့မှုဖြစ်ပြီး အစိုးရနှင့် နိုင်ငံရေးဆွေးနွေးမှုအား NCA လမ်းကြောင်းအတိုင်း မသွားဟု ထုတ်ပြန်ခဲ့သည်။

၂၀၁၇ ခုနှစ် ကျင်းပသော ဒုတိယအကြိမ် ပင်လုံညီလာခံသို့ တရုတ်ပြည်၏ ကြားဝင်ပေးမှုနှင့်အတူ TNLA သည် မြောက်ပိုင်းမဟာမိတ် (၇) ဖွဲ့နှင့်အတူ လေ့လာသူ

အနေဖြင့် တက်ရောက်ခဲ့သည်။ ညီလာခံဖွင့်ပွဲသာ တက်ရောက်ခဲ့ပြီး ပါဝင်ဆွေးနွေးခြင်း မရှိခဲ့ပေ။

ထို့အပြင် NLD အစိုးရခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အလွတ်သဘောတွေ့ဆုံခဲ့သော်လည်း မြန်မာစစ်တပ်ခေါင်းဆောင်များက တွေ့ဆုံခဲ့ခြင်း မရှိပါ။ NRPC နှင့် မြောက်ပိုင်း (၇) ဖွဲ့ တွေ့ဆုံရာတွင် TNLA ပါဝင်ခဲ့ပြီး မည်သည့်သဘောတူညီချက်မှ မရရှိခဲ့ပါ။

၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တတိယအကြိမ် ပင်လုံညီလာခံတွင် တရုတ်အစိုးရ၏ ညှိနှိုင်းပေးမှုအရ မြောက်ပိုင်း ၇ ဖွဲ့နှင့်အတူ TNLA ပါဝင်ခဲ့ပြီး ညီလာခံဖွင့်ပွဲကိုသာ တက်ရောက်ခဲ့ပြီး ပါဝင်ဆွေးနွေးမှု မရှိပါ။ ဤအကြိမ် အလွတ်သဘောတွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်သာမက မြန်မာစစ်တပ် ဒုကာကွယ်ရေးဦးစီးချုပ် မိုလ်စိုးဝင်းနှင့် AA/MNDAA/TNLA (၃) ဖွဲ့ တွေ့ဆုံခဲ့သည်။

၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် မြန်မာစစ်တပ်က KIA /AA /MNDAA /TNLA (၄) ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့သဖြင့် ၂၀၁၉ ခုနှစ်ထဲတွင် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြ၏။ သို့နှင့် ၂၀၁၉ ခုနှစ်အတွင်း TNLA ကိုယ်စားလှယ်များသည် မဟာမိတ်များနှင့်အတူ NLD အစိုးရ၏ NRPC/PC (အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန/ငြိမ်းချမ်းရေးကော်မရှင်) တို့နှင့် (၇) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပထမအကြိမ် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က တရုတ်ပြည် ခွင်းမင်မြို့တွင် NRPC/PC မှ ဦးသိန်းဇော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် KIA /AA /MNDAA / TNLA ကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံဆွေးနွေးရာတွင် TNLA မှ ဒုဥက္ကဌ တားဂျုတ်ဂျား ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်ခဲ့သည်။

ဒုတိယအကြိမ် ၂၀၁၉ ခုနှစ် မတ်လ ၂၁ ရက်တွင် နေပြည်တော်၌ ဒေါက်တာတင်မျိုးဝင်း ခေါင်းဆောင်သည့် NRPC ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ် ရေးထိုး

ထားခြင်းမရှိသည့် အဖွဲ့ (၈) ဖွဲ့ တွေ့ဆုံဆွေးနွေးရာတွင် TNLA မှ ဗိုလ်မှူးကြီး တားအိုက်မောင်း ဦးစီးသည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်ခဲ့သည်။

တတိယအကြိမ် ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်က မူဆယ်မြို့၌ ဦးသိန်းဇော် ဦးစီးသည့် NRPC/PC ကိုယ်စားလှယ်အဖွဲ့နှင့် KIA /AA /MNDAA /TNLA ကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံဆွေးနွေးရာတွင် TNLA မှ အထွေထွေအတွင်းရေးမှူး တားဘုန်းကျော် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်ခဲ့၏။

စတုတ္ထအကြိမ် ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက်၌ မိုင်းလားမြို့တွင် ဦးသိန်းဇော် ဦးစီးသည့် NRPC/PC ကိုယ်စားလှယ်အဖွဲ့နှင့် KIA /AA /MNDAA /TNLA ကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံဆွေးနွေးရာတွင် TNLA မှ ဒုဥက္ကဋ္ဌ တားခူးလာန်း ဦးစီးသည့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ခဲ့သည်။

ပဉ္စမအကြိမ် ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက်က ကျိုင်းတုံမြို့တွင် ဦးသိန်းဇော် ဦးစီးသည့် NRPC/PC ကိုယ်စားလှယ်အဖွဲ့နှင့် KIA /AA /MNDAA /TNLA ကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံဆွေးနွေးရာတွင် TNLA မှ ဒုဥက္ကဋ္ဌ တားခူးလာန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်ခဲ့၏။

ဆဋ္ဌမအကြိမ် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၇ ရက်၌ ကျိုင်းတုံမြို့တွင် NRPC ကိုယ်စားလှယ်အဖွဲ့ နှင့် KIA /AA /MNDAA /TNLA ကိုယ်စားလှယ်အဖွဲ့များ ဆွေးနွေးကြရာတွင် အထွေထွေအတွင်းရေးမှူး တားဘုန်းကျော် ခေါင်းဆောင်သည့် TNLA ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ခဲ့သည်။

သတ္တမအကြိမ် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် တရုတ်ပြည် ခွင်းမင်မြို့တွင် NRPC ကိုယ်စားလှယ်အဖွဲ့နှင့် KIA /AA /MNDAA /TNLA ကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံဆွေးနွေးရာတွင် TNLA မှ အထွေထွေ အတွင်းရေးမှူး တားဘုန်းကျော် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်ခဲ့၏။

သို့သော် ၂၀၁၉ ခုနှစ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှ မည်သည့် သဘောတူညီချက်မှ မရရှိခဲ့ပေ။ ၂၀၂၀ တွင် ကျင်းပသည့် စတုတ္ထအကြိမ် ပင်လုံညီလာခံသို့လည်း ကိုဗစ်ရောဂါ အကြောင်းပြချက်ဖြင့် ကန့်သတ်ခဲ့ခြင်းကြောင့် TNLA အပါ မြောက်ပိုင်း (၇) ဖွဲ့ တက်ရောက်ခြင်း မပြုခဲ့ပါ။

၂၀၁၂ မှ စတင်ပြီး စစ်ရေးလှုပ်ရှားခဲ့ပြီး ၃၊ ၄ နှစ်အတွင်း TNLA အင်အား သိသိသာသာ ကြီးထွားလာခြင်း မရှိခဲ့ပေ။ TNLA သည် ဆယ်နှစ်အတွင်း တဖြေးဖြေး ကြီးထွားလာပြီး အင်အားတောင့်တင်းသော အဖွဲ့အစည်း ဖြစ်လာသည်။ တပ်အင်အား တောင့်တင်းလာပြီး နယ်မြေများကို တစတစ တိုးချဲ့ထိန်းချုပ်လာနိုင်သည်နှင့်အမျှ PSLF သည် ၎င်း၏ နိုင်ငံရေးရည်မှန်းချက်များကို ဖော်ဆောင်ရန် ဌာနများ ဖွဲ့စည်းဆောင်ရွက်လာနိုင်ခဲ့သည်။ ဒေသအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေး၊ တရားစီရင်ရေး လုပ်ငန်းများ ပြုလုပ်လာနိုင်ခဲ့သည်။

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး NLD ပါတီမှ တနိုင်ငံအတိုင်းအတာတွင် ၈၂ % ကျော်ဖြင့်အနိုင်ရရှိခဲ့သည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် TNP မှ အမတ်လောင်း ၁၂ ဦး ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သည်။ မန်တုံ၊ နမ့်ဆန်၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း မှ ပြည်နယ်လွှတ်တော်အတွက် အမတ်အရေအတွက် ၇ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်- ၃ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် -၂ ဦး အနိုင်ရရှိခဲ့ကြသည်။ TNP သည် ရွေးကောက်ပွဲ အနိုင်ရမှုစာရင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ်တွင် အဆင့် ၅ တွင် ရရှိခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် မွန်ညီညွတ်ရေးပါတီ- MUP နှင့် ပူးတွဲ အဆင့် ၅ တွင် ရရှိခဲ့သည်။

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော TNP ၏ လွှတ်တော်ကိုယ်စားလှယ်များ ထဲမှ (၄) ဦးနှင့် ပါတီထိပ်ပိုင်းခေါင်းဆောင် (၁) ဦးတို့သည် စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ကာ တအာင်းဒေသရှိ လွတ်မြောက်နယ်မြေ တစ်နေရာ

တွင် စုစည်းကာ တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီ- TPCC အား ဖွဲ့စည်းလိုက်ပြီး ကြားကာလ တအာင်းနိုင်ငံရေး လုပ်ငန်းစဉ်များကို ဆက်လက် လုပ်ကိုင်လျက်ရှိသည်။

# အခန်း (၇)

# နွေဦးတော်လှန်ရေးနှင့် တအာင်းအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ

## ၇.၁။ TPCC ဖွဲ့စည်းခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲရလဒ်အား အကြောင်းပြုပြီး စစ်တပ်မှ အာဏာသိမ်းခဲ့သည်။ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီကို ဖွဲ့စည်းခဲ့ပြီး စစ်တပ်မှ စစ်ခေါင်းဆောင်များနှင့် အပေါင်းအပါအချို့ပါဝင်သော အုပ်ချုပ်ရေးယန္တရားတစ်ခုကို အတင်းအကျပ် တည်ဆောက်ခဲ့ကြသည်။

စစ်အာဏာသိမ်းမှုကို လက်မခံသော ပြည်သူလူထုအပေါင်းတို့သည် လမ်းမထက်တွင် အကြမ်းမဖက်သပိတ်မှောက် ဆန္ဒပြခဲ့သည်။ စစ်တပ်သည် ပြည်သူလူထု၏ တောင်းဆိုမှုကို နားထောင်ခြင်းမရှိဘဲ လက်နက်များဖြင့် အကြမ်းဖက်နည်းလမ်းသုံးကာ ရက်စက်စွာ ဖြိုခွင်းခဲ့ခြင်းကြောင့် ကျောင်းသား၊ လူငယ်၊ နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူအပေါင်းတို့သည် နီးရာလွတ်မြောက်နယ်များသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။ ထို့နောက် အကြမ်းမဖက် သပိတ်လှုပ်ရှားမှုမှ လက်နက်ကိုင်ခုခံတော်လှန်ရေးလမ်းစဉ်ကို ကူးပြောင်းလာကြသည်။

ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမှ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် အခြားပါတီများမှ ကိုယ်စားလှယ်များနှင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လ (၁၈) ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို ဖွဲ့စည်းခဲ့သည်။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင် (၁) ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီအပါအဝင် ရွေးကောက်ခံလွှတ်တော်

ကိုယ်စားလှယ်များ၊ (၂) နိုင်ငံရေးပါတီများ၊ (၃) ဖက်ဒရယ်ယူနစ်၊ လူမျိုးအလိုက် အတိုင်ပင်ခံကောင်စီများ၊ (၄) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ (၅) သပိတ်ကော်မတီများ၊ (၆) CDM လှုပ်ရှားမှုတွင်ပါဝင်သူများ၊ (၇)အရပ်ဘက်အဖွဲ့အစည်းများ (အမျိုးသမီး၊ လူငယ်အဖွဲ့အစည်းများ) ပါဝင်သည်။

၂၀၂၃ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ CDM ဦးဆောင်သူများ၊ အထွေထွေသပိတ်အင်အားစုများ၊ အမျိုးသမီးများနှင့် လူငယ်အင်အားစုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ စုပေါင်းဆွေးနွေးခဲ့ပြီး ဆုံးဖြတ်သဘောတူအတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ် ချုပ်ငြိမ်းစေနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ပူးပေါင်းပါဝင်လက်တွဲနိုင်ရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် ပြည်ထောင်စုဝင်လူမျိုးများအားလုံး၊ နိုင်ငံသားများအားလုံး လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကို အခြေခံကာ အပြန်အလှန် အသိအမှတ်ပြုလေးစားမှု၊ ချစ်ကြည်ရိုင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်နိုင်သော သာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအား တည်ဆောက်ရန်လည်းကောင်း အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

၁။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ် မှန်သမျှ ပပျောက်ရေး။

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ် ဖျက်သိမ်းရေး။

၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး။

၄။ အရပ်သား ပြည်သူ့အစိုးရ ပေါ်ထွန်းရေး။

## အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

၁။ စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများ အပါအဝင် လူထုအထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှားဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။

၂။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။

၄။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း။

၅။ ဤပဋိညာဉ်နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်းဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။

၆။ အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူအင်အားစုအားလုံးပါဝင်သော ပြည်သူ့ ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း။

၇။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း။

၉။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။

၁၀။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း။

၁၁။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲ ကျင်းပခြင်း။

၁၂။ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲစည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ၂၀၂၃ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ၏ ကြေညာချက်အမှတ် ၂၃/၂၀၂၁ ကို ထုတ်ပြန်၍ အတည်ပြုဖွဲ့စည်းလိုက်သော ကြားကာလညီညွတ်ရေးအစိုးရ ဖြစ်သည်။ အစိုးရအဖွဲ့တွင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအစုအဖွဲ့ ကိုယ်စားလှယ်များ၊ အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြပွဲများမှ ထင်ရှားသူများ ပါဝင်သည်။ စစ်ကောင်စီမှ အမျိုးသားညီညွတ်ရေးအစိုးရကို တရားမဝင်ဟု ကြေညာခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရကလည်း စစ်ကောင်စီကို အကြမ်းဖက်အာဏာသိမ်း စစ်တပ်ဟု ကြေညာထားသည်။

စစ်ကောင်စီ အာဏာသိမ်းပြီးနောက် TNLA ၏ နောက်ထပ် မဟာမိတ်ဖွဲ့စည်းမှု တစ်ခု ပြုလုပ်ခဲ့၏။ ၎င်းမှာ တအာင်းနိုင်ငံရေးပါတီ၊ ရွေးကောက်ခံ ကိုယ်စားလှယ်၊ အရပ်ဖက်အဖွဲ့အစည်းများနှင့်အတူ တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC - Ta'ang Political Consultative Committee) ဖွဲ့စည်းခဲ့သည်။

TPCC သည် NUCC-National Unity Consultative Council အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ နိုင်ငံရေးဆွေးနွေးပွဲများ၊ ဖက်ဒရယ်ပဋိညာဉ် သဘောတူညီ

ချက်များ ရေးဆွဲရာတွင် ပါဝင်လျက် ရှိသကဲ့သို့ NUG-National Unity Government အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ-CRPH တွင်လည်း TPCC မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ TPCC တွင် PSLF/TNLA မှ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး တားပန်လမှ ပါဝင်ဆောင်ရွက်ကာ တအာင်းနိုင်ငံရေး တိုးတက်အောင် မြင်ရန်အတွက် NUG, CRPH တို့နှင့် ဆက်စပ်လှုပ်ရှားလျက် ရှိသည်။

တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC) က ဦးဆောင်ပြီး တအာင်းဒေသ နမ့်ဆန်မြို့နယ်ထဲတွင် ၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်နှင့် ၁၂ ရက်၌ ကျင်းပခဲ့သည့် တအာင်းလူထုနှီးနှောဖလှယ်ပွဲတွင် တအာင်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ အဆိုပါ နှီးနှောဖလှယ်ပွဲကို တအာင်းအရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) အစုအဖွဲ့တို့မှ လူဦးရေ (၁၅၀)ကျော် တက်ရောက်ခဲ့ကြသည်။

နှီးနှောဖလှယ်ပွဲတွင် အတည်ပြုထားသည့် တအာင်းပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၂) ခန်းပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်ပြီး တက်ရောက်သည့် ကိုယ်စားလှယ်များကြား အပြန်အလှန် ဆွေးနွေးကြကာ ပြင်ဆင်ဖြည့်စွက်မှုများ လုပ်ဆောင်ခဲ့သည်။

အမျိုးသားအလံ၊ အမျိုးသားသီချင်းနဲ့ အမှတ်တံဆိပ်တွေအပါအဝင် တမျိုးသားလုံးနှင့် သက်ဆိုင်တဲ့ကိစ္စတချို့အား တအာင်းအမျိုးသားညီလာခံ ကျင်းပမှသာ အတည်ပြုသွားရန် ဆုံးဖြတ်ခဲ့သည်။

တအာင်းပြည်နယ်ဖွဲ့စည်းပုံပထမမူကြမ်းကိုမူ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) ၏ ဗဟိုကော်မတီ ၆ လပတ် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး

စစ်အာဏာသိမ်းပြီး ၂၀၂၁ ခုနှစ် မေလတွင် တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC) က ဒုတိယမူကြမ်းကို ဆက်လက်မွမ်းမံအတည်ပြုခဲ့ခြင်း ဖြစ်သည်။




TPCCက ဦးဆောင်ပြီး တအာင်းဖွဲ့စည်းပုံဒုတိယမူကြမ်းရေးဆွဲနေစဉ်

## ၇.၂။ ၂၀၂၁ ခုနှစ်နောက်ပိုင်း PSLF/ TNLA ဖွဲ့စည်းမှုနှင့် လှုပ်ရှားမှုများ

လက်ရှိအချိန်တွင် PSLF ခေါင်းဆောင်မှုအား အောက်ပါအတိုင်း ဖွဲ့စည်းထား၏။

ဥက္ကဋ္ဌ - ဗိုလ်ချုပ်ကြီး တားအိုက်ဘုန်း

ဒုဥက္ကဋ္ဌ (၁) - ဒုတိယ ဗိုလ်ချုပ်ကြီး တားဂျုတ်ဂျား

ဒုဥက္ကဋ္ဌ (၂) - ဗိုလ်ချုပ် တားခူလန်း

အထွေထွေအတွင်းရေးမှူး - ဗိုလ်ချုပ် တားဘုန်းကျော်

စစ်ဦးစီးချုပ် - ဗိုလ်ချုပ် တားဟိုပလန်

တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) - ဗိုလ်မှူးချုပ် တားအိုမ်တမာဝ်း

အထွေထွေအုပ်ချုပ်ရေးမှူး - ဗိုလ်မှူးချုပ် တားဂူးဂျား

ပြန်ကြားရေးဌာနမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ- ဗိုလ်ယေဦး

ဗဟိုအလုပ်မှုဆောင် ကော်မတီဝင်- (၁၁) ဦး

ဗဟိုကော်မတီဝင် - ၂၇ ဦး (အမျိုးသမီး ၂ ဦးပါဝင်)

အရံဗဟိုကော်မတီဝင် - ၉ ဦး (အမျိုးသမီး ၄ ဦးပါဝင်)

တို့ဖြင့် ဖွဲ့စည်းထားပြီး ဗဟိုဌာနချုပ်ရုံးနှင့် အောက်ပါအတိုင်း ဌာန (၁၃) ခု ဖွဲ့စည်းထား ရှိသည်။




ဒုဥက္ကဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး တားဂျုတ်ဂျား




ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တားအိုက်ဘုန်း

## ဗဟိုဌာနချုပ်ရုံး

၁။ PSLF/TNLA လုပ်ငန်းဌာနအားလုံး လည်ပတ်နိုင်ရန် ဦးစီးကွပ်ကဲခြင်း။

၂။ ဗဟိုဌာနချုပ်ရုံး၏ ဦး၊ ရေး၊ ထောက် လုပ်ငန်းများအား ဦးစီးကြပ်မတ်ကွပ်ကဲခြင်း။

၃။ တအာင်းရိုးသုံးစာပေဌာန - တအာင်းဒေသတွင်း တအာင်းရိုးသုံးစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၄။ ပြည်သူ့ဆက်ဆံရေးစင်တာ - ဒေသလူထုနှင့် PSLF/TNLA ကြား ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ခြင်း၊ လူထုအသံ နားထောင်ခြင်း။

၅။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ - ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကြီးကြပ်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်လာရန် ဆောင်ရွက်ခြင်း။

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးအဖွဲ့ - ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ဖွံ့ဖြိုးရန် စီမံဆောင်ရွက်ခြင်း။

၇။ သာသနာရေး ဌာနခွဲ

၈။ နိုင်ငံရေး သိပ္ပံကျောင်း

၉။ ခေါင်းဆောင်မှု သင်တန်းကျောင်း

ထို့အပြင် PSLF/TNLA ဗဟိုဌာနချုပ်အောက်တွင် အောက်ပါအတိုင်း ဌာန (၁၃) ခု ဖွဲ့စည်းထားရှိပြီး တပ်ဖွဲ့ဝင်များမှ ၎င်းဌာနများတွင် တာဝန်အသီးသီး ထမ်းဆောင်ကြသည်။ ထိုဗဟိုဌာနအောက်ရှိ ဌာနများနှင့် ၎င်းဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် တပ်ဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

## ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)၏ ဌာနကြီး (၁၃)ခု

### ၁။ စစ်ဦးစီးဌာနချုပ်/ကာကွယ်ရေးဌာန

**အကြီးအကဲများ**

စစ်ဦးစီးချုပ် - ဗိုလ်မှူးချုပ် တားဟိုပလန်

ဒုတိယစစ်ဦးစီးချုပ် - ဗိုလ်မှူးကြီး တားနာည်အေး

ဒုတိယစစ်ဦးစီးချုပ် (၁) - ဗိုလ်မှူးကြီး တားခွန်ဆာ

ဒုတိယစစ်ဦးစီးချုပ် (၂) - ဗိုလ်မှူးကြီး တားနောရှုပ

## ဖွဲ့စည်းပုံ

၁။ စစ်ဦးစီးရုံး - ဦး/ရေး/ထောက်လုပ်ငန်းများ

၂။ သတင်းနှင့် ဆက်သွယ်ရေးတပ်ဖွဲ့

၃။ တပ်မဟာ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇) နှင့် လက်အောက်ခံ တပ်ရင်းများ

၄။ ဌာနချုပ် လုံခြုံရေးဗျူဟာ လက်အောက်ခံတပ်ရင်း ၁၃၄/၂၄၅/၃၅၇

၅။ ကွန်မန်ဒို အထူးတပ်ဖွဲ့

၆။ လက်နက်ကြီးတပ်ဖွဲ့

၇။ ပြည်သူ့စစ် တပ်မဟာ

၈။ ဒေသကာကွယ်ရေးတပ်ဖွဲ့များ

၉။ အမျိုးသမီးတပ်ရင်း

၁၀။ စစ်ဥပဒေရုံး

၁၁။ လေ့ကျင့်ရေး သင်တန်းကျောင်း

၁၂။ အရာရှိ သင်တန်းကျောင်း

စစ်ဦးစီးဌာနချုပ်အောက်တွင် ဒေသအလိုက် တပ်မဟာ တစ်ခုလျှင် တပ်ရင်း (၅) ရင်းစီပါသော တပ်မဟာ (၆) ခု ဖွဲ့စည်း၍ ဖြန့်ခွဲထားရှိပြီး တပ်မဟာ (၇) လှုပ်ရှားတပ်မဟာ (၁) ခု ကိုပါ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိ၏။

တပ်ရင်းတစ်ရင်းလျှင် အင်အား (၁၀၀)မှ (၁၅၀) ကြား ဖွဲ့စည်းထားသည်။

၁။ တပ်မဟာ (၁)

လက်အောက်ခံတပ်ရင်း ၁၀၁/ ၁၁၂/ ၄၇၈/ ၅၇၁/ ၈၇၆

လှုပ်ရှားနယ်မြေ- မူဆယ်၊ နမ့်ခမ်း၊ မိုင်းဝီးဒေသ

၂။ တပ်မဟာ (၂)

လက်အောက်ခံတပ်ရင်း ၂၅၆/ ၄၃၄/ ၉၈၇/ ၆၆၆/ ၇၁၇

လှုပ်ရှားနယ်မြေ- နမ့်ဆန်၊ မိုင်းငေါ့၊ သီပေါ၊ ကျောက်မဲ၊ မိုးကုတ်၊ နောင်ချိုဒေသ

၃။ တပ်မဟာ (၃)

လက်အောက်ခံတပ်ရင်း ၉၉၉/ ၇၆၅/ ၇၇၃/ ၃၆၇/ ၆၈၃

လှုပ်ရှားနယ်မြေ- မန်တုံ၊ မိုးမိတ်ဒေသ

၄။ တပ်မဟာ (၄)

လက်အောက်ခံတပ်ရင်း ၉၁၉/ ၁၈၉/ ၂၃၆/ ၅၆၈/ ၅၉၃

လှုပ်ရှားနယ်မြေ- နမ္မတူ-လားရှိုး၊ နမ္မတူ-သီပေါဒေသ

၅။ တပ်မဟာ (၅)

လက်အောက်ခံတပ်ရင်း ၂၂၃/ ၃၃၅/ ၄၄၇/ ၈၁၈/ ၇၇၇

လှုပ်ရှားနယ်မြေ- ကြူကုတ်၊ ကွတ်ခိုင်၊ သိန္နီ၊ တာမိုးညဲဒေသ

၆။ တပ်မဟာ (၆)

လက်အောက်ခံတပ်ရင်း ၃၃၃/ ၅၇၇/ ၅၉၅/ ၆၆၁/ ၈၈၅

လှုပ်ရှားနယ်မြေ- လားရှိုး၊ တန့်ယန်း၊ မိုင်းယော်ဒေသ

၇။ တပ်မဟာ (၇)

လက်အောက်ခံတပ်ရင်း ၁၅၉/ ၂၆၈/ ၃၈၇/ ၄၉၅/ ၅၆၇

လှုပ်ရှားနယ်မြေ- လှုပ်ရှားတပ်မဟာ

သို့ဖြစ်ရာ လက်ရှိအချိန်တွင် TNLA တပ်ဖွဲ့တွင် တပ်မဟာ (၇) ခု၊ ဗျူဟာတစ်ခုနှင့် လက်အောက်ခံတပ်ရင်း (၃၈) ရင်း၊ ကွန်မန်ဒိုတပ်ဖွဲ့၊ လက်နက်ကြီးတပ်ဖွဲ့၊ အမျိုးသမီး တပ်ရင်း၊ ပြည်သူ့စစ်တပ်မဟာတို့ ဖွဲ့စည်းထားနိုင်ပြီး ရှမ်းပြည်မြောက်ပိုင်းတွင် ကျယ်ပြန့် သော နယ်မြေအား ထိန်းချုပ်လှုပ်ရှားနိုင်ခဲ့နေပြီ ဖြစ်သည်။

**၂။ အထွေထွေအုပ်ချုပ်ရေးဌာန**

ဌာနမှူး - ဗိုလ်မှူးချုပ် တားဂူးဂျား

ဒုဌာနမှူး - ဒုဗိုလ်မှူးကြီး တားအိုက်ကျော်

**ဗဟိုအထွေထွေအုပ်ချုပ်ရေးဌာနအောက်ရှိ ဌာနခွဲလုပ်ငန်းများ**

(က) ဦး/ရေး/ထောက်ရုံး

- ဗဟို/ခရိုင်/မြို့နယ်/တိုက်နယ်/ကျေးရွာ အုပ်ချုပ်ရေးရုံးများ ပုံမှန်လည်ပတ်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်း။

(ခ) တရားဥပဒေ စိုးမိုးရေးတပ်ဖွဲ့

- တအာင်းဒေသတွင်း ရဲလုပ်ငန်းများ ဆောင်ရွက်ခြင်း။

- မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအား အရေးယူခြင်း။

(ဂ) ပြန်လည်ထူထောင်ရေးဂေဟာ

- မူးယစ်ဆေးစွဲသူများအား ဘဝပြန်လည်ထူထောင်ပေးခြင်း။

(ဃ) အကျဉ်းဦးစီးဌာန

- ပြစ်ဒဏ်၊ ထောင်ဒဏ်ကျသူများအား ထိန်းသိမ်းခြင်း။

(င) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့

- ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြီးကြပ်ကူညီဆောင်ရွက်ပေးခြင်း။

(စ) ကူညီကယ်ဆယ်ရေးအဖွဲ့

- လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ၊ စစ်ဘေးသင့်သူများ ကူညီခြင်း။

(ဆ) အုပ်ချုပ်ရေးအရာရှိ သင်တန်းကျောင်း။

(ဇ) အုပ်ချုပ်ရေးစွမ်းရည် မြှင့်မံသင်တန်းကျောင်း။

PSLF/TNLA ဗဟို အထွေထွေ အုပ်ချုပ်ရေးဌာနအောက်ရှိ အုပ်ချုပ်ရေး နယ်မြေများမှာ အောက်ပါအတိုင်း ခရိုင်နယ်မြေ ၅ ခု ခွဲခြားသတ်မှတ်ထားသည်။

| | |
|---|---|
| (က) နမ့်ဆန်ခရိုင် | - နမ့်ဆန်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ မိုင်းငေါ့မြို့နယ်၊ ကျောက်မဲမြို့နယ်။ |
| (ခ) ရွှေလီခရိုင် | - မန်တုံမြို့နယ်၊ မိုင်းဝီးမြို့နယ်၊ နမ္မတူမြို့နယ်၊ မိုင်းဘော်မြို့နယ်။ |
| (ဂ)မန်အောင်ခရိုင် | - နမ့်ခမ်းမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ဖတ်ကာမြို့နယ်။ |
| (ဃ) သံလွင်ခရိုင် | - ကွတ်ခိုင်မြို့နယ်၊ မုံးစီးမြို့နယ်၊ မုန်းပောင်မြို့နယ်။ |
| (င) လားရှိုးခရိုင် | - လားရှိုးမြို့နယ်၊ မိုင်းယော်မြို့နယ်၊ ကာမိန်းမြို့နယ်၊ ဝန်းကောင်းမှုုးမြို့နယ်။ |

အုပ်ချုပ်ရေးနယ်မြေအဖြစ် စုစုပေါင်း ခရိုင် (၅) ခု နှင့် မြို့နယ် (၁၈) ခု ဖြင့် ဖွဲ့စည်းထားၵ၏။

## ၃။ ကျန်းမာရေးဌာန

ဌာနမှူး - ဗိုလ်ကြီး အဟာ

ဒုဌာနမှူး - ဗိုလ်ကြီး နော့ညို

ကျန်းမာရေး ဌာနအောက်တွင် အောက်ပါလုပ်ငန်းဌာနခွဲများကို ဖွဲ့စည်းထားသည်။

(က) စစ်သည်တော်များ ကျန်းမာရေး စောင့်ရှောက်ရေးဌာနခွဲ

(ခ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဌာနခွဲ (ခရိုင်ဒေသ ဆေးခန်းများ)

(ဂ) ဆေးရုံ- စစ်ဆေးရုံ၊ ပြည်သူ့ဆေးရုံ

(ဃ) ကျန်းမာရေး မွမ်းမံမှု သင်တန်းများ

(င) အခြေခံ ကျန်းမာရေး သင်တန်းကျောင်း

(စ) လူထုအခြေပြု ကျန်းမာရေးသင်တန်းကျောင်း

## ၄။ မဟာမိတ် ဆက်ဆံရေးနှင့် နိုင်ငံခြားရေးဌာန

ဌာနမှူး - ဗိုလ်မှူးကြီး တားမိုးဟိန်း

မဟာမိတ် ဆက်ဆံရေး၊ တပ်ပေါင်းစု ဖွဲ့စည်းရေး စသည့်လုပ်ငန်းများကို အဓိက တာဝန်ယူ ဆောင်ရွက်သည်။ ဤဌာန၏ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ အပိုင်းများတွင် ထည့်သွင်းဖော်ပြထားပါသည်။

## ၅။ အကောက်ခွန်ဌာန

ဌာနမှူး - ဗိုလ်မှူးချုပ် တားလိုမ်စော်မျ

## ၆။ သတင်းနှင့်ပြန်ကြားရေးဌာန

ဌာနမှူး - ဗိုလ် ယေဦး

ဌာနလက်အောက်ခံ လုပ်ငန်းခွဲများမှာ

(က) သတင်းတပ်ဖွဲ့

- တအာင်းဒေသမှ ထူးခြားသည့်သတင်းများ ရယူခြင်း။
- လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းမှတ်တမ်းပြုစုခြင်း။
- လူထုအား သတင်းချပြ အစီရင်ခံခြင်း။

(ခ) တအာင်း တီဗီ

(ဂ) တအာင်း FM ရေဒီယို အသံလွှင့်အစီအစဉ်

(ဃ) စည်းရုံးရေး ရုပ်သံလုပ်ငန်းအဖွဲ့

- စည်းရုံးရေး တေးသီချင်း ထုတ်လုပ်မှတ်တမ်းတင်ခြင်း။
- တအာင်းရိုးရာပွဲတော်နှင့် ဓလေ့ထုံးတမ်းများ မှတ်တမ်းတင်ခြင်း။

(င) စည်းရုံရေးစာစဉ် ထုတ်လုပ်ရေးအဖွဲ့

- လစဉ်စာစောင်၊ မဂ္ဂဇင်းများ၊ စာအုပ်များ ထုတ်ဝေခြင်း။
- ဒေသသုံးပြက္ခဒိန်များ ထုတ်ဝေခြင်း။

**၇။ ဘဏ္ဍာရေးဌာန**

ဌာနမှူး - ဗိုလ်မှူး ဆိုင်နေ

ဘဏ္ဍာရေးဌာန၏ တာဝန်မှာ PSLF ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အတည်ပြုထားသော ဘတ်ဂျက် တောင်းခံလွှာအား ငွေထုတ်ပေးခြင်း၊ အသုံးပြုငွေစာရင်းများ စစ်ဆေးခြင်း၊ ငွေဝင်ငွေထွက်မှတ်တမ်း တင်ပြခြင်း၊ PSLF/TNLA အတွင်း ဘတ်ဂျက်အသုံးပြုမှုများအား သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း တို့ဖြစ်သည်။

**၈။ စားနပ်ရိက္ခာ ထောက်ပံ့ရေးဌာန**

ဒုဌာနမှူး -ဗိုလ်မှူးတားရူကော

**၉။ ပညာရေးဌာန**

ဌာနမှူး - ဗိုလ်မှူး တားဆိုဂျား

ပညာရေးဌာနအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဌာနနှင့်အတူ အရပ်ဖက်အဖွဲ့အစည်းများ၏ ပညာရေးလုပ်ငန်းများကို ကူညီပေးသည်။ ဒေသအတွင်း ပညာရေး စာသင်ကျောင်းများ ဖွင့်လှစ်လည်ပတ်နိုင်အောင် ကြပ်မတ်စီစဉ်ပေးသည်။

တအာင်းဒေသတွင် အရပ်ဖက်အဖွဲ့အစည်းက ဖွင့်လှစ်ထားသော တအာင်းစာသင်ကျောင်း (၆၀၀) ကျော် ရှိသည်။ တအာင်းဒေသအပြင်ဖက်ရှိ တအာင်းရပ်ရွာတွင်လည်း ကလေးများ ပညာနို့ရည် မငတ်စေရန် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရှိသည်။

## ၁၀။ တရားစီရင်ရေးဌာန

ဌာနမှူး - ဗိုလ်မှူး တားအိုမ်ယိုရ်

ဌာနမှူးအောက်တွင် ဒုဌာနမှူး၊ အတွင်းရေးမှူးနှင့် ရုံးအုပ်နှင့် ရုံးအဖွဲ့ ခန့်အပ်တာဝန်ပေးထားသည်။ တရားရုံးဖွဲ့စည်းပုံအရ ဗဟိုတရားသူကြီးနှင့် ခရိုင်တရားသူကြီး ၃ ဦး ခန့်အပ်ထား၏။ တအာင်းဒေသတွင် PSLF/TNLA မပေါ်ပေါက်မီက ကျေးရွာသူကြီး ဝါဥက္ကဋ္ဌမှလည်းကောင်း၊ ဓလေ့ထုံးတမ်းအရသော်လည်းကောင်း ဖြေရှင်းခဲ့ကြသည်။ PSLF/TNLA တည်ထောင်ခါစ အစောပိုင်းကာလများတွင် ခရိုင်၊ မြို့နယ်မှူးများက အမှုများကို ဖြေရှင်းဆုံးဖြတ်ပေးခဲ့၏။ ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့် PSLF နှစ်ပတ်လည် ဗဟိုကော်မတီ အစည်းအဝေးတွင် တရားစီရင်ရေးဌာန ဖွဲ့စည်းရန် ဆုံးဖြတ်ဖွဲ့စည်းခဲ့သည်။

တရားရေးဌာနအောက်တွင် ဥပဒေရုံး၊ တရားရေးလုပ်ငန်းနှင့် ရုံးအဖွဲ့ ဖွဲ့စည်းခဲ့၏။ တရားစီရင်ရေးအတွက် ဗဟိုတရားသူကြီးတစ်ဦး ခန့်အပ်တာဝန်ပေးပြီး နမ့်ဆန်ခရိုင်နှင့် လားရှိုးခရိုင်အတွက် ခရိုင်တရားသူကြီးတစ်ဦး၊ မန်အောင်ခရိုင်နှင့် သံလွင်ခရိုင်အတွက် ခရိုင်တရားသူကြီးတစ်ဦး၊ ရွှေလီခရိုင်အတွက် ခရိုင်တရားသူကြီးတစ်ဦး စုစုပေါင်း ခရိုင် ၅ ခရိုင်အတွက် ခရိုင်တရားသူကြီး ၃ ဦး ခန့်အပ်တာဝန်ပေးခဲ့သည်။

PSLF တရားရေးဌာနမှ ကျင့်သုံးသည့် ဥပဒေများမှာ

၁။ ရာဇသတ်ကြီးဥပဒေ

၂။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ

၃။ သက်သေခံဥပဒေ

၄။ PSLF ဗဟိုကော်မတီမှ ပြဋ္ဌာန်းသည့် ဥပဒေ

၅။ ဓလေ့ထုံးတမ်းဥပဒေ တို့ဖြစ်သည်။

တအာင်းပြည်နယ် တရားစီရင်ရေး လုပ်ငန်းများအဖြစ် ပြစ်မှုများအား စီရင်ဆုံးဖြတ်ခြင်း၊ တရားရေးလုပ်ငန်းများအား တည့်မတ်ကြီးကြပ်ခြင်း၊ တအာင်းပြည်နယ်တွင်း ဥပဒေပညာပေးရေး ပြုလုပ်ခြင်း၊ တအာင်း ဓလေ့ထုံးတမ်းဥပဒေများ ပြုစုရေးဆွဲခြင်း တို့ဖြစ်သည်။ တအာင်းတရားစီရင်ရေးဌာနအပြင် တအာင်းဒေသတွင် တအာင်းဥပဒေ အထောက်အကူပြုအဖွဲ့မှ တအာင်းဥပဒေအကယ်ဒမီကျောင်း ဖွင့်လှစ်ထားသည်။

**၁၁။ စီးပွားရေးဌာန**

**၁၂။ မြေယာနှင့် သစ်တောဌာန**

ဌာနမှူး - ဗိုလ်ကြီး အဲမ်ချို့

မြေယာနှင့် သစ်တောဌာန၏ တာဝန်မှာ မြေဂရံများ ထုတ်ပေးခြင်း၊ သစ်တော ကြိုးဝိုင်းများ သတ်မှတ်ခြင်း၊ မြေယာနှင့်သစ်တောထိန်းသိမ်းခြင်း၊ မြေယာအငြင်းပွားမှု များအား ဖြေရှင်းပေးခြင်းဖြစ်သည်။

PSLF သည် မြေယာမူဝါဒကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ထားသကဲ့သို့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် PSLF ၏ သဘောထားအား ၂၀၁၄ ခုနှစ် တွင် အမိန့်ကြေညာစာ ၅/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့သည်။

တစ်ဖန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပသည့် PSLF/TNLA ၏ နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးတွင် သစ်တောကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းအတည်ပြုပြီး အမိန့်ကြေညာစာ ၅/၂၀၁၄ အား ဖျက်သိမ်းခဲ့သည်။ PSLF ၏ မြေယာမူဝါဒတွင် အချက် (၁၀) ချက် ပါဝင်သည်။ တအာင်းပြည်နယ်၏ ရေမြေ တောတောင်သယံဇာတများကို တအာင်းလူထုက ပိုင်ဆိုင်သည်ဟု သတ်မှတ်ပြီး တအာင်း လူထု၏ မိရိုးဖလာ ပိုင်ဆိုင်မှုများကို အသိမှတ်ပြုသည်။ တအာင်းပြည်သူများ၏ ပုဂ္ဂလိက

ပိုင်ဆိုင်မှုများကို အသိအမှတ်ပြုသည့် အခြေခံပေါ်တွင် မြေယာသစ်တော မှတ်ပုံတင် ဥပဒေနှင့် လုပ်ငန်းယန္တယားစနစ်တစ်ခု ထူထောင်ပြီး လူထုကိုကာကွယ်ပေးရန် လုပ်ဆောင်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကပိုင်မြေများ သိမ်းယူရန်ရှိပါက ထိုက်သင့်သည့် ကာလတန်ဖိုး လျော်ကြေးပေးရန်၊ မြေအစားထိုးပေးရန်၊ ဘဝပြန်လည် ထူထောင်ပေးရန် မူဝါဒ ချမှတ်ထားသည်။

### ၁၃။ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန

ဌာနမှူး - ဗိုလ်ကြီးယေကာ

ဌာန၏ လုပ်ငန်းများ

(က) ဖိနှိပ်ခံရသည့် အမျိုးသမီးများအား ကူညီရေးလုပ်ငန်းစဉ်။

(ခ) အမျိုးသမီး စွမ်းရည်မြှင့်တင်ခြင်း၊ အပတ်စဉ် အမျိုးသမီး ဆွေးနွေးပွဲများ ပြုလုပ်ပြီး အမျိုးသမီးများ ကြုံတွေ့နေရသည့် ပြဿနာများ ဖြေရှင်းပေးသည့် လုပ်ငန်းစဉ်။

(ဂ) အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်အား သင်ကြားပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။

အထက်ဖော်ပြပါအတိုင်း PSLF/TNLA ဗဟိုဌာနချုပ်တို့သည် ကော်မတီများနှင့် အခိုင်အမာ ဆောက်ရွက်သည့် ဌာန (၁၃)ခု ဖွင့်လှစ်၍ ၎င်းတို့၏ နိုင်ငံရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ TNLA သည် တော်လှန်ရေး လုပ်ငန်းစဉ်ကို ဖော်ဆောင်နေသည်နှင့်တစ်ပြိုင်နက် ဝေးကွာကွဲပြားနေသည့် တအာင်းလူမျိုးတို့ကို တစ်စုတစည်းတည်း ဖြစ်စေရန် ရည်ရွယ်ပြီး လုပ်ဆောင်နေသည်။

# PSLF/TNLA အခြေခံမူ

## ကိုယ်စားပြုမှု

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် ပလောင်တစ်မျိုးသားလုံးကို ကိုယ်စားပြုသော အမျိုးသား နိုင်ငံရေးအဖွဲ့အစည်း ဖြစ်သည်။

## နိုင်ငံရေး ယုံကြည်ချက်

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်လက်ခံပြီး ပလောင်အမျိုးသားတို့၏ လူမျိုး၊ နယ်မြေ၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ အစရှိသည်တို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးဖော်ဆောင်သွားပါမည်။

## လက်နက်ကိုင် တော်လှန်ရေး

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အောင်ပွဲခံနိုင်ရန်နှင့် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ရန်အတွက် လက်နက်ကိုင် တော်လှန်ရေးကို အခိုင်အမာယုံကြည်ပြီး တော်လှန်ရေးပန်းတိုင်မရောက်မချင်း လက်နက်ကိုင် တော်လှန်ရေးကို အဓိကဖော်ဆောင်လှုပ်ရှားသွားမည်။

## လူမျိုးအချင်းချင်း ပဋိပက္ခ ရှောင်ရှားခြင်း

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် တအာင်း ပလောင် အမျိုးသားတို့ကို ကာကွယ်ရန်မှတပါး ပလောင်အမျိုးသား အချင်းချင်းကြားတွင်ဖြစ်စေ၊ အခြားဘဝ

တူ ညီနေ့ာင်တိုင်းရင်းသား လူမျိုးများနှင့်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခ မဖြစ်စေရန် ရှောင်ရှားသည်။

## မဟာမိတ်ဖွဲ့မှု

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် ပလောင်တစ်မျိုးသားလုံး ဆိုင်ရာ နိုင်ငံရေး၊ စစ်ရေး ကိစ္စရပ်များတွင် ပလောင်အမျိုးသားအဆင့် ကိုယ်စားပြုမှုဖြင့် အခြားနိုင်ငံ၊ လူမျိုး၊ အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့ ဆောင်ရွက်သွားမည်။

## လူထုအခြေခံ အဖွဲ့အစည်းများ

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် ပလောင်ပြည်သူလူထုတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေကြသော လူထုအခြေပြု အဖွဲ့အစည်း များကို အားပေးကူညီသွားမည်။ တစ်မျိုးသားလုံးဆိုင်ရာ မူဝါဒရေးရာကိစ္စရပ်များ ဆက် စပ်ညှိနှိုင်းဆောင်ရွက်သွားမည်။

## ကျားမ တန်းတူရေး


ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးသည် ကျားမ တန်းတူရေးကို လက်ခံ ကျင့်သုံးသည်။ စုဖွဲ့မှုအဆင့်ဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်ဦးဆောင်နိုင်ရန် အထူးစီမံ ဆောင်ရွက်သွားမည်။

## PSLF/TNLA ဝိသေသ အမှတ်လက္ခဏာများ

## ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၏ ဝိသေသ အမှတ်တံဆိပ်များ

“ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး”၏ အဖွဲ့အစည်းအလံ အဓိပ္ပာယ်ဖွင့်ဆိုချက်

တပ်ဦး၏ အလံတော်သည် အလျား ၉ ပေ အနံ ၅ ပေရှိပြီး အစိမ်းရောင် နောက်ခံ နှစ်ခုကြားတွင် အဖြူရောင် နောက်ခံနှင့် ယင်းအဖြူရောင်နောက်ခံ အလယ်ဗဟိုတွင် အနီရောင် နေဝန်းနီဖြင့် အချိုးညီညီ ယှဉ်တွဲပေါင်းစပ်ထားပါသည်။




ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး”၏ အဖွဲ့အစည်းအလံ

အလံ၏ အနီရောင်နေဝန်းနီသည် ရဲရင့်ပြတ်သားခြင်းနှင့် တအာင်းတို့၏ အဖနေမင်းကို ပြဆိုပြီး အစိမ်းရောင် နောက်ခံနှစ်ခုသည် စိမ်းလန်းစိုပြေသည့် တအာင်း တောင်တန်းနှင့် ငြိမ်းချမ်းရေးကို ကိုယ်စားပြုသည်။

အလယ်ဗဟို နောက်ခံ အဖြူရောင်သည် တအာင်း ပလောင်လူမျိုးများ၏ ရိုးသား ဖြူစင်မှု၊ အေးချမ်းတည်ငြိမ်မှုနှင့် လွတ်လပ်မှုတို့ကို အဓိပ္ပာယ်ဆောင်သည်။ တပ်ဦး အလံ

တော်တွင် ထည့်သွင်းထားသော အနီရောင် နေဝန်းနီမှာ အလံအရွယ် အမျိုးအစားအလိုက် အဖြူရောင်နောက်ခံဗဟိုတည့်တည့်တွင် အပေါ်အောက် အစိမ်းရောင်ပေါ်တွင် လေးပုံ တပုံ အချိုးညီညီ ပေါင်းစပ်ရမည်ဖြစ်သည်။

### “ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး”၏ အမှတ်တံဆိပ်

အမှတ်တံဆိပ်သည် အချင်း 3.8 cm ရှိသည့် လုံးဝန်းသော ဦးထုပ်တံဆိပ် ဖြစ်သည်။ ရုံးတံဆိပ်သော်လည်းကောင်း၊ နံရံကပ်တံဆိပ်သော်လည်းကောင်း ဤအမှတ်တံဆိပ်ကို သာ အသုံးပြုရမည်။


လုံးဝန်းသော တံဆိပ်အနီရောင်အဝိုင်း၏ အဓိပ္ပာယ်မှာ တအာင်းပြည်နယ်ကို တအာင်းလူထုနှင့်အတူ ရဲဝံ့ပြတ်သားစွာ ကာကွယ်စောင့်ရှောက်သည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ လုံးဝန်းသော တံဆိပ်တွင် ရွှေရောင်အနားဖြင့် ကွတ်ထားသည်။ အဓိပ္ပာယ်မှာ အခြားလူမျိုးများနှင့် စည်းလုံး ညီညွတ်မှု ရှိသည်ဟူသော အဓိပ္ပာယ်ဆောင်သည်။

လုံးဝန်းသောတံဆိပ် တတိယစည်းတွင် တအာင်း(ပလောင်)တို့၏ အသက်မွေးဝမ်းကြောင်းဖြစ်သည့် ရွှေရောင်အဆင်းရှိသော လက်ဖက်ရွက်ကို အနားတစ်ဖက်ချင်းစီတွင် (၁၅) ရွက် စက်ဝိုင်းသဏ္ဍာန်၏ ၅ ပုံကို ၄ ပုံဖြင့် အနားကွတ်ထားသည်။

အောက်ခြေအလယ်ပိုင်းတွင် ပွင့်ဖတ် ၈ ချပ်ပါသော အဖြူရောင် လက်ဖက်ပွင့်ဖြင့် အခြေတည်ထားသည်။ အတွင်းပိုင်းတွင် မိုးကောင်းကင်ပြာ အောက်ခံအရောင်ပါရှိပြီး ငြိမ်းချမ်းခြင်းဟူသည့် အဓိပ္ပာယ်ဆောင်သည်။ မိုးကောင်းကင်ပြာ အောက်ခံအရောင် ပေါ်တွင် တအာင်း(ပလောင်)တို့၏ ရိုးရာဓလေ့ဖြစ်သည့် အဖ နေမင်း အမှတ်အသား ရှိသည်။

ယင်းနေမင်း အမှတ်အသားအောက် (၁) စင်တီမီတာအကွာတွင် တအာင်း (ပလောင်) တို့၏ အမျိုးသားအလံ အမှတ်အသား ရှိသည်။ အမျိုးသားအလံ အမှတ်အသား အောက်ခြေတွင် တအာင်း(ပလောင်)တို့ နေထိုင်ရာ တောင်တန်းများကို ကိုယ်စားပြုသည့် တောင်သုံးလုံး အမှတ်အသား ရှိသည်။ တောင်တန်းအောက်ခြေတွင် တအာင်း (ပလောင်) တို့ နယ်မြေအတွင်း တည်ရှိနေသည့် မြစ်ရေများကို ကိုယ်စားပြုသည်။

## လက်မောင်းတံဆိပ်



ညာလက်မောင်းတံဆိပ်

ညာလက်မောင်းတံဆိပ် အဓိပ္ပာယ်မှာ-

ညာလက်မောင်းတံဆိပ်မှာ အောက်ခံအနီရောင်ဖြစ်ပြီး ရဲစွမ်းသတ္တိ၏ အဓိပ္ပာယ်ဆောင်သည်။

အနီရောင် အောက်ခံအထက်ပိုင်းတွင် အဝါရောင် အဆင်းရှိသည့် ထောင့် ၅ ခုပါသော ကြယ်သဏ္ဌာန်ရှိသည်။ ကြယ် ၅ ထောင့်၏ အဓိပ္ပာယ်သည် အန္တရာယ်မှ ကင်းလွတ်ခြင်း၊ တအာင်းလူထုအား အစဉ်ကာကွယ်ခြင်း၊ မကောင်းဆိုးဝါး ရန်များကို တိုက်ခိုက်နှင်ထုတ် အနိုင်ယူခြင်းအဓိပ္ပာယ်ဆောင်သည်။

အနီရောင် အောက်ခံအပေါ်တွင် တအာင်း (ပလောင်)တိုင်းရင်းသားတို့၏ ရိုးရာတိုက်ခိုက် ရေးဓားနှင့် တိုက်ခိုက်ရေး လှံကို ကြက်ခြေခတ်သည့် အမှတ်အသားရှိသည်။ ဖိနှိပ်မှုကို တော်လှန်ဝံ့သည့် စိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိကို ကိုယ်စားပြုသည်။




ဘယ်လက်မောင်းတံဆိပ်

ဘယ်လက်မောင်းတံဆိပ် အဓိပ္ပာယ်မှာ-

ဘယ်လက်မောင်းတံဆိပ်မှာ အောက်ခံအနီရောင်ဖြစ်ပြီး ရဲစွမ်းသတ္တိ အဓိပ္ပာယ် ဆောင်သည်။ ဘယ်လက်မောင်းတံဆိပ် အထက်ပိုင်းတွင် တအာင်း(ပလောင်)တို့၏ အဝါရောင်အဆင်းရှိသည့် အဖနေမင်းသင်္ကေတကို ကိုယ်စားပြုသည်။ နေမင်း အမှတ်အသား

အောက်တွင် တအာင်း (ပလောင်) တို့ နေထိုင်အခြေချရာ စိမ်းစိုလန်းဆန်းသည့် တောင်ကုန်းတောင်တန်းများကို ကိုယ်စားပြုသည့် အစိမ်းရင့်ရောင် တောင်သုံးလုံး အမှတ်အသားရှိသည်။ တောင်သုံးလုံး၏ အောက်ခြေအလယ်တည့်တည့်တွင် တအာင်း (ပလောင်)တို့၏ အမိနဂါး သင်္ကေတကို ကိုယ်စားပြုသည်။ မာန်အဟုန်နှင့်နဂါး၏ အဓိပ္ပာယ်မှာ တအာင်းပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန် အမျိုးသမီးများလည်း အမျိုးသားများနှင့် တန်းတူ တာဝန်ထမ်းဆောင်ကြကြောင်းဟူသော သဘောဆောင်သည်။

**TNLA တပ်သား စုဆောင်းရေး ထူးခြားချက်**

ရှမ်း၊ ကချင်၊ ကိုးကန့် တိုင်းရင်းသား အဖွဲ့အစည်းတို့သည် တအာင်းလူမျိုးများအပါအဝင် ဒေသခံ တိုင်းရင်းသား လူမျိုးအားလုံးအား တပ်သား စုဆောင်းခြင်းပြုလုပ်သော်လည်း TNLA သည် တအာင်းလူမျိုးများမှလွဲ၍ အခြားဒေသခံ လူမျိုးများကို တပ်သား မစုဆောင်းပါ။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလူမျိုးများ TNLA အတွင်းသို့ ပါဝင်လိုပါက ထောက်ခံသူ သုံးဦးမှ ငါးဦးကြား ထောက်ခံမှုဖြင့် ပါဝင်လျှောက်ထားနိုင်သည်ဟုသာ လမ်းဖွင့်ထားသည်။

အခြားတိုင်းရင်းသား အဖွဲ့အစည်းများသည် တအာင်းလူမျိုးကိုပါ တပ်သား စုဆောင်းကြသည်ဖြစ်ရာ အချို့တာဝန်မထမ်းဆောင်လိုသည့် တအာင်းလူမျိုးများနှင့် ပတ်သက်၍ TNLA အနေဖြင့် အခြား တိုင်းရင်းသား အဖွဲ့အစည်းများနှင့် မဟာမိတ်ပြုမှု မထိခိုက်စေသည့် မူဝါဒအောက်တွင် ခက်ခဲစွာ ကူညီဖြေရှင်းပေးလေ့ရှိပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်က အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်အစိုးရ၏ ကြားဝင်ပေးမှုကြောင့် ဦးခင်ဇော်ဦး၊ ဗိုလ်ရာပြည့် ခေါင်းဆောင်သော စကစ ကိုယ်စားလှယ်အဖွဲ့နှင့် UWSA/NDAA/SSPP/AA/MNDAA/TNLA မြောက်ပိုင်း ၆ ဖွဲ့၏ ကိုယ်စားလှယ်များ မိုင်းလားတွင် တွေ့ဆုံခဲ့သော်လည်း မည်သည့်သဘောတူညီချက်မှ မရရှိပါ။

၂၀၂၂ ဧပြီ ၂၂ ရက် စစ်ကောင်စီ ဥက္ကဋ္ဌ၏ တွေ့ဆုံဆွေးနွေးရေး ဖိတ်ခေါ်ချက်အား KNU/KNPP/CNF/ABSDF/KIA/AA/MNDAA အဖွဲ့တို့နှင့်အတူ TNLA လည်း လက်ခံ၍ သွားရောက် တွေ့ဆုံဆွေးနွေးခြင်းမရှိပါ။ လက်ရှိ စကစသည် ၂၀၀၈ အခြေခံဥပဒေအား ဆုပ်ကိုင်ထားပြီး တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းရေး၊ ဆက်လက် လက်နက်ကိုင်လိုသူများ မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်သို့ ဝင်ရေးဆိုသည့်မူကို ဆက်လက် ဆုပ်ကိုင်ထားသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးများ၏ ဖက်ဒရယ်အရေးနှင့် ပတ်သက်၍လည်း ကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ပြဿနာ ဖြေရှင်းရေးသည်လည်းကောင်း စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးအဖြေရှာရန် ဖြစ်နိုင်ချေ မရှိသလောက်ဟု ဆိုရပေမည်။

## ၇.၃။ သက်တမ်း (၆၀) နှစ်ပြည့်လာပြီဖြစ်သည့် တအာင်းတော်လှန်ရေးခရီး

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် တအာင်းတော်လှန်ရေး နှစ်(၆၀) ပြည့်ပြီ ဖြစ်သည်။ အကွေ့အကောက် အတက်အကျ အနိမ့်အမြင့်များစွာ ဖြတ်သန်းခဲ့ရသည့် တအာင်းတော်လှန်ရေးအနေနှင့် နှစ် (၆၀) ပြည့် ကာလတွင် ရှိနေသည့် အောင်မြင်မှုများ သည် ဝံ့ကြွားဖွယ်ကာလဖြစ်သည်ဟု ဆိုရမည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် စတင်လိုက်သည့် ၁၀၂၇ စစ်ဆင်ရေး သည် ယခင်ကနှင့်မတူတော့ဘဲ ကြီးမားသည့်ပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့သည်။ ညီနောင်မဟာမိတ် ၃ ဖွဲ့ဟု အများက သိထားကြသည့် တအာင်းတပ်မတော်- PSLF/TNLA၊ ကိုးကန့်တပ်မတော်- MNTJP/MNDAA၊ ရက္ခိုင့်တပ်တော်- ULA/AA နှင့် ပူးပေါင်းတပ်ဖွဲ့များ က ဆင်နွှဲခဲ့သည့် ၁၀၂၇ စစ်ဆင်ရေးသည် အောင်မြင်မှု ကြီးကြီးမားမား ရခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်းရှိ ချင်းရွှေဟော်၊ လောက်ကိုင်၊ ကုန်းကြမ်း၊ ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံ၊ သိန်းနီ၊ ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးကိုး၊ ကြူကုတ်ပန်ဆိုင်း၊ နမ့်ခမ်း၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ မိုင်းငေါ့၊ မိုင်းလုံ စသည့် မြို့ ၁၇ မြို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး လက်ရှိတွင်

သက်ဆိုင်ရာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့က အုပ်ချုပ်ရေးယန္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် မြို့ (၁၇) မြို့ထဲမှ မန်တုံ၊ နမ့်ဆန်၊ နမ္မတူ၊ မိုင်းငေါ့၊ မိုင်းလုံ၊ ကွတ်ခိုင်နှင့် နမ့်ခမ်း စသည့် မြို့ (၇) မြို့အား တအာင်းတပ်မတော်က တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ကျန်သည့်မြို့များကို တိုက်ခိုက်ရာတွင်လည်း စစ်ရေးအရပါဝင်ခဲ့ကြသည်။

အဆိုပါ မြို့ (၇) မြို့ကို တိုက်ခိုက်သိမ်းပိုက်ရာတွင်လည်း ကာလအားဖြင့် ၁ ရက်မှ ၈ ရက်သာ ကြာမြင့်ခဲ့သည်။ ထို ၇ မြို့ထဲမှ နမ့်ခမ်းမြို့တစ်မြို့သာ ၁ လနှင့် ၁ ရက်ကြာ တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။ လက်ရှိတွင် နမ့်ခမ်းမြို့နယ်အတွင်း ရွှေလီရေကာတာအား စောင့်ကြပ်နေသည့် မန်တပ်ကျေးရွာရှိ စစ်တပ်စခန်းတစ်ခုသာ ကျန်ရှိတော့သည်။ သိမ်းပိုက်ထားသည့် မြို့ (၇) မြို့အပြင် မန္တလေးတိုင်း မိုးကုတ်နှင့် ရှမ်းပြည်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ မိုးမိတ်မြို့နယ်ရှိ စစ်စခန်း၊ ပြည်သူ့စစ်စခန်းပေါင်း (၈၀) ကို TNLA က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တအာင်း တပ်မတော် အနေဖြင့် ၁၂ နှစ်ကြာ အာဏာရှင် မြန်မာစစ်တပ်အား တိုက်ခိုက်ခဲ့သည့် ကာလအတွင်း ၁၀၂၇ စစ်ဆင်ရေးသည် သိသာထင်ရှားသည့် အောင်မြင်မှုဟု ဆိုရပေမည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ အာဏာသိမ်းခဲ့သည့် စစ်တပ်အား ဒေသအသီးသီးမှ ပြည်သူ့တော်လှန်ရေးများက နေရာအနှံ့ ဆန့်ကျင်တိုက်ခိုက်သည့်အပြင် ကရင်နီ၊ ကရင်၊ ချင်း၊ မွန်ပြည်နယ်နှင့် တိုင်းဒေသတို့တွင်လည်း ခုခံတော်လှန်စစ် ပေါ်ပေါက်လာသောကြောင့် အာဏာသိမ်းစစ်တပ်၏ အင်အားမှာ ချိနဲ့လာသည်။ ထို့ကြောင့် ၎င်းတို့၏ စခန်းများကို ရက်ပိုင်းအတွင်း လက်လွှတ်ခဲ့ရသည်။

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ၂၀၂၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် နောက်ဆုံး ထုတ်ပြန်ခဲ့သည့်စာရင်းအရ လက်ရှိ တအာင်းတပ်မတော်က သိမ်းပိုက်ထားသည့် မြို့ ၇ မြို့တွင် နေထိုင်သည့် တိုင်းရင်းသားတွေထဲ တအာင်းလူမျိုး ၂ သိန်းခန့် (၁၉၄,၇၃၃ ဦး)၊ ရှမ်းလူမျိုး ၈ သောင်းကျော် (၈၃,၇၃၈ ဦး)၊ ကချင် ၆ သောင်းကျော် (၆၀,၂၁၆ ဦး)၊ လီဆူ ၂ သောင်းခွဲကျော် (၂၅,၁၇၁ ဦး) ရှိသည်။

သိမ်းပိုက်ထားသည့် ဒေသတွင်းမှာ လူမျိုးမတူ ဘာသာမတူဘဲ စုံလင်ကွဲပြားမှု ရှိနေသောကြောင့် တအာင်းတပ်မတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တခြားသော အရေးကိစ္စများတွင် အခြားသော တိုင်းရင်းသားများကို တန်းတူ အခွင့်အရေးရရှိအောင် လုပ်ဆောင်ပေးနိုင်ရေးသည် အရေးကြီးသည့်အချက် ဖြစ်သည်။

တအာင်းလူမျိုးသည် မြန်မာနိုင်ငံတွင် အစောဆုံးအခြေချနေထိုင်ခဲ့သည့် လူမျိုး များထဲက တစ်ခုဖြစ်သည်။ သို့သော် လက်ရှိအချိန်အထိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် မရရှိသေးပေ။ တအာင်းအမျိုးသားလူထုတို့သည် အမျိုးသား လူထုတစ်ရပ်လုံး၏ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်အတွက် တော်လှန်ရေးကို တိုက်ပွဲဝင်ခဲ့ ရသည်မှာ နှစ်ပေါင်း ၆၀ ကျော် တိုင်ခဲ့ပြီ ဖြစ်သည်။ ၁၉၄၈ ခုနှစ် ကိုလိုနီနယ်ချဲ့ အင်္ဂလိပ် လက်အောက်မှ လွတ်လပ်ရေးယူချိန်တွင် တအာင်းလူထုသည် ရှမ်းအမျိုးသားလူထုထဲ တွင် ပေါင်းစည်းနေထိုင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာများ အတူတူကြိုးပမ်းခဲ့ကြ သည်။ ထိုနောက်ပိုင်းတွင် တအာင်းလူထု၏ အမျိုးသားဝိဉာဉ် ပိုမိုခိုင်မာလာပြီး တအာင်း အမျိုးသားလူထုအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာများကို သီးခြားရပ်တည် ကြိုး ပမ်းတည်ဆောက်လာခဲ့သည်။ တအာင်းအမျိုးသား တော်လှန်ရေးသမိုင်းသည် နိမ့်တခါ မြင့်တလှည့်နှင့် ဒုက္ခ၊ သုခပေါင်းများစွာကို ကျော်ဖြတ်နိုင်ခဲ့သည်။ နွေဦး တော်လှန်ရေး ကာလတွင်လည်း တအာင်းအမျိုးသားလူထုတို့သည် တသားတည်းရပ်တည်ခဲ့ပြီး တပြိုင် နက်ထဲတွင် တအာင်းအမျိုးသားလူထု၏ အိပ်မက်သည့် အိမ်အပြန်လမ်းအတွက် အားမာန်အပြည့်ဖြင့် ကြိုးပမ်းလျက်ရှိသည်။

# ဝေါဟာရဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### ၁။ Ethnic (လူမျိုးစု)

လူများစွာသည် မိမိတို့၏ အမျိုးအဆွေကို အခြေခံ၍ ထိန်းသိမ်းစောင့်ရှောက်ရန် မျှော်လင့်မှု ခံရသော ယဉ်ကျေးမှုအမှတ်သင်္ကေတများ ရှိကြသည်။ ယဉ်ကျေးမှုသည် ဥာဏအဆောက်အအုံ (Institution) များ အနက်မှ တခုဖြစ်သည်။ မွေးဖွားသည့်ကာလမှ သင်ယူရရှိကာ ကြီးပြင်းလာ ခဲ့သည့် ယဉ်ကျေးမှုတရပ်ကို အခြေခံ၍ မိမိ၏ဘဝပုံစံ၊ လူအများနှင့် ဆက်ဆံသည့်ပုံစံ စသည်တို့ကို ဖွံ့ဖြိုးပြောင်းလဲစေသည်။

### (၂) Indigenous (ဌာနေတိုင်းရင်းသား)

ဒေသတခုတွင် ကြာမြင့်စွာ နေထိုင်ခဲ့ကြပြီး ဘဝနေထိုင်မှု နှင့် ကိုးကွယ်ယုံကြည်မှုများသည် ထိုဒေသနှင့် တွယ်စပ်နေသည့် လူနည်းစုကိုမှ ဌာနေတိုင်းရင်းသား ဟု ဆိုသည်။ ဆင်တူသော သဘောရှိသည့် တိုင်းရင်းသား ဆိုသော စကားလုံးသည် ၁၉၂၀ နောက်ပိုင်း ဂျီစီဘီအေအသင်း ဝံသာနုလှုပ်ရှားမှုများမှစပြီး ပိုမိုလူသုံးများ လာသည်။ "တိုင်းရင်းသား" ဟူသည့် ဖော်ပြချက် သည် လွတ်လပ်ရေးကြေညာစာတမ်း တွင် ၂ နေရာ ပါဝင်ခဲ့သည်။ တဘက်ကလည်း တိုင်းရင်းသား လူမျိုးများဆိုသော စကားလုံး အသုံးအနှုန်းသည် ရှုပ်ထွေးမှုရှိကာ ၂၀၀၈ ဖွဲ့စည်းပုံ တွင်ပင် ရှင်းပြဖွင့်ဆိုခြင်း မပြုခဲ့ပေ။

### (၃) Nation (အမျိုးသားစု၊ အမျိုးသားလူထု)

အမျိုးသားစုများ၊ အမျိုးသားလူထုများ သည် မည်သည့်ကာလက ပေါ်ပေါက်လာသနည်း ဆိုသည့်အချက်အပေါ် အမြင်များ ကွဲပြားကြသည်။

Primordialism ခေါ် ပဝေသဏီမှ အခြေတည်ခြင်းအယူအဆအရ လူမျိုးစုများသည် လက်ရှိမြေနေရာတွင် နှစ်ပေါင်းများစွာနေခဲ့ပြီး ထိုရေမြေတို့ကို ထိုလူမျိုးစုသွေးမှ

ပေါက်ဖွားလာသူများသာ ပိုင်ဆိုင်သင့်သည်ဟု ဆိုသည်။ ယခုခေတ် ကမ္ဘာတွင်မူ ထို Primordialism အယူအဆသည် လူမှုရေးအရ၊ မနုသဗေဒအရ၊ မျိုးရိုးဗီဇဇီဝပညာနှင့်၊ သိပ္ပံ ပညာအရ ထောက်ခံမှုမရှိသလောက် နည်းသွားပြီဖြစ်သည်။

Benedict Anderson က အမျိုးသားစုသည် အာရုံပြုတည်ဆောက်ထားသော လူ့အသိုင်းအဝိုင်း၊ အသိုက်အမြုံဖြစ်သည်ဟု ဆိုသည်။

Ernest Gallner ကမူ အမျိုးသားစုများသည် မော်ဒန်ကာလပေါ်အယူအဆ လူမှုရေးရာ တည်ဆောက်မှု တခုသာ ဖြစ်သည်ဟု ဆိုသည်။

Anthony D. Smith က မူ အမျိုးသားစုသည် ရှိရင်းစွဲလူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှု ဆိုင်ရာ ဖြစ်ရပ်များမှ ထွန်းကားဖွံ့ဖြိုးလာသည့်အတွက် သဘာဝတသဘော ဖြစ်သည်ဟု ဆိုပါသည်။

### (၄) Ethnonation (လူမျိုးစုအခြေပြု အမျိုးသားစု)

လူမျိုးစုသည် မိမိတိုကိုယ်တိုင်၏ အချုပ်အခြာနှင့် ဖြစ်တည်မှုများကို သီးသန့်သိရှိပြီး အမျိုးသားစု အသိဉာဏ်အဖြင့် ဖွံ့ဖြိုးမှုအဆင့်သို ရောက်ရှိလာလျှင် Ethnational ဟု ဆိုသည်။

### (၅) Nationality (လူမျိုးခံယူမှု)

လူမျိုးတခု၊ အမျိုးသားလူထု၊ အမျိုးသားစုများတွင် စိတ်နှလုံးအားဖြင့် ချိတ်ဆက်ကြသူတို့ကို ယင်းလူမျိုး၊ သို့မဟုတ် ယင်းအမျိုးသား၊ ယင်းအမျိုးသမီး (Nationality) ဟု ခေါ်သည်။ ဥပမာ ဂျပန်လူမျိုး (Japan nationality) ၊ ရခိုင်လူမျိုး (Arakan Nationality) သဘောမျိုးဖြစ်သည်။

### (၆) လူမျိုးစုများ ဖြစ်တည်ခြင်း (Ethnogenesis)

လူမျိုးစုများ ဖြစ်တည်ခြင်း (Ethnogenesis) ဆိုသည်မှာ လူမျိုးစုအုပ်စုများ ထွက်ပေါ်လာခြင်းနှင့် ဖွံ့ဖြိုးလာခြင်းဖြစ်စဉ်ကို ဆိုလိုသည်။ ယင်းဖြစ်စဉ်သည် ရှုပ်ထွေးပြီး အချက်အလက်များစွာက သက်ရောက်နေသည်။ သဘာဝပတ်ဝန်းကျင် အခြေအနေများ၊ အုပ်စုတွင်း မျိုးဗီဇများ၊ လူမှုဖွံ့ဖြိုးရေးအဆင့်၊ ယဉ်ကျေးမှုထုံးစံများ နှင့် ပတ်လည်မှ အခြားလူမျိုးများ စသည့်အခြေအနေမျိုးစုံနှင့် အပြန်အလှန်သက်ရောက်သည်။ လူမျိုးစု တစ်ခုအဖြစ် စုဖွဲ့မှုဖြစ်လာစေရန် တွန်းအားလိုအပ်သလို ဆက်လက်ထိန်းသိမ်းသွားရန် လည်း စွမ်းအားလိုသည်။ လူမျိုးစုဖြစ်တည်ခြင်း ဟူသည် တသမတ်တည်းမဟုတ်ပေ။ လူမျိုးစု၏ အသွင်သညာသရုပ်သည်လည်း ရုတ်ချည်းပေါ်လာမည် မဟုတ်ချေ။ လူမှုရေး၊ နည်းပညာနှင့် ပထဝီဆိုင်ရာ အချက်အလက်များသာမက သမိုင်းအချက်အလက်များက လည်း လူ့အသိုက်အမြုံတို့ကို စုစည်းကာ လူမျိုးစု ဖြစ်စေရန် တွန်းအားပေးနိုင်သည်။ မည်သည့်လူထုမှ ကမ္ဘာတည်စဉ်ကတည်းက တသမတ်တည်း လူမျိုးစုဖြစ်လာခြင်း မဟုတ်ပေ။ လူမျိုးစုအဖြစ် ပေါ်ထွန်းလာမည့်လူစုလူထုကို Ethnoi ဟု ခေါ်နိုင်သည်။ ယင်းအစေးကပ်တည်မြဲနေသည့် အုပ်စုများတွင် မျှဝေထားသော ယဉ်ကျေးမှု၊ ထုံးစံ၊ ဘာသာစကား၊ သမိုင်းနှင့် သရုပ်သညာတို့ ရှိလိမ့်မည်။ မော်ဆန်ဆန် ဒဏ္ဍာရီလာ သတ္တဝါများ၊ နတ်ဘုရားများ ဆက်စပ်နေသည့် ပုံပြင်များဖြင့်လည်း ဆင်းသက်လာမှုကို ပုံဖော်ကျူးနိုင်သည်။ ကိုလိုနီပြုခြင်းကဲ့သို့သော ပြင်ပဖြစ်စဉ်များကြောင့်လည်း ဌာနေ တိုင်းရင်းသားများ ရွှေ့ပြောင်းနေထိုင်ကြပြီး ထင်ရှားသော လူမျိုးစုသစ်များအဖြစ် ပေါင်းစပ်ပေါ်ထွန်းခြင်းလည်း ရှိလေသည်။

# ရည်ညွှန်းအကိုးအကား

- ရွှေဖီမြေ၊ နှစ်(၆၀)ပြည့် တအာင်းတော်လှန်ရေး။
- မိုင်းအိုက်ကော်၊ တအာင်းလူမျိုးသမိုင်း။
- ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ထုတ်ပြန်ကြေညာချက်များ။
- တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (T.P.C.C) ၏ ထုတ်ပြန်ကြေညာချက်များ။
- ၂၀၂၃၊ ISP Myanmar ၊ စစ်ဆင်ရေး ၁၀၂၇ နှင့် ရိုက်ခတ်မှုများ။
- ၂၀၂၃၊ ISP Myanmar ၊ စစ်ဆင်ရေး ၁၀၂၇ လမ်းများအားလုံး လောက်ကိုင်သို့လား၊ နေပြည်တော်ဆီလား။
- ၂၀၂၄၊ ISP Myanmar ၊ မင်းပျိုမင်းလွင်များ စန်းထချိန် - ၂ ('တေပါးမင်း'တို့ခေတ် - တအန်း (ပလောင်)။
- မြန်မာနိုင်ငံပလောင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ၏ ထုတ်ပြန်ချက်များ။
- ၁၉၆၂၊ ဦးမင်းနိုင်၊ ဘီ၊အေ (ရှေးဟောင်းသုတေသနဌာန)၊ မယ်တို့ပလောင်၊ တိုင်းရင်းသားယဉ်ကျေးမှုစာစဉ်-၄။
- ၂၀၁၉၊ မန်းဒိုး ဘာသာပြန်၊ ပြေဗမာ- အဖြေရှာ ဖွေကာကြည့်ပါလှည့်....။ လက်နက်ကိုင်ဖက်ပြိုင်မှုများနှင့် လူမျိုးစုများဆိုင်ရာ နိုင်ငံရေး။
- ၂၀၁၇၊ ဖူးစကောလယ်တော၊ ကရင်အမျိုးသားလှုပ်ရှားမှုသမိုင်း၊ ကရင်အမျိုးသား အစည်းအရုံး (ဗဟို) စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန- သမိုင်းကော်မတီ။

- ၂၀၁၈၊ မြန်မာနိုင်ငံဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဖက်ဒရယ်ယဉ်ကျေးမှု စာစဉ် - ၁၊ အပိုင်း (၁) ၊ Pyidaungsu Institute ။

- ၂၀၁၄၊ ခွန်းမတ်ရ်ကိုဘန်၊ ပင်လုံစိတ်ဓာတ်မှသည် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆီသို့၊ တိုင်းရင်းသားလူမျိုးရေးရာ သုတေသနအဖွဲ့။

- *Imperial Gazetteer of India.*

- နဝတထုတ်၊ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ အတွဲ (၁) နှင့် (၂)။

- ခိုင်စိုးနိုင်အောင် (၂၀၀၀)၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၊ အမျိုးသား ဒီမိုကရေစီ လှုပ်ရှားမှုသမိုင်း၊

- ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ။

- ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ။

- ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ။

- BNI (၂၀၁၅)၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန် အကိုးအကား ၂၀၁၅။

- BNI (၂၀၁၉) ၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန် အကိုးအကား ၂၀၁၈- ၂၀၁၉။

- BNI (၂၀၂၂)၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန်အကိုးအကား

- https://ispmyanmarpeacedesk.com/actors/
- https://www.facebook.com/shwepheemyaynews
- History of Ta’ang



ဖက်ဒရယ်ဂျာနယ် မြန်မာမှ ထုတ်ဝေသည်။